# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ပထမဝါဆိုလဆန်း (၁၃)ရက် ၊ စနေနေ့ ၊ (27-6-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၅၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# စားရေရိက္ခာမူဝါဒကော်မရှင်အစည်းအဝေး ကျင်းပ

## စားရေရိက္ခာမူဝါဒကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား





စားရေရိက္ခာမူဝါဒကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စားရေရိက္ခာမူဝါဒကော်မရှင်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**ဆန်၊ ပဲနှင့် အခြားစားသောက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများကို ပိုမိုတိုးတက်ထုတ်လုပ်သွားနိုင်ရေး အမြဲသုတေသနပြုလေ့လာသုံးသပ်စနစ်တကျကြိုးပမ်းဆောင်ရွက်သွားရန်လို...**

နေပြည်တော် ဇွန် ၂၆

စားရေရိက္ခာမူဝါဒကော်မရှင်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတရုံးတော် အစည်းအဝေးခန်းမ၌ ကျင်းပရာ စားရေရိက္ခာမူဝါဒကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ စားရေရိက္ခာမူဝါဒကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတနှင့်အတူ အထူးဖိတ်ကြားထားသော ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ကော်မရှင်အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ စားရေရိက္ခာမူဝါဒကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက

စာမျက်နှာ ၁၆ ကော်လံ ၁

**အာဆီယံထုတ်ပြန်ချက် ငါးရပ်သည် အာဆီယံ၏အခြေခံမူများနှင့်ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏လက်ရှိပကတိနိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကလောမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း**

စာမျက်နှာ - ၂၀

## လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဝေးလံဒေသများအတွက် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို မြန်မာ့အသံမှ ထုတ်လွှင့်ကြေညာပေးမည်

နေပြည်တော် ဇွန် ၂၆

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို တစ်ပြည်လုံးအတွက် တစ်ပြိုင်တည်း တစ်ရက်တည်းဖြင့် အပြီးထုတ်ပြန်ကြေညာသွားမည်ဖြစ်ရာ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ စာစစ်ဌာနများ၏ အောင်စာရင်းများကို ဇွန် ၂၈ ရက် တနင်္ဂနွေနေ့ နံနက် ၆ နာရီတွင် မြန်မာ့အသံ(ရေဒီယို)တိုင်းရင်းသားအစီအစဉ်များမှ စတင်ထုတ်လွှင့်ကြေညာပေးသွားမည်ဖြစ်သည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ထုတ်လွှင့်ပေးမည့် စာစစ်ဌာနများမှာ **ကချင်ပြည်နယ်မှ** အထက(၁) တနိုင်း၊ အထက-ရှင်ဗွေယန်၊ အထက(၁) မိုးညှင်း၊ အထက(၂) မိုးညှင်း၊ အထက-ဟိုပင်၊ အထက(၁) မိုးကောင်း၊ အထက-နမ္မတီး၊ အထက-ပင်းဘော၊ အထက-ဖားကန့်၊ အထက-ကာမိုင်း၊ အထက(၁) ရွှေကူ၊ အထက-ပူတာအို၊ အထက-မချမ်းဘောနှင့် အထက-နောင်မွန်စာစစ်ဌာန၊ **ကရင်ပြည်နယ်မှ** အထက-ဘုရင့်နောင်တပ်၊ အထက-လိပ်သို၊ အထက-ကမမောင်းနှင့် အထက(၂) ကော့ကရိတ်စာစစ်ဌာန၊ **ချင်းပြည်နယ်မှ** အထက(၁) တီးတိန်စာစစ်ဌာန၊ **ရခိုင်ပြည်နယ်မှ** အထက- သကြေပြင်ကုန်း၊ အထက(၁) ကျောက်ဖြူ၊ အထက(မာန်အောင်)၊ အထက(ခွဲ)ဈေးတန်း၊ အထက-ဇရပ်ကုန်းခင်၊

စာမျက်နှာ ၂၂ ကော်လံ ၁

## World MSME Day အထိမ်းအမှတ် ထူးချွန် MSME စာရင်း ထုတ်ပြန်ကြေညာခြင်း

စာမျက်နှာ - ၂၇

## နန့်ကောင်းချောင်းရေ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်

နေပြည်တော် ဇွန် ၂၆

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ နန့်ကောင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ပေ၀က်ခန့်ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ မိုးကောင်းမြို့နယ်အတွင်းရှိ ချောင်းကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်နိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

ရတနာပုံ
၂၀၂၆ ခုနှစ် ဇွန် ၂၇ ရက်
အယ်ဒီတာ့အာဘော်

# MSME လုပ်ငန်းများခိုင်မာ ပြည်ရွာဖွံ့ဖြိုးသာယာ

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များသည် နိုင်ငံတစ်ခု၏ GDP တိုးတက်ရေးတွင် အဓိကပါဝင်သည်ကို တွေ့ရှိရသည်။ MSME လုပ်ငန်းများသည် နိုင်ငံ၏ စီးပွားရေးကို အားပေးမြှင့်တင်ရန်၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကိုမြှင့်တင်ရန်၊ သွင်းကုန်အစားထိုးရန်၊ တန်ဖိုးမြှင့်ပစ္စည်းများထုတ်လုပ်၍ ပြည်ပတင်ပို့ခြင်းအားဖြင့် နိုင်ငံခြားဝင်ငွေများတိုးမြှင့်ရရှိရန် ဆောင်ရွက်ပေးနိုင်သည်။ MSME လုပ်ငန်းများသည် အရင်းအနှီးနည်းနည်းဖြင့် အရေအတွက်များများဆောင်ရွက်နိုင်သဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုသည်။

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြပြီး ၅၀ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးမွေးမြူရေးနှင့် သစ်တောကဏ္ဍ၊ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းကဏ္ဍနှင့် ဆက်နွှယ်နေသည့်လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ထိုသို့ ကျေးလက်နေပြည်သူများ အဓိကဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို MSME လုပ်ငန်းများဖြင့် မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ တစ်ဦးချင်းဝင်ငွေများရရှိကာ လူမှုစီးပွားဘဝများတိုးတက်လာမည်ဖြစ်သည်။

ကမ္ဘာတစ်ဝန်း၌ အလုပ်အကိုင်ဖန်တီးခြင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်းတို့၌ အဓိကမောင်းနှင်အားဖြစ်သော MSME လုပ်ငန်းများ၏အရေးပါမှုကို အသိအမှတ်ပြုရန်အတွက် ကုလသမဂ္ဂအထွေထွေညီလာခံက ဇွန် ၂၇ ရက်ကို "ကမ္ဘာ့ MSME နေ့"အဖြစ် ၂၀၁၇ ခုနှစ်မှ စတင်သတ်မှတ်ကာ နှစ်စဉ်ကျင်းပခဲ့ကြသည်။ ယနေ့တွင် ကျရောက်သော ၁၀ ကြိမ်မြောက် ကမ္ဘာ့ MSME နေ့အခမ်းအနားသည် "The Future Generation of MSMES– အနာဂတ်မျိုးဆက်သစ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ"ဆိုသည့်အတိုင်း နည်းပညာတစ်ဟုန်ထိုးတိုးတက်လာသည့်ခေတ်တွင် ရေရှည်တည်တံ့ပြီး လူသားဗဟိုပြုသော စီးပွားရေးပုံစံသစ်သို့ ကူးပြောင်းခြင်းဖြစ်ပြီး လက်ရှိနည်းပညာနှင့် ဉာဏ်ရည်တု(AI)ခေတ်အတွင်း မျိုးဆက်သစ်စီးပွားရေးလုပ်ငန်းရှင်များ၏အခန်းကဏ္ဍကို အဓိကဦးတည်၍ ကျင်းပခြင်းဖြစ်သည်။

MSME လုပ်ငန်းများသည် ကမ္ဘာတစ်ဝန်းလုံးတွင် အလုပ်အကိုင်ကောင်းမွန်စွာ ဖန်တီးပေးနိုင်သည့် အဓိကအရင်းအမြစ်ဖြစ်ပြီး ဆင်းရဲမှုလျှော့ချရေးအတွက် အရေးပါသောအခန်းကဏ္ဍတွင်ရှိနေစေရန်၊ လူငယ်များနှင့်လုပ်ငန်းရှင်များ၏ တီထွင်ဆန်းသစ်မှုနှင့် ဖန်တီးမှုကို ဖော်ထုတ်ပေးနိုင်ရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဈေးကွက်ချဲ့ထွင်မှုကို အသေးစားလုပ်ငန်းများမှတစ်ဆင့် ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်များထိ တိုးတက်ကြီးထွားလာစေရန်၊ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ရေရှည်တည်တံ့နိုင်သော စီးပွားရေးအလေ့အကျင့်ကောင်းများနှင့်တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုမူဝါဒများကို ကမ္ဘာ့လုပ်ငန်းရှင်များအကြားပျံ့နှံ့သွားစေရန်စသည့်ရည်ရွယ်ချက်ကောင်းများဖြင့် ကမ္ဘာ့ MSME နေ့အခမ်းအနားကို ကျင်းပပြုလုပ်ပေးခြင်းဖြစ်သည်။ အဆိုပါအခမ်းအနားကို ယနေ့မှစ၍ ဇွန် ၂၈ ရက်ထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) (MICC – 1) ၌ ကျင်းပသွားမည်ဖြစ်သည်။

ယခုကျင်းပနေသည့် ကမ္ဘာ့ MSME နေ့အခမ်းအနားမှသည် MSME လုပ်ငန်းများ ပိုမိုတိုးတက်ဖွံ့ဖြိုးလာပြီး စွန့်ဦးတီထွင်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် အခွင့်အလမ်းသစ်များဖန်တီးပေးနိုင်မည်ဖြစ်သည်။ သို့ဖြစ်ပါ၍ MSME လုပ်ငန်းများ အခိုင်အမာရပ်တည်နိုင်ပြီး အောင်မြင်အောင်ဆောင်ရွက်ခြင်းအားဖြင့် ကျေးလက်ပါမကျန် နိုင်ငံတစ်နိုင်ငံလုံး၏ စီးပွားရေးမလွဲမသွေ တိုးတက်ကောင်းမွန်လာပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ပင်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

# မြင်းမူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်စပါးကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



မြင်းမူ ဇွန် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါးကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၉၅၄ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောစပါးစိုက်ခင်းများကို မေလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် တင်း ၉၀ ကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။

" ဒီနှစ် နွေသီးနှံ စိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ စပါး ၁၉၅၄ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ စပါးခင်းတွေ လက်ရှိအချိန်မှာ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ စပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာနဲ့ ပိုးမွှား ကျရောက်မှုကာကွယ်ရေး အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိစေဖို့၊ ရိတ်သိမ်းပြီး စပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိဖို့ အသိပညာပေးခဲ့ပါတယ်"ဟု မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ပုစွန်အစုံပိသာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဘိုကလေး ဇွန် ၂၆

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ပုစွန်အစုံ ပိသာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ပုစွန်အစုံပိသာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ပုစွန်အစုံပိသာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ရေထွက်ကုန်ပစ္စည်းတွေ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့မေလအတွင်း ရန်ကုန်ဈေးကွက်ကို ပုစွန်အစုံ ပိသာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချတဲ့ ပုစွန်တွေက လတ်ဆတ်မှုနဲ့ အရွယ်အစားအပေါ် မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိပါတယ်။ ပုစွန်အစုံအပါအဝင် ရေထွက်ကုန်ပစ္စည်းတွေ တင်ပို့ရောင်းချနေရလို့ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တွေ၊ ရေလုပ်သားတွေ၊ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းရှင်တွေ အလုပ်အကိုင်အဆင်ပြေပါတယ်"ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်ဘော့ချိတ်တစ်ပိသာလျှင် ငွေကျပ် ၂၂၅၀၀ မှ ၂၇၀၀၀၊ ပုစွန်ဆိတ်ကြီး တစ်ပိသာလျှင် ငွေကျပ် ၂၂၀၀၀ မှ ၂၅၅၀၀၊ ပုစွန်ဆိတ်သေးတစ်ပိသာလျှင် ငွေကျပ် ၂၁၅၀၀ မှ ၂၄၅၀၀၊ ပုစွန်ပြောင်တုပ်ကြီးတစ်ပိသာလျှင် ငွေကျပ် ၄၀၅၀၀ မှ ၅၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ဝမ်းတွင်းမြို့နယ် ကျွဲတပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဝမ်းတွင်း ဇွန် ၂၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်ပိုင်တစ်နိုင် အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ ကျွဲတပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ဇွန် ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၀ ဒသမ ၇၅ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျွဲတပ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၆ ဦးကို ရန်ပုံငွေကျပ် ၄၀ ဒသမ ၇၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

အောင်ရဲကျော်

ထုတ်ဝေခွင့်အမှတ်–၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်–၀၀၁၀၆၈၊ စာတည်းအဖွဲ့–၀၃၃–၇၂၇၈၁၊ ၀၉–၄၅၈၈၉၁၃၀၀၊ ကြော်ငြာ–၈၄ လမ်းနှင့် ၂၉–၃၀ လမ်းကြား– ၀၂–၄၀၆၆၆၅၊ ဖြန့်ချိရေး–၀၂–၄၀၃၆၄၂၂၊
E-mail–yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သာစည်မြို့နယ် မကျီးရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဇွန် ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မကျီးရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မကျီးရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၃ ဒသမ ၆၅ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့်ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ပတ်သက်၍လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မကျီးရိုးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၁၀၀ ကို ငွေကျပ် ၁၅ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၇၉ ဦးကို ငွေကျပ် ၁၂ ဒသမ ၆၄ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၁၀၀ ကို ငွေကျပ် ၁၅ ဒသမ ၆၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၇၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၃ ဒသမ ၆၅ သန်း ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ကျောက်ဆည်မြို့နယ် သမန္တလင်းကျေးရွာ၌ သဘာဝမြေဩဇာပြုလုပ်နည်းသင်တန်းဆင်း

**ကျောက်ဆည် ဇွန် ၂၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သမန္တလင်းကျေးရွာ၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ရက်(၁၀၀)စီမံချက်ဖြင့် ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သဘာဝမြေဩဇာပြုလုပ်နည်းသင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦးက ကျေးရွာများစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ မြင့်မားလာစေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်က သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းက သင်ကြားပို့ချပေးခဲ့သည့် သင်ခန်းစာများကို အကျိုးရှိစွာ အသုံးချပြီး စိုက်ပျိုးရေးလုပ်ငန်းများ လက်တွေ့လုပ်ကိုင်ရာတွင် အကျိုးရှိစွာ လုပ်ကိုင်ကြရန် မှာကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦးနှင့် တာဝန်ရှိသူများက သင်တန်း တက်ရောက်ခဲ့သည့် သင်တန်းသား၊ သင်တန်းသူများထံ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



**အရာတော် ဇွန် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း အရာတော်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူ ၁၅၆၈၃ ဧက စိုက်ပျိုးရန် လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ လျှော်ဖြူ ၁၅၆၈၃ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့မှာ ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျှော်ဖြူက ရေငတ်ဒဏ်ကိုခံနိုင်ပြီး မြေအမျိုးအစားမရွေး ပေါက်ရောက်နိုင်ပါတယ်။ ကျောက်စရစ်ကုန်းလို ဒေသတွေမှာလဲ အောင်မြင် ဖြစ်ထွန်းတဲ့အတွက် လျှော်ဖြူကို တိုးချဲ့စိုက်ပျိုးလို့ရပါတယ်"ဟု အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြသည်။

အရာတော်မြို့နယ်တွင် လျှော်ဖြူစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းမွန်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ GAP နည်းစနစ်ဖြင့်စိုက်ပျိုးရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လျှော်ဖြူကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းသုံးစွဲမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် လျှော်ဖြူကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ် ဦးစီးမှူး ဦးကျော်စိုးက ပြောပြ၍ သိရသည်။

(၂၀၆)

# ပျော်ဘွယ်မြို့နယ် ကျောက်တိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပျော်ဘွယ် ဇွန် ၂၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်တိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇွန် ၂၅ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျောက်တိုင်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ကျောက်တိုင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၈ ဦးကို ငွေကျပ် ၂၅၈ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၄၃ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၄၇ ဦးကို ငွေကျပ် ၁၄၇ သိန်း၊ ဆပ်ပြာထုတ်လုပ်သည့်လုပ်ငန်းလုပ်ကိုင်သူသုံးဦးကို ငွေကျပ် ၂၄ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၄ ဦးကို ရန်ပုံငွေကျပ် ၄၇၂ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးမြစ်ချင်းပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**အိမ်မဲ ဇွန် ၂၆**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးမြစ်ချင်းပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အိမ်မဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီတင့်က ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးမြစ်ချင်းအပါအဝင် ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချလျက်ရှိရာ ဧပြီလအတွင်း ငါးမြစ်ချင်းပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ငါးမြစ်ချင်းပိဿာချိန် ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"အိမ်မဲမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ရေထွက်ကုန်ပစ္စည်းတွေ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့မေလအတွင်း ရန်ကုန်ဈေးကွက်ကို ငါးမြစ်ချင်း ပိဿာချိန်အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ဧပြီလကထက် မေလထဲမှာ ငါးမြစ်ချင်းပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ငါးမြစ်ချင်းတွေ အဝယ်လိုက်နေတာကြောင့် တင်ပို့ရောင်းချအားတက်ခဲ့တာဖြစ်ပါတယ်။ ရေထွက်ကုန်တွေကို ကုန်းလမ်းခရီးက အဆင်ပြေလို့ ကုန်တင်ကားတွေနဲ့ အဓိကတင်ပို့ရောင်းချနေပါတယ်" ဟု အိမ်မဲမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီတင့်က ပြောပြသည်။

အိမ်မဲမြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက် ငါးမြစ်ချင်းအပါအဝင် ရေထွက်ကုန်ပစ္စည်းများကို ဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါတင်ပို့ရောင်းချခဲ့သည့် ငါးမြစ်ချင်း ၁၀ ပိဿာလျှင် ငွေကျပ် ၁၉၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း အိမ်မဲမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီတင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ကုလားပဲနှင့်ကျန်းမာရေး

ဒေါက်တာလပြည့်ခင်

ကုလားပဲသည် အပင်အခြေခံပရိုတင်းနှင့် အမျှင်ဓာတ်ကြွယ်ဝသော အရင်းအမြစ်ဖြစ်ပြီး ကျန်းမာရေးကို များစွာအထောက်အကူပြုသည်။ ကုလားပဲ၏ အင်္ဂလိပ်အမည်မှာ Chickpea သို့မဟုတ် Garbanzo Bean ဟုခေါ်ပြီး သိပ္ပံအမည် (Scientific Name) Cicer Arietinum နှင့် မျိုးရင်း (Family Name) Fabaceae ပဲမျိုးရင်းဝင်ဖြစ်သည်။ ကုလားပဲတွင် ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော ဗီတာမင်နှင့် သတ္တုဓာတ်များကြွယ်ဝပြီး ခန္ဓာကိုယ်၏ လုပ်ငန်းဆောင်တာများကို ထိန်းညှိပေးကာ အလုံးစုံကျန်းမာရေးကို မြှင့်တင်ပေးနိုင်သော ဂုဏ်သတ္တိများရှိသည်။ ကုလားပဲက ကြီးထွားဖွံ့ဖြိုးမှုကို တိုးစေနိုင်သကဲ့သို့ နှလုံးကိုကျန်းမာစေနိုင်ပြီး အစာကြေညက်စေနိုင်ကာ အရိုးများကို သန်မာစေသည့်အပြင် နာတာရှည်ရောဂါများမဖြစ်စေရန်လည်း ကာကွယ်ပေးနိုင်သည်။

**ကုလားပဲစားသုံးမှုပုံစံ**

ကုလားပဲသည် အာဟာရတန်ဖိုးစွယ်စုံရှိသည့် တန်ဖိုးသင့်ဟင်းလျာအဖြစ် အရသာအမျိုးမျိုးဖြင့် စားသုံးနိုင်သည်။ ကုလားပဲကို ပဲကပ်ကြော်ကြော်၍ဖြစ်စေ၊ သီးစုံကုလားပဲချဉ်ရည်ဟင်းချက်၍ဖြစ်စေ၊ အသီးအရွက်မျိုးစုံ၊ ဟင်းခတ်အမွှေးအကြိုင်များနှင့် တွဲဖက်ကာသုပ်၍ဖြစ်စေ၊ ဟင်းချိုများနှင့် စွပ်ပြုတ်များတွင် အရသာနှင့်အာဟာရဖြစ်စေရန် ကုလားပဲကို ပေါင်းစပ်ချက်ပြုတ်၍ဖြစ်စေ စသည်ဖြင့်အမျိုးမျိုးပြုလုပ်စားသောက်နိုင်သည်။

**ကုလားပဲတွင်ပါဝင်သောအာဟာရဓာတ်များ**

ကုလားပဲတွင် ဖောလိတ်၊ သံဓာတ်၊ မဂ္ဂနီစီယမ်နှင့် ဖော့စဖရပ်တို့အပါအဝင် ဗီတာမင်နှင့် သတ္တုဓာတ်များ၏ အရင်းအမြစ်ကောင်းတစ်ခုဖြစ်ပြီး မရှိမဖြစ်လိုအပ်သော အခြားအာဟာရဓာတ်များပါဝင်သည်။ အဆိုပါအာဟာရဓာတ်များသည် သွေးနီဥများထုတ်လုပ်ခြင်း၊ အရိုးကျန်းမာရေးကို ထိန်းသိမ်းခြင်းနှင့် စွမ်းအင်ထုတ်လုပ်ခြင်း စသည့် အမျိုးမျိုးသော ခန္ဓာကိုယ်လုပ်ငန်းဆောင်တာများအတွက် အရေးကြီးသည်။ ထို့ပြင် ပရိုတင်းဓာတ်ပါဝင်မှုမြင့်မားသော ကုလားပဲသည် သက်သတ်လွတ်စားသုံးသူများအတွက် ကြွက်သားပြုပြင်ခြင်းနှင့် ကြီးထွားဖွံ့ဖြိုးမှုအတွက် အထောက်အကူဖြစ်စေနိုင်သော ပရိုတင်းအစားထိုးအရင်းအမြစ်ကို ပံ့ပိုးပေးနိုင်သည်။

**ကျန်းမာရေးအကျိုးကျေးဇူးများ**

ကုလားပဲသည် ကိုယ်ခံအားစနစ်ကိုအားကောင်းစေသည်။ ခန္ဓာကိုယ်အားစွမ်းအင်နှင့်ပြည့်စေသည်။ အရေပြားရောဂါများကို ကုသရာတွင်ကူညီသည်။ ခါးနာသက်သာစေသည်။ ကြွက်သား ကြွက်တက်ခြင်းကိုကာကွယ်ပေးသည်။ ဦးနှောက်လုပ်ဆောင်မှုကိုအားကောင်းစေပြီး ဆယ်လီနီယမ်ကြောင့် ခန္ဓာကိုယ်ကိုပြန်လည်နုပျိုစေသည်။ သွားဖုံးရောင်ခြင်း၏ လက္ခဏာများကို လျှော့ချပေးသည်။ မျက်စိရောဂါများအတွက် အထူးသဖြင့် မျက်စိအတွင်းတိမ်ရောဂါကာကွယ်ပေးနိုင်သည်။ ပရိုတင်း၊ သံဓာတ်နှင့် ကယ်လ်စီယမ်တို့ကြွယ်ဝစွာ ပါဝင်သောကြောင့် ဆံပင်နှင့် လက်သည်းအခြေအနေကို တိုးတက်ကောင်းမွန်စေသည်။ အမျိုးသားများအတွက် ကောင်းမွန်သောစွမ်းအားကို ထောက်ပံ့ပေးနိုင်သည်။

**အစာခြေခြင်းကိုကူညီခြင်း**

ကုလားပဲတွင်ပါဝင်သော ပျော်ဝင်လွယ်သည့် အမျှင်ဓာတ် (Soluble Fiber) များသည် အူလမ်းကြောင်းတွင်းရှိ အကျိုးပြုဘက်တီးရီးယားများကို အာဟာရဖြစ်စေပြီး အစာခြေစနစ်ကို ကျန်းမာစေကာ ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးသည်။ တစ်နည်းအားဖြင့်အူလမ်းကြောင်းရှိကျန်းမာသော ဘက်တီးရီးယားများကို မြှင့်တင်ပေးပြီး ဝမ်းမှန်စေခြင်းဖြင့် အစာခြေခြင်းကို ကူညီပေးခြင်းဖြစ်သည်။

**သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်း**

ကုလားပဲတွင်ပါဝင်သည့် အမျှင်ဓာတ်နှင့် ပရိုတင်းဓာတ်ပေါင်းစပ်မှုက သွေးတွင်းသကြားဓာတ်ပမာဏကိုထိန်းညှိရာတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်သည်။ ကုလားပဲကဲ့သို့ Glycemic အညွှန်းကိန်းနိမ့်သော အစားအစာများသည် သွေးကြောထဲသို့ ဂလူးကို့စ်များ ပိုမိုနှေးကွေးပြီး တစ်သမတ်တည်းထွက်လာခြင်းကို ထိန်းချုပ်ကူညီပေးသည်။ ကုလားပဲသည် သွေးတွင်းသကြားဓာတ်တိုးလာသည့်လက္ခဏာကို တားဆီးပေးသောကြောင့် သွေးတွင်းသကြားဓာတ်ပမာဏကို ထိန်းညှိနိုင်ရန် ပုံမှန်စားသုံးပေးသင့်သည်။



**ဆီးချိုကာကွယ်ပေးနိုင်ခြင်း**

ကုလားပဲသည် လူတိုင်းအတွက်အရေးပါသည့် သွေးတွင်းအချိုဓာတ်ကို ထိန်းညှိနိုင်ပြီး ခန္ဓာကိုယ်အတွက် လိုအပ်သည့်အာဟာရဓာတ်ကို ဖြည့်တင်းပေးနိုင်သောကြောင့် ဆီးချိုဝေဒနာရှင်များအတွက် ပိုမိုအရေးပါသည်။ ကုလားပဲက သွေးတွင်းသကြားဓာတ်ကိုထိန်းညှိပေးပြီး အင်ဆူလင်ထုတ်လုပ်မှုကို ကောင်းမွန်စေနိုင်သောကြောင့် ဆီးချိုမဖြစ်အောင် ကာကွယ်ပေးနိုင်ခြင်း ဖြစ်သည်။ ဆီးချိုနှင့်ဆက်စပ်သောနောက်ဆက်တွဲပြဿနာများ ဖြစ်နိုင်ခြေကို လျှော့ချနိုင်ခြေရှိပြီး ဆီးချိုရောဂါကို ထိန်းချုပ်ရန် အထူးကောင်းမွန်သောကြောင့် စားသုံးသင့်သည်။

**ကိုယ်အလေးချိန်လျှော့ချပေးနိုင်ခြင်း**

ကုလားပဲ၏အာဟာရသည် ပြည့်ဝပြီး စိတ်ကျေနပ်မှုကို ထိန်းသိမ်းပေးခြင်းဖြင့် မလိုအပ်သော သရေစာများနှင့် အလွန်အကျွံစားခြင်းဖြစ်နိုင်ခြေကို လျှော့ချပေးသောကြောင့် ကုလားပဲသည် ကိုယ်အလေးချိန်လျှော့ချပေးနိုင်သော အစားအစာတစ်ခုဖြစ်သည်။ ကုလားပဲတွင် အမျှင်ဓာတ်နှင့် ပရိုတင်းဓာတ်များ မြင့်မားစွာပါဝင်သောကြောင့် အစာစားပြီးပြီးချင်း ပိုကြာရှည်စွာ ပြည့်ဝသည့်ခံစားချက်ကိုရရှိစေသောကြောင့် အစာစားချင်စိတ်ကို ထိန်းညှိပေးပြီး ကိုယ်အလေးချိန်ထိန်းညှိရာတွင် ကူညီပေးခြင်းဖြစ်သည်။

**အနာကျက်မြန်စေခြင်း**

ကုလားပဲတွင် ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးရန်အတွက် လိုအပ်သည့်ပရိုတင်းဓာတ်များ အပြည့်အဝပါဝင်နေပြီး အနာကျက်စေနိုင်စွမ်းရှိသောကြောင့် ကုလားပဲကိုစားသုံးပေးမည်ဆိုပါက အနာများကို အကျက်မြန်စေနိုင်သည်။

**နာတာရှည်ရောဂါများကိုကာကွယ်ပေးခြင်း**

ကုလားပဲတွင် ခန္ဓာကိုယ်တွင်းရောင်ရမ်းမှုနှင့် Oxidative Stress များကို လျော့ကျစေနိုင်သည့် ဗီတာမင်များပါဝင်နေပြီး ဖရီးရယ်ဒီကယ်များကို ချေဖျက်ခြင်းဖြင့် ဆဲလ်များပျက်စီးခြင်းမှ ကာကွယ်ပေးပြီး နာတာရှည်ရောဂါများမဖြစ်စေရန် ကာကွယ်ပေးနိုင်သည်။ ထို့ပြင် ကုလားပဲတွင် ပါဝင်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများသည် ကင်ဆာရောဂါ၊ နှလုံးရောဂါနှင့် အာရုံကြောဆိုင်ရာချို့ယွင်းသည့် ရောဂါများဖြစ်စေနိုင်သောကိုယ်တွင်းမှ Free Radicals များကို ဖယ်ရှားပေးနိုင်သောကြောင့် ဆဲလ်များကို ကျန်းမာစေနိုင်ပြီး အဆိုပါ နာတာရှည်ရောဂါများ မဖြစ်ပွားစေရန်ကာကွယ်ပေးသည်။ ကုလားပဲတွင် ပါဝင်သည့် Butyrate ဟုခေါ်သည့် Fatty Acid က အူမကြီးဆဲလ်များ၏ ရောင်ရမ်းမှုကို လျှော့ချပေးပြီး အူမကြီးကင်ဆာဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း ပြည်ပသုတေသန လေ့လာမှုအချို့တွင် ဖော်ပြထားသည်။

**အရိုးသန်မာစေနိုင်ခြင်း**

ကုလားပဲတွင် အရိုးများကို ကြံ့ခိုင်သန်စွမ်းစေနိုင်သော သံဓာတ်၊ ဖော့စဖရပ်၊ မဂ္ဂနီစီယမ်၊ ကော့ပါးနှင့် သွပ်ဓာတ်တို့ပါဝင်နေသည့်အပြင် အခြားဗီတာမင်များနှင့် အသက်အရွယ်အရဖြစ်တတ်သည့် အရိုးပွခြင်းမဖြစ်အောင် ကာကွယ်ပေးနိုင်သည့် သတ္တုဓာတ်များ လည်းပါဝင်နေသည်။

**ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေးကောင်းမွန်စေခြင်း**

ကုလားပဲတွင် ဖောလိတ်ဓာတ်ပါဝင်နေသောကြောင့် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကုလားပဲကို စားသုံးပေးမည်ဆိုပါက ကလေးငယ်အား မွေးရာပါချို့ယွင်းချက်မရှိဘဲ မွေးဖွားလာမည်ဖြစ်သည်။ အမျိုးသမီးများမွေ့တာလာစဉ်နှင့် ကိုယ်ဝန်ဆောင်နေစဉ် သို့မဟုတ် နို့ချိုတိုက်ကျွေးနေစဉ် သံဓာတ်နှင့် သွေးပမာဏများစွာ ဆုံးရှုံးသွားတတ်သည်။ ကုလားပဲသည် အမျိုးသမီး၏ခန္ဓာကိုယ်ကို ဟေမိုဂလိုဘင်အားဖြည့်ပေးခြင်း၊ သံဓာတ်ကိုစုပ်ယူပေးခြင်းနှင့် နို့တိုက်မိခင်များအတွက် နို့ရည်ထုတ်ခြင်းတို့ကို တိုးတက်ကောင်းမွန်စေသည်။ ကျန်းမာသန်စွမ်းသည့် ကလေးငယ်လေးမွေးဖွားနိုင်ရန် ကိုယ်ဝန်ဆောင်များအနေဖြင့် ကုလားပဲစားသုံးပေးသင့်ကြောင်း တိုက်တွန်းလိုပါသည်။

**နှလုံးကျန်းမာရေးကို ထိန်းသိမ်းပေးခြင်း**

ကုလားပဲတွင် အမျှင်ဓာတ် (Fiber) နှင့် အိုမီဂါ-၃ ဖက်တီးအက်စစ် (Omega-3 Fatty Acid) ကြွယ်ဝစွာပါဝင်သောကြောင့် နှလုံးသွေးကြောကျဉ်းခြင်း၊ ရုတ်တရက်နှလုံးရပ်ခြင်း၊ လေဖြတ်ခြင်းများ မဖြစ်ပွားစေရန် ကာကွယ်ပေးနိုင်သည်။ အမျှင်ဓာတ် (Fiber)က သွေးတွင်းကိုလက်စထရော (မကောင်းသည့်အဆီ) ကိုကျဆင်းစေသဖြင့် နှလုံးကျန်းမာရေးကို အထောက်အကူပြုသည်။ ကုလားပဲတွင် ပါဝင်သောအာဟာရဓာတ်များသည် ကိုလက်စထရော ပမာဏကို ထိန်းညှိပေးပြီး နှလုံးလုပ်ဆောင်ချက်ကို မှန်ကန်စေရန် ထိန်းသိမ်းပေးသည်။ ထို့ပြင် ကုလားပဲတွင်ပါဝင်သော မဂ္ဂနီစီယမ်နှင့် ပိုတက်စီယမ် သတ္တုဓာတ်များသည် နှလုံးကျန်းမာရေးအတွက် အရေးပါသည့် အရင်းအမြစ်ကောင်းတစ်ခုဖြစ်သည်။ မဂ္ဂနီစီယမ်သည် နှလုံးခုန်နှုန်းကိုတည်ငြိမ်စေရန် ကူညီပေးပြီး ပိုတက်စီယမ်သည် ခန္ဓာကိုယ်အတွင်းရှိ ဆိုဒီယမ်ပမာဏကို ထိန်းညှိပေးခြင်းဖြင့် သွေးဖိအားကို ထိန်းညှိပေးခြင်းဖြင့် နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သောကြောင့် နှလုံးကျန်းမာရန်နှင့် ခန္ဓာကိုယ်တွင်းရောင်ရမ်းမှုများ သက်သာစေရန်အတွက် ကုလားပဲကို စားသုံးပေးသင့်သည်။

**အရေပြားအတွက် အထောက်အကူပြုခြင်း**

ကုလားပဲတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ (Anti-oxidants)၊ ဗီတာမင် C နှင့် ဗီတာမင် E တို့ပါဝင်ပြီး Antioxidants များသည် အရေပြားဆဲလ်များကို ဖရီးရယ်ဒီကယ်များကြောင့် ပျက်စီးခြင်းမှ ကာကွယ်ပေးပြီး နုပျိုတောက်ပသည့်အသားအရေကို ထိန်းသိမ်းပေးနိုင်သည်။ မတည်ငြိမ်သောမော်လီကျူးများသည် Oxidative Stress ကိုဖြစ်စေပြီး အရေးအကြောင်းများနှင့် အမည်းစက်များကဲ့သို့ အရွယ်မတိုင်မီ အိုမင်းရင့်ရော်ခြင်းနှင့် အရေပြားပြဿနာများဖြစ်ပွားစေသည်။ အဆိုပါပြဿနာများကို နေ့စဉ်အစားအစာတွင်ကော်လာဂျင်ပမာဏ လုံလောက်စွာပါဝင်သည့်ဗီတာမင် C နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါဝင်သည့်ကုလားပဲကို ထည့်သွင်းစားသုံးခြင်းဖြင့် အရေပြား၏တည်ဆောက်ပုံဆိုင်ရာ ကြံ့ခိုင်မှုနှင့် အိုမင်းရင့်ရော်မှုကို ခံနိုင်ရည်ရှိစေရန် ထောက်ပံ့ပေးပြီး အသားအရေအတွက် အကျိုးရှိစေသည်။

**ကိုလက်စထရောအဆင့်ကို လျှော့ချပေးခြင်း**

ကုလားပဲတွင်ပါဝင်သော ပျော်ဝင်နိုင်သည့် အမျှင်ဓာတ်သည် နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချရာတွင် အရေးပါသည့်၊ မကောင်းသည့် ကိုလက်စထရောအဆင့် LDL ကို လျှော့ချပေးနိုင်သည်။ အစာခြေစနစ်တွင် ကိုလက်စထရောနှင့်ပေါင်းစပ်ခြင်းဖြင့် အဆိုပါအမျှင်ဓာတ်သည် သွေးကြောထဲသို့ ၎င်း၏စုပ်ယူမှုကိုဟန့်တားပေးကာ ကိုလက်စထရောပမာဏကို လျှော့ချပေးပြီး နှလုံးကျန်းမာရေးကို အထောက်အကူပြုသည်။

**ကိုယ်ခံအားစနစ်ကိုထောက်ပံ့ပေးခြင်း**

ဓာတ်တိုးဆန့်ကျင်ပစ္စည်းများသည် ကျန်းမာသောကိုယ်ခံအားစနစ်ကို ထောက်ပံ့ပေးရာတွင်လည်း အရေးကြီးသောအခန်းကဏ္ဍမှပါဝင်ပြီး ကိုယ်ခံအားဆဲလ်များကို ဓာတ်တိုးဆန့်ကျင်မှုမှ ကာကွယ်ခြင်းဖြင့် ရောဂါပိုးများနှင့် ဖျားနာမှုများကို တိုက်ဖျက်နိုင်စွမ်းကို မြှင့်တင်ပေးသည်။ အစားအစာတွင် ကုလားပဲကိုထည့်စားခြင်းသည် ခန္ဓာကိုယ်၏သဘာဝခုခံအားကိုမြှင့်တင်ပေးနိုင်ပြီး ကျန်းမာစေကာ ရောဂါများကို ပိုမိုခံနိုင်ရည်ရှိစေသည်။

**ခန္ဓာကိုယ်မှသည်းခြေရည်ကို ဖယ်ရှားပေးခြင်း**

ကုလားပဲသည် ဆီးရွှင်ဆေး (Diuretic) အာနိသင်ရှိသောကြောင့် ခန္ဓာကိုယ်မှအညစ်အကြေးများကိုဖယ်ရှားပေးပြီး သရက်ရွက်၊ အသည်းနှင့် သည်းခြေအိတ်၏ လုပ်ငန်းဆောင်တာများကို ကောင်းမွန်စေသော အစွမ်းသတ္တိရှိသည်။

**သတိပြုရန်**

ကုလားပဲသည် အာဟာရပြည့်ဝစေသော်လည်း အသင့်အတင့်သာစားသုံးသင့်ပြီး ခန္ဓာကိုယ်က အလွယ်တကူ မချေဖျက်နိုင်သောအမျှင်ဓာတ်နှင့်

စာမျက်နှာ ၅ သို့ ⇒

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# မြောင်းမြခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးကေအားလုံးရိတ်သိမ်းပြီးစီး



**မြောင်းမြ ဇွန် ၂၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးခဲ့သော စပါးကေအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

မြောင်းမြခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စပါး ၃၁၈၆၂၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ နွေစပါးခင်းများကို ဧပြီလပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် စပါးဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး စပါးတစ်ဧကလျှင် ၁၁၃ ဒသမ ၅၈ တင်းထိ ထွက်ရှိကြောင်း သိရသည်။

"မြောင်းမြခရိုင်မှာ နွေစပါးဧက ၃၁၀၀၀၀ ကျော်ထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ အခုနှစ်နွေစပါးကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ခဲ့သလို ရာနှုန်းပြည့်ရိတ်သိမ်းပြီးဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့က ဒေသခံတောင်သူတွေကို လိုအပ်တဲ့သွင်းအားစုတွေနဲ့ စိုက်ပျိုးရေး နည်းပညာတွေကို အားဖြည့် ကူညီလုပ်ဆောင်ပေးခဲ့ပါတယ်။ နွေသီးနှံစိုက်ပျိုးရာသီ စပါးတွေစိုက်ပျိုးချိန်မှာလဲ ဓာတ်မြေဩဇာတွေ စနစ်တကျအသုံးပြုစေရေးနဲ့ စရိတ်အကုန်အကျသက်သာစေဖို့ ဓာတ်မြေဩဇာ အစားထိုး သဘာဝဓာတ်မြေဩဇာတွေ လုပ်ဆောင်အသုံးပြုစေရေး နည်းပညာပေး လုပ်ငန်းတွေကိုလဲ အခြားစိုက်ပျိုးရေးနဲ့ ဆက်စပ်တဲ့ဌာနတွေ ပူးပေါင်းကွင်းဆင်းပို့ချပေးခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

á **စာမျက်နှာ ၄ မှအဆက်**

သကြားဓာတ်များ (Complex Carbohydrates) ပါဝင်သောကြောင့် အူအတွင်း ဓာတ်ငွေ့ဖွဲ့စည်းမှုကို မြင့်တက်စေသဖြင့် အစာခြေစနစ်အားနည်းသူများ၊ ကုလားပဲစားလေ့မရှိသူများတွင် လေပွခြင်း၊ ဗိုက်ကယ်ခြင်းနှင့် ဗိုက်ရစ်ခြင်းများဖြစ်တတ်သည်။ နှလုံးဆေးသောက်နေရသူများ သို့မဟုတ် ကျောက်ကပ်ရောဂါ အပြင်းအထန်ခံစားနေရသူများအနေဖြင့် ကုလားပဲတွင် ပိုတက်ဆီယမ်ဓာတ်မြင့်မားစွာပါဝင်သည့်အတွက် သွေးတွင်းပိုတက်စီယမ်ဓာတ်မများစေရန် အလွန်အကျွံစားသုံးခြင်းကို ရှောင်ကြဉ်သင့်သည်။ အစာအိမ်၊ အူလမ်းကြောင်းရောဂါနှင့် Dysbiosis ရောဂါရှိသူများလည်း ကုလားပဲမစားသုံးသင့်ပေ။ ထို့ကြောင့် ကုလားပဲ ကို ပထမဆုံးစားသုံးသည့်အချိန်တွင် အနည်းငယ်သာစားရန်နှင့် တုံ့ပြန်မှုကို စောင့်ကြည့်ရန်လိုအပ်သည်။

ကုလားပဲကို မချက်မီ ရေအနည်းဆုံး ၈ နာရီမှ တစ်ညသိပ်စိမ်ပေးရန် လိုအပ်ပြီး ချက်သည့်အခါတွင် ဂျင်း သို့မဟုတ် ဟင်းခတ်အမွှေးအကြိုင်ထည့်ချက်ပါက လေပွခြင်းကိုသက်သာစေသည်။ ကုလားပဲအစိမ်းတွင် Phytic acid ပါဝင်သောကြောင့် အခြားသတ္တုဓာတ်နှင့် အာဟာရဓာတ် စုပ်ယူနှောင့်ယှက်မှု (Anti-nutrients) လျှော့ချနိုင်ပေးနိုင်သော်လည်း ရေစိမ်ပြီးသေချာကျက်အောင်ချက်ပြုတ်ခြင်း သို့မဟုတ် အညှောက်ဖောက်ပြီး စားသုံးခြင်းပြုပါက အဆိုပါဓာတ်များ ပျက်ပြယ်သွားသည်။

**အနှစ်ချုပ်**

ကုလားပဲသည် လူတစ်ဦးအတွက် နေ့စဉ်လိုအပ်သော ပရိုတင်း၊ အမိုင်နိုအက်စစ်နှင့် ကာဘိုဟိုက်ဒရိတ်များလွန်စွာကြွယ်ဝပြီး ကျန်းမာရေးအကျိုးကျေးဇူးများစွာကို ပေးစွမ်းနိုင်သည့်စွယ်စုံရအာဟာရရှိသော ပဲတစ်မျိုးဖြစ်သည်။ ကုလားပဲကို စားသုံးပေးခြင်းဖြင့် ကျန်းမာရေးအတွက် များစွာအထောက်အကူပြုခြင်း၊ ကြီးထွားဖွံ့ဖြိုးမှုကိုတိုးစေနိုင်ပြီး နှလုံးကိုကျန်းမာစေနိုင်ခြင်း၊ အစာကြေညက်စေနိုင်ခြင်း၊ အရိုးများကို သန်မာစေခြင်း၊ နာတာရှည်ဝေဒနာများမဖြစ်စေရန် ကာကွယ်ပေးနိုင်ခြင်း၊ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများစွာပါဝင်သောကြောင့် အစာခြေလမ်းကြောင်းကျန်းမာစေခြင်း၊ ကိုယ်အလေးချိန်လျှော့ချနိုင်ခြင်း၊ ကျန်းမာသောအသားအရေနှင့် နှလုံးကျန်းမာရေးကိုမြှင့်တင်ပေးခြင်း၊ အူလမ်းကြောင်းရှိ ဘက်တီးရီးယားများကိုမြှင့်တင်ပေးပြီး ဝမ်းမှန်စေခြင်းတို့ကြောင့် ကုလားပဲကိုသေချာကျက်အောင်ချက်ပြုတ်ပြီး ပုံမှန်ပမာဏအတိုင်းစားသုံးပေးလျှင် ခန္ဓာကိုယ်ကျန်းမာရေးအတွက် အလွန်အကျိုးပြုသော အစားအစာတစ်ခုဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

## မတည့်စာ

- ယင်နားစာတဲ့
ရောဂါပိုးကြွယ် ကူးစက်လွယ်။

- မှိုတက်အစာ စားသုံးကြာက
ကင်ဆာဥပဒ် ဘေးဖြစ်တတ်။

- တညင်းသီးက
ဖျက်ဆီးကျောက်ကပ် ဆီးချုပ်တတ်၏
ကြပ်ကြပ်ဆင်ခြင် အသိယှဉ်။

- စသည်စသည်
များလှသည်သာ မတည့်စာဟု
အခါမလပ် သတိချပ်။

- လူပြောသူပြော ဤသဘော၌
တွေးတောမှတ်ယူ သတိမူမှ
သူ မသဒ္ဓါ မပေးပါသည့်
အစာဟာရ မှန်သမျှကား
ဖော်ပြထက်ပါ မတည့်စာ၌
သာလွန်အားလုံး အဆိုးဆုံးတည့်
စားသုံးမိက သံသာရဝယ်
ဘဝဆက်စဉ် နှောင်ကြိုးငင်သို့
အမျှင်တန်းလန်း ပူလောင်ကျွမ်းလိမ့်
မစမ်းလိုက်နဲ့ သူငယ်ချင်း။ ။

**ချစ်စုအောင်**

# ပျော်ဘွယ်မြို့နယ် ပေကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပျော်ဘွယ် ဇွန် ၂၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။


ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းနှင့်ခရိုင်၊မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၈ ဒသမ ၃ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၈ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၂ ဦးကို ငွေကျပ် ၂၈ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၂၀ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၂ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၈ ဒသမ ၃ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းထံမှ သိရသည်။

**အောင်ရဲကျော်**

# နိုင်ငံတကာ သတင်းများ

## ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ်နှင့် တရုတ်သမ္မတတို့ တွေ့ဆုံဆွေးနွေး



**ပေကျင်း ဇွန် ၂၆**

တရုတ်နိုင်ငံသို့ ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် တာရစ်ရာမန်သည် ယနေ့တွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံ ဆွေးနွေးခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ် တာရစ်ရာမန်သည် သုံးရက်ကြာ တရားဝင် တရုတ်ခရီးစဉ်အဖြစ် ဇွန် ၂၄ ရက်က ပေကျင်းမြို့သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါခရီးစဉ်သည် ယခုနှစ် ဖေဖော်ဝါရီလအတွင်း ဝန်ကြီးချုပ် ရာထူးရယူခဲ့သော တာရစ်ရာမန်အတွက် ပထမဆုံး တရုတ်ခရီးစဉ် ဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံစဉ် တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ကြား ကုန်သွယ်ရေး ကွာဟချက်ကို လျှော့ချပေးရန် တိုက်တွန်း ပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အဓိက အခြေခံအဆောက်အအုံ စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် တရုတ်နိုင်ငံအနေဖြင့် အကူအညီပေးရန်လည်း ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်က တိုက်တွန်း ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ် တာရစ်ရာမန်သည် ဇွန် ၂၅ ရက်တွင် တရုတ်ဝန်ကြီးချုပ် လီချန်းနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ရေးဆိုင်ရာ သဘောတူညီချက်များ လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။


**Ref : Xinhua**
**Trs : KKO**

## ကမ္ဘောဒီးယားနှင့် လုံခြုံရေးမိတ်ဖက်ဆက်ဆံရေး တည်ဆောက်ရန်ဆန္ဒရှိကြောင်း တရုတ်သမ္မတ ပြောကြား

**ပေကျင်း ဇွန် ၂၆**

တရုတ်နိုင်ငံအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံနှင့် လုံခြုံရေးမိတ်ဖက်ဆက်ဆံရေး တည်ဆောက်ရန် ဆန္ဒရှိကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

ကမ္ဘောဒီးယား အထက်လွှတ်တော်ဥက္ကဋ္ဌ ဟွန်ဆန်နှင့် ပေကျင်းမြို့၌တွေ့ဆုံဆွေးနွေးစဉ် တရုတ်သမ္မတရှီကျင့်ဖျင်က ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။



နိုင်ငံတကာနှင့် ဒေသတွင်း အခြေအနေများမှာ ရှုပ်ထွေးနေပြီး အပြောင်းအလဲများ ကြီးမားနေကြောင်း၊ သို့ဖြစ်ရာ တရုတ်နှင့် ကမ္ဘောဒီးယားတို့အနေဖြင့် ဒေသတွင်းငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်သင့်ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ကမ္ဘောဒီးယား အထက်လွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံစဉ် သုံးသပ်ပြောကြားခဲ့သည်။

ထို့ပြင် တရုတ်နိုင်ငံသည် အိမ်နီးချင်း အဓိက ဒစ်ပလိုမေစီအရ ကမ္ဘောဒီးယားနိုင်ငံကို ဦးစားပေးရမည့် နိုင်ငံအဖြစ် အမြဲတမ်း သတ်မှတ်ထားကြောင်း သိရသည်။

ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် အမျိုးသား အချုပ်အခြာအာဏာနှင့် လုံခြုံရေးကို ကာကွယ်ထိန်းသိမ်းရာတွင် ကမ္ဘောဒီးယားနိုင်ငံကို အမြဲတမ်းထောက်ခံအားပေးနေကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

ကမ္ဘောဒီးယား အထက်လွှတ်တော်ဥက္ကဋ္ဌ ဟွန်ဆန်သည် တရုတ်နိုင်ငံသို့ ဇွန် ၂၅ ရက်မှ ၂၇ ရက်ထိ တရားဝင်ခရီးစဉ်အဖြစ် ရောက်ရှိနေချိန်တွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံစဉ်ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## အစိုးရဝန်ထမ်းများ စမတ်ဖုန်းသုံးစွဲမှု အာဖဂန်တာလီဘန်အုပ်စု ပိတ်ပင်

**ကဘူးလ် ဇွန် ၂၆**

အစိုးရဝန်ထမ်းများ စမတ်ဖုန်း သုံးစွဲမှုကို အာဖဂန်တာလီဘန် အုပ်စုက တစ်နိုင်ငံလုံးအတိုင်း အတာအရ ပိတ်ပင်လိုက်ကြောင်း ဇွန် ၂၅ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အာဖဂန် တာလီဘန်အုပ်စု၏ အဆိုပါ ပိတ်ပင်ချက်ကြောင့် သတင်းအချက်အလက် ရယူပိုင်ခွင့်များ ပို၍ထိခိုက်ပျက်ပြားသွားနိုင်ကြောင်း လူ့အခွင့်အရေးအုပ်စုများက သတိပေးပြောကြားထားသည်။

တရားသူကြီးများ အပါအဝင် အရပ်ဘက်နှင့် စစ်ဘက်တာဝန်ရှိသူအားလုံး စမတ်ဖုန်းသုံးစွဲခွင့်ကို ဇွန် ၁၆ ရက်မှစ၍ ပိတ်ပင်ခဲ့ကြောင်း အာဖဂန်တာလီဘန် အုပ်စု၏ ညွှန်ကြားချက်၌ ဖော်ပြထားသည်။

စမတ်ဖုန်းသုံးစွဲမှု ပိတ်ပင်ရေး ညွှန်ကြားချက်ကို ဖောက်ဖျက်ပါက တရားဥပဒေအရအရေးယူမည်ဖြစ်ကြောင်း အာဖဂန်တာလီဘန် အုပ်စုက သတိပေးပြောကြား ထားသည်။

အာဖဂန်တာလီဘန် အုပ်စု၏ စမတ်ဖုန်းသုံးစွဲမှု ပိတ်ပင်ချက်ကြောင့် လက်ရှိတွင် ရုံးလုပ်ငန်းများ ကမောက်ကမ ဖြစ်နေရကြောင်း အာဖဂန် အစိုးရဝန်ထမ်းများက ပြောကြားထားသည်။

အာဖဂန်တာလီဘန်အုပ်စုသည် အာဖဂန်နစ္စတန် တစ်နိုင်ငံလုံးကို ၂၀၂၁ ခုနှစ် သြဂုတ်လတွင် ပြန်လည် ထိန်းချုပ်ခဲ့ပြီးနောက် အများပြည်သူများ၏ နေ့စဉ်ဘဝကို ကန့်သတ်ချုပ်ချယ်မှုများ ပြုလုပ်လာခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## တစ်ကမ္ဘာလုံးအတိုင်းအတာအရ မူးယစ်ဆေးဝါးကုန်သွယ်မှု အားကောင်းလာ

**နယူးယောက် ဇွန် ၂၆**

တစ်ကမ္ဘာလုံး အတိုင်းအတာအရ တရားမဝင် မူးယစ်ဆေးဝါး ကုန်သွယ်ရေးလုပ်ငန်းများ ပိုမို အားကောင်းလာကြောင်း ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုရုံး(ယူအင်န်အိုဒီစီ)က ယနေ့တွင် ထုတ်ပြန်သည့် အစီရင်ခံစာ၌ တင်ပြခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

ယူအင်န်အိုဒီစီ အစီရင်ခံစာ၏ အဆိုအရ ကိုကင်းမူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့် မီသမ်ဖက်တမင်း မူးယစ်ဆေးဝါး ဖမ်းဆီးရမှုများမှာလည်း စံချိန်တင်မြင့်တက်လာကြောင်း သိရသည်။

၂၀၂၄ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးအတိုင်းအတာအရ ကိုကင်း မူးယစ်ဆေးဝါးပမာဏ မက်ထရစ်တန်ချိန် ၄၁၀၀ ထိ ထုတ်လုပ်ခဲ့ရာ ၁၀ နှစ်တာကာလအတွင်း ထုတ်လုပ်မှုနှုန်း လေးဆထိ မြင့်တက်လာခြင်း ဖြစ်ကြောင်း ကုလသမဂ္ဂအစီရင်ခံစာ၌ သုံးသပ်ထားသည်။

ထို့ပြင် မီသမ်ဖက်တမင်း မူးယစ်ဆေးဝါးဖမ်းဆီးရမှု အတိုင်းအတာအရ အဆိုပါ မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှုန်းမှာ နှစ်စဉ် ၁၃ ရာခိုင်နှုန်းထိ မြင့်တက်လာကြောင်း ကုလသမဂ္ဂအစီရင်ခံစာ၌ သုံးသပ်ထားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ နိုင်ငံတကာဈေးကွက်များအတွင်း မူးယစ်ဆေးဝါး အမျိုးအစားသစ်များ ဝင်ရောက်မှုမှာ မြင့်တက်လာသည်ကို တွေ့ရကြောင်း ယူအင်န်အိုဒီစီ တာဝန်ရှိသူများက ပြောကြားထားသည်။

ယူအင်န်အိုဒီစီ၏ အဆိုအရ ၂၀၂၄ ခုနှစ်တွင် ကမ္ဘာ့ဈေးကွက်အတွင်းသို့ ဖန်တနိုင်း မူးယစ်ဆေးဝါးကဲ့သို့ မူးယစ်ဆေးဝါး အမျိုးအစားသစ်များ ဝင်ရောက်မှု မြင့်တက်လာကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## စစ်သုံးမောင်းသူမဲ့ ဒရုန်းယာဉ်များ တောင်ကိုရီးယားနိုင်ငံ ဝယ်ယူမည်

**ဆိုးလ် ဇွန် ၂၆**

မြောက်ကိုရီးယား ခြိမ်းခြောက်မှုကို ရင်ဆိုင်ရေးအတွက် စစ်သုံး မောင်းသူမဲ့ဒရုန်းယာဉ် အစင်း ၂၀၀၀၀ ဝယ်ယူရန် တောင်ကိုရီးယားနိုင်ငံက စီစဉ်ထားကြောင်း ယနေ့သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

ယူကရိန်းပဋိပက္ခနှင့် အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခများအရ စစ်သုံးမောင်းသူမဲ့ဒရုန်းယာဉ်များဝယ်ယူရန် တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက စီစဉ်ထားခြင်းဖြစ်သည်။

ယူကရိန်းပဋိပက္ခတွင် ရုရှားနှင့် ယူကရိန်း နှစ်နိုင်ငံတို့၏ မောင်းသူမဲ့ဒရုန်းယာဉ်များသည် ခေတ်သစ် စစ်ရေးပဋိပက္ခများ၏ သဘောသဘာဝကို အသွင်ပြောင်းလဲနိုင်ခဲ့သည်။



ယူကရိန်းပဋိပက္ခနှင့် အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခများတွင် မောင်းသူမဲ့ဒရုန်းယာဉ်များ အနေဖြင့် စစ်မြေပြင်အခြေအနေ ပြောင်းလဲနိုင်စွမ်းကို သက်သေပြနေကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီး အန်းဂူဘက်ခ်က သုံးသပ်ပြောကြားထားသည်။

တောင်နှင့်မြောက် ကိုရီးယား နှစ်နိုင်ငံတို့သည် ၁၉၅၀- ၁၉၅၃ ခုနှစ် ကိုရီးယားကျွန်းဆွယ်ပဋိပက္ခကို အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ဖြင့် ရပ်ဆိုင်းထားရာ လက်တွေ့အားဖြင့် ပဋိပက္ခဖြစ်နေဆဲ အခြေအနေတွင်သာ ရှိသေးသည်။

မြောက်ကိုရီးယား နိုင်ငံသည်လည်း ၎င်း၏ မောင်းသူမဲ့ဒရုန်းယာဉ်စွမ်းဆောင်ရည်များကို မြှင့်တင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီလွှတ်တင်ထားသည့် ရှန်လောင်းအာကာသယာဉ်ပျံက အမျိုးအမည်မသိအရာဝတ္ထုတစ်ခုကို ကမ္ဘာပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့



**ပေကျင်း ဇွန် ၂၆**

တရုတ်အမျိုးသား အာကာသအေဂျင်စီက လွှတ်တင်ထားသည့် ရှန်လောင်း အာကာသယာဉ်ပျံသည် အမျိုးအမည်မသိ အရာဝတ္ထုတစ်ခုကို ကမ္ဘာပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း ဇွန် ၂၅ ရက် သတင်းများအရ သိရသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ရှန်လောင်းအာကာသယာဉ်ပျံကို ဂိုဘီသဲကန္တာရဒေသ ချိုကွမ်းဂြိုဟ်တုလွှတ်တင်ရေးစခန်းမှတစ်ဆင့် ယခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါမစ်ရှင်သည် ရှန်လောင်းအာကာသယာဉ်ပျံ၏ စတုတ္ထမြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

ရှန်လောင်း အာကာသယာဉ်ပျံက ကမ္ဘာပတ်လမ်းပေါ်သို့ အမျိုးအမည်မသိ အရာဝတ္ထုတစ်ခု လွှတ်တင်ထားမှုကို Leolabs အမည်ရှိ အမေရိကန်အာကာသစောင့်ကြည့်ရေး ကုမ္ပဏီတစ်ခုက နယူးဇီလန်အခြေစိုက် ရေဒါစနစ်တစ်ခုဖြင့် ထောက်လှမ်းတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရှန်လောင်း အာကာသယာဉ်ပျံသည် ၂၀၂၄ ခုနှစ် ဇွန်လကလည်း ကမ္ဘာပတ်လမ်းပေါ်သို့ အမျိုးအမည်မသိ အရာဝတ္ထုတစ်ခုကို လွှတ်တင်ခဲ့ဖူးသည်။

ရှန်လောင်းအာကာသယာဉ်ပျံသည် အကြိမ်ကြိမ် ပြန်လည်အသုံးပြုနေသော အာကာသယာဉ်ပျံဖြစ်ပြီး ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်ရာတွင် လေယာဉ်တစ်စင်းကဲ့သို့ ပြေးလမ်းပေါ်၌ ပြန်လည် ဆင်းသက်နိုင်ကြောင်း သိရသည်။

Ref : Xinhua News


Trs : KKO

## စပေ့အိတ်ကုမ္ပဏီက ကမ္ဘာမြေပေါ်ပြန်လည်ဆင်းသက်နိုင်သည့် စတားဖောလ်အာကာသယာဉ်သစ်ကို လွှတ်တင်

**ဝါရှင်တန် ဇွန် ၂၆**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်နိုင်သည့် စတားဖောလ်အမည်ရှိ အာကာသယာဉ်သစ်ကို လွှတ်တင်ခဲ့ကြောင်း ဇွန်၂၅ ရက်သတင်းများအရ သိရသည်။

စပေ့အိတ်ကုမ္ပဏီသည် စတားဖောလ် အာကာသယာဉ်ကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှ တစ်ဆင့် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။



စတားဖောလ် အာကာသယာဉ်သည် ကမ္ဘာပတ်လမ်းပေါ်သို့ ကုန်စည်များ ပို့ဆောင်ပေးရန်နှင့် ကမ္ဘာပေါ်သို့ ကုန်စည်များ ပြန်လည်သယ်ယူနိုင်ရန် ရည်ရွယ်တည်ဆောက်ထားသည့်အာကာသယာဉ်ဖြစ်ကြောင်း၊ စပေ့အိတ်၏ စတားဖောလ် အာကာသယာဉ်သည် အရွယ်အစားအားဖြင့် အချင်း ၁၀ ပေနှင့် အမြင့် ၂ ဒသမ ၅ ပေရှိပြီး ကုန်ပစ္စည်းအလေးချိန် ပေါင် ၂၂၀၀ ကျော် (ကီလိုဂရမ် ၁၀၀၀) သယ်ဆောင်နိုင်ကြောင်း သိရသည်။

စတားဖောလ် အာကာသယာဉ်အနေဖြင့် ကမ္ဘာပတ်လမ်းပေါ်၌ မည်မျှကြာကြာရှိနေမည်ကို စပေ့အိတ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားခြင်း မရှိကြောင်း သိရသည်။

သို့ရာတွင် စတားဖောလ် အာကာသယာဉ်သည် ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်ချိန်တွင် အမေရိကန်နိုင်ငံနှင့် ရေမိုင် ၇၀၀ အကွာရှိ ပစိဖိတ်သမုဒ္ဒရာရေပြင်အတွင်း ပြန်လည်ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## တရုတ်နိုင်ငံ၏ စူပါကွန်ပျူတာတစ်လုံးက အမေရိကန် စူပါကွန်ပျူတာများကို ကျော်ဖြတ်၍ ကမ္ဘာ့စွမ်းဆောင်ရည်အမြင့်ဆုံးအဖြစ် ရပ်တည်နေ

**ပေကျင်း ဇွန် ၂၆**

တရုတ်နိုင်ငံ၏စူပါကွန်ပျူတာတစ်လုံးသည် အမေရိကန် စူပါကွန်ပျူတာများကို ကျော်ဖြတ်၍ ကမ္ဘာ့စွမ်းဆောင်ရည် အမြင့်ဆုံးအဖြစ် ရပ်တည်နေပြီဖြစ်ကြောင်း ဇွန် ၂၅ ရက် သတင်းများအရ သိရသည်။

ထိပ်တန်း စူပါကွန်ပျူတာ ၅၀၀ စာရင်းအရ တရုတ်နိုင်ငံ၏ LineShine ကွန်ပျူတာသည် အမေရိကန်နိုင်ငံ၏ အယ်လ်ကတ်ပီတန်စူပါကွန်ပျူတာကို ကျော်ဖြတ်၍ ကမ္ဘာ့စွမ်းဆောင်ရည်အမြင့်ဆုံး စူပါကွန်ပျူတာဖြစ်လာကြောင်း သိရသည်။

LineShine စူပါကွန်ပျူတာကို တရုတ်နိုင်ငံ၏ အမျိုးသားစူပါကွန်ပျူတာဗဟိုဌာနက တည်ဆောက်ထားခြင်း ဖြစ်ကြောင်း သိရသည်။

LineShine စူပါကွန်ပျူတာသည် တစ်စက္ကန့်လျှင် တွက်ချက်မှုပေါင်း နှစ်ကွင်တီလီယန် (2 Quintillion) ထိ ပြုလုပ်နိုင်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၏ အယ်လ်ကတ်ပီတန် စူပါကွန်ပျူတာကို အမေရိကန်အစိုးရ၏ လောရင့်စ်လီဗာမိုး အမျိုးသားဓာတ်ခွဲခန်းက တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ထိပ်တန်း စူပါကွန်ပျူတာ ၅၀၀ စာရင်းတွင် အမေရိကန်နိုင်ငံ၏ အယ်လ်ကတ်ပီတန်စူပါကွန်ပျူတာမှာ ဒုတိယနေရာသို့ ကျဆင်းသွားပြီဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## အရက်သောက်ပြီးချိန် မျက်နှာနီမြန်းတတ်သူများ၌ အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ မြင့်မားလာနိုင်

**နယူးယောက် ဇွန် ၂၆**

အရက်သောက်သုံးပြီးချိန် မျက်နှာ နီမြန်းလာတတ်သူများတွင် အယ်ဇိုင်းမားရောဂါဖြစ်ပွားနိုင်ခြေ သာမန်ထက် ပိုမြင့်မားနိုင်ကြောင်း သုတေသန ပညာရှင်များ၏အဆိုကို ကိုးကား၍ ဇွန် ၂၅ ရက် သတင်းများအရ သိရသည်။

အရက်သေစာ အလွန်အကျွံသောက်သုံးပါက အယ်ဇိုင်းမားရောဂါဖြစ်ပွားနိုင်ခြေ မြင့်တက်လာနိုင်သည်ဟု သုတေသနပညာရှင်များက ရှေးယခင်ကပင် လက်ခံထားပြီးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အမေရိကန်နိုင်ငံ ဖလော်ရီဒါတက္ကသိုလ်မှ သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အရက်သောက်သုံးပြီးချိန် မျက်နှာနီမြန်းလာတတ်သူများတွင် အယ်ဇိုင်းမားရောဂါဖြစ်ပွားနိုင်မှုမှာ သာမန်ထက်မြင့်မားလာနိုင်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အရက်သောက်ချိန် မျက်နှာနီမြန်းမှုနှင့် ဆက်စပ်နေသည့် မျိုးဗီဇတစ်မျိုးကို လေ့လာခဲ့ကြရာ အရက်သောက်သုံးပြီးချိန်တွင် Acetaldehyde ဓာတုဒြပ်ပေါင်းများ စုစည်းလာတတ်ပြီး မျက်နှာနီမြန်းမှု၊ ခေါင်းကိုက်မှု၊ နှလုံးခုန်မြန်လာမှုများ ဖြစ်ပေါ်လာတတ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ယနေ့ခေတ် မျိုးဆက်သစ်လူငယ်များက မျိုးဆက်ဟောင်းများထက် အိုမင်းမှုပိုမြန်ဆန်လာပြီး ကင်ဆာရောဂါဖြစ်ပွားနိုင်ခြေ မြင့်တက်လာ

**လန်ဒန် ဇွန် ၂၆**

မျိုးဆက်သစ်လူငယ်များသည် ယခင် မျိုးဆက်ဟောင်းများထက် အိုမင်းမှုပိုမြန်ဆန်လာပြီး ကင်ဆာရောဂါများ ဖြစ်ပွားနိုင်ခြေမြင့်တက်လာကြောင်း သုတေသန ပညာရှင်များ၏ အဆိုကိုကိုးကား၍ ဇွန် ၂၅ ရက် သတင်းများအရ သိရသည်။

ဗြိတိန်နိုင်ငံ ကင်ဆာသုတေသနဌာနမှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အရွယ်ရောက် လူငယ်များကြားရင်သားကင်ဆာ၊ အူမကြီးကင်ဆာနှင့်ပန်ကရိယကင်ဆာရောဂါ အပါအဝင် ကင်ဆာရောဂါ ၁၁ မျိုးဖြစ်ပွားနှုန်း မြင့်တက်လာသည်ကို တွေ့ရကြောင်း သိရသည်။

သာမန်အားဖြင့် အထက်ပါ ကင်ဆာရောဂါများသည်သက်ကြီးပိုင်းများ၌ ဖြစ်ပွားတတ်သည့် ကင်ဆာရောဂါများ ဖြစ်ကြရာ ဆေးပညာရှင်များက အဖြေရှာရန် ကြိုးပမ်းခဲ့ကြရကြောင်း သိရသည်။

ထိုကဲ့သို့ အရွယ်ရောက်လူငယ်များကြား အထက်ပါကင်ဆာရောဂါ ၁၁ မျိုး ဖြစ်ပွားနှုန်းမြင့်တက်လာရခြင်း၏ နောက်ခံအကြောင်းတရားများထဲတွင် အစားအစာစားသုံးမှုပုံစံ၊ အဝလွန်မှု၊ ဆေးလိပ်သောက်သုံးမှု၊ အရက်သောက်သုံးမှုပုံစံများ ပါဝင်နိုင်သည်ဟု နိုင်ငံတကာ သုတေသနပညာရှင်များက အဆိုပြုထားသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ယနေ့ခေတ် အရွယ်ရောက်လူငယ်များကြား ဇီဝသက်တမ်းအိုမင်းမှု ပိုမြန်ဆန်လာခြင်းသည် အထက်ပါ ကင်ဆာရောဂါများ ဖြစ်ပွားရခြင်း၏ နောက်ခံအကြောင်းတရားဖြစ်နိုင်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# Lexus Eastbourne Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ကို မက်ဒီဆင်ကီး၊ အိုစတာပင်ကိုတို့ တက်ရောက်

**လန်ဒန် ဇွန် ၂၆**

အင်္ဂလန်နိုင်ငံ အီစ်ဘုန်းမြို့တွင် ကျင်းပနေသည့် Lexus Eastbourne Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည့် အမေရိကန် တင်းနစ်မယ် မက်ဒီဆင်ကီးနှင့် လတ်ဗီးယားတင်းနစ်မယ် အိုစတာပင်ကိုတို့သည် ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်ခဲ့ကြောင်း Tennis 365 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မက်ဒီဆင်ကီးသည် ကွာတားဖိုင်နယ်အဆင့်တွင် အမေရိကန် တင်းနစ်မယ် ကက်စလာနှင့် ကစားခဲ့ပြီး မက်ဒီဆင်ကီးက (၆-၃၊ ၆-၁)ရလဒ်ဖြင့် အနိုင်ရခဲ့သကဲ့သို့ အိုစတာပင်ကိုသည်လည်း တူကီယဲတင်းနစ်မယ် ဆန်မက်ဇ်နှင့် ကစားခဲ့ပြီး အိုစတာပင်ကိုက(၆-၃၊ ၆-၀)ရလဒ်ဖြင့် အနိုင်ရကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြခြင်းဖြစ်သည်။

ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်သွားနိုင်ခဲ့သည့် မက်ဒီဆင်ကီးက "ကွာတားဖိုင်နယ်အဆင့်မှာ ကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်နဲ့ ပတ်သက်ပြီး အားရကျေနပ်မှု အပြည့်အဝရှိပါတယ်။ ဆီမီးဖိုင်နယ်အဆင့်မှာလဲ ဒီထက်ပိုကောင်းတဲ့ စွမ်းဆောင်ရည်တွေနဲ့ ကစားနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားသွားခဲ့သည်။

အိုစတာပင်ကိုက "ကွာတားဖိုင်နယ်အဆင့်ကို မကစားနိုင်တော့ဘူးထင်ထားတာ။ အပူချိန် အရမ်းမြင့်တဲ့အတွက် ချွေးထွက်များခဲ့ပါတယ်။ ကံကောင်းစွာနဲ့ ကွာတားဖိုင်နယ်အဆင့်ကို ကစားနိုင်ခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Tennis 365

Trs : AZL





# ၂၀၂၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အမေရိကန်၊ ဩစတြေးလျ၊ ဂျာမနီ၊ အိုင်ဗရီကို့စ်၊ နယ်သာလန်၊ ဂျပန်အသင်းတို့ ၃၂ သင်းရှုံးထွက်အဆင့်တက်ရောက်

**ဝါရှင်တန် ဇွန် ၂၆**

၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(D)၊ အုပ်စု(E)၊ အုပ်စု(F)တို့တွင် အုပ်စုပွဲစဉ်များအပြီး အမေရိကန်၊ ဩစတြေးလျ၊ ဂျာမနီ၊ အိုင်ဗရီကို့စ်၊ နယ်သာလန်၊ ဂျပန်အသင်းတို့သည် ၃၂ သင်း ရှုံးထွက်အဆင့် တက်ရောက်နိုင်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက် ယနေ့တွင် ဖော်ပြခဲ့သည်။



၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု (D)၊ အုပ်စု(E)၊ အုပ်စု(F) အုပ်စုနောက်ဆုံးပွဲစဉ်များကို ယနေ့ နံနက်ပိုင်းက ကစားခဲ့ကြရာ အုပ်စု(D)တွင် တူကီယဲအသင်းက အမေရိကန်အသင်းကို သုံးဂိုးနှစ်ဂိုးဖြင့်အနိုင်ရပြီး ပါရာဂွေးအသင်းနှင့် ဩစတြေးလျအသင်းတို့ ပွဲစဉ်တွင် ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့သည့်အတွက် အမေရိကန်အသင်းက အုပ်စုက ပထမ၊ ဩစတြေးလျအသင်းက ဂိုးကွာခြားချက်အသာစီးရရှိခဲ့ကာ အုပ်စုဒုတိယဖြင့် ၃၂ သင်း ရှုံးထွက်အဆင့် တက်ရောက်ခဲ့ပြီး ပါရာဂွေးအသင်းက အုပ်စုတတိယနေရာတွင် ရပ်တည်ခဲ့သည်။

အလားတူ အုပ်စု(E)တွင်လည်း အိုင်ဗရီကို့စ်အသင်းက ကူရာကာအိုအသင်းကို နှစ်ဂိုး ဂိုးမရှိ၊ အီကွေဒေါ်အသင်းက ဂျာမနီအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီးနောက် ဂျာမနီအသင်းက အုပ်စုပထမ၊ အိုင်ဗရီကို့စ်အသင်းက အုပ်စုဒုတိယဖြင့် ၃၂ သင်း ရှုံးထွက်အဆင့်တက်ရောက်ခဲ့ပြီး အီကွေဒေါ်အသင်းက အုပ်စုတတိယနေရာတွင် ရပ်တည်ခဲ့သည်။

ဆက်လက်ပြီး အုပ်စု(F)တွင်လည်း နယ်သာလန်အသင်းက တူနီးရှားအသင်းကို သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရပြီး ဂျပန်အသင်းနှင့် ဆွီဒင်အသင်းတို့ပွဲစဉ်တွင် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သောကြောင့် နယ်သာလန်အသင်းက အုပ်စုပထမ၊ ဂျပန်အသင်းက အုပ်စုဒုတိယဖြင့် ၃၂ သင်း ရှုံးထွက်အဆင့်တက်ရောက်ခဲ့ကာ ဆွီဒင်အသင်း က အုပ်စုတတိယနေရာတွင် ရပ်တည်ခဲ့ကြကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# Women's PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီး အမှတ်ပေးဇယားကို ယွန်းအင်နာ ဦးဆောင်

**ချက်စကာ ဇွန် ၂၆**

အမေရိကန်နိုင်ငံ ချက်စကာမြို့တွင်ကျင်းပနေသည့် Women's PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ယွန်းအင်နာက သတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဩစတြေးလျ ဂေါက်သီးရိုက်မယ် ဒါဗစ်ဆန်က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ကင်မ်အာလင်မ်နှင့် အမေရိကန် ဂေါက်သီးရိုက်မယ် အဲလက်ဇာပါနိုတို့က သတ်မှတ်ရိုက်ချက်ထက် ငါးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နေသည်။

ယွန်းအင်နာက "ပထမနေ့ကို ဖိအားကင်းကင်းနဲ့ ကစားနိုင်ခဲ့ပါတယ်။ စွမ်းဆောင်ရည်ပိုင်းကို အားရကျေနပ်မှု အပြည့်အဝရှိခဲ့သလို ရလဒ်ပိုင်းကလဲ မျှော်လင့်မထားတဲ့ ရလဒ်မျိုးပါ။ ပထမနေ့ရလဒ်နဲ့ ပထမနေ့မှာ ယှဉ်ပြိုင်ကစားခဲ့ရတဲ့ အခြေအနေက ကျွန်မရဲ့ ကစားသမားဘဝအတွက် ထူးခြားတဲ့ အတွေ့အကြုံပါ။ ကျင်းစိမ်းတဲ့အပိုင်းမှာ ကောင်းမွန်ခဲ့လို့ ရိုက်ချက်တွေက ကောင်းခဲ့တာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sky Sports

Trs : AZL

# ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂ သင်းရှုံးထွက်အဆင့်တွင် ဘရာဇီးအသင်းနှင့် ဂျပန်အသင်းတို့တွေ့ဆုံ

**ဝါရှင်တန် ဇွန် ၂၆**

၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ၃၂ သင်း ရှုံးထွက်အဆင့်တွင် ဘရာဇီးအသင်းနှင့် ဂျပန်အသင်းတို့ ထိပ်တိုက်တွေ့ဆုံနေကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိ ၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အုပ်စုပွဲစဉ်အချို့ပြီးဆုံးခဲ့ပြီဖြစ်ပြီး အုပ်စုအနည်းငယ်သာ ဆက်လက်ကစားရန် ကျန်ရှိနေခြင်းဖြစ်သည်။

ဘရာဇီးအသင်းသည် အုပ်စု(C)တွင် အုပ်စုသုံးပွဲကစားခဲ့ရာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ရမှတ် ခုနစ်မှတ်ရရှိခဲ့ကာ အုပ်စုပထမဖြင့် ၃၂ သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ပြီး ဂျပန်သင်းသည် အုပ်စု(F)တွင် အုပ်စုပွဲစဉ်သုံးပွဲကစားခဲ့ရာ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ ရမှတ် ငါးမှတ်ရရှိခဲ့ပြီး အုပ်စုဒုတိယဖြင့် ၃၂ သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဘရာဇီးအသင်းနှင့် ဂျပန်အသင်းတို့သည် ပြိုင်ပွဲစုံ ခုနစ်ပွဲ တွေ့ဆုံခဲ့ရာ သရေရလဒ်မရှိခဲ့ဘဲ ဘရာဇီးအသင်းက ခြောက်ကြိမ် အနိုင်ရရှိခဲ့ကာ ဂျပန်အသင်းက တစ်ကြိမ်ပြန်လည် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ၃၂ သင်း ရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ဘရာဇီးအသင်းနှင့် ဂျပန်အသင်းတို့သည် ဇွန် ၂၉ ရက်တွင် ကစားသွားမည် ဖြစ်ကြောင်း သိရသည်။

Ref : 365 Scores

Trs : STA

# မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၆)တွင် ဖယ်ကွန်အက်ဖ်စီအသင်း၊ သစ္စာအားမာန်အသင်း၊ ရန်ကုန်ယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

**ရန်ကုန် ဇွန် ၂၆**

မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၆)ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ဖယ်ကွန်အက်ဖ်စီအသင်း၊ သစ္စာအားမာန်အသင်း၊ ရန်ကုန်ယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။



မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၆) ပွဲစဉ်များအဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းအားကစားကွင်းတွင် ဖယ်ကွန်အက်ဖ်စီ အသင်းနှင့် ဂလက်ဆီအက်ဖ်စီ အသင်းတို့ ကစားခဲ့ရာ ဖယ်ကွန်အက်ဖ်စီအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရပြီး ဖယ်ကွန်အက်ဖ်စီအသင်း အတွက် သွင်းဂိုးများကို ပွဲချိန် ၄၇ မိနစ်တွင် ဖုန်းခန့်အောင်၊ ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပို သုံးမိနစ်တွင် ညီညီသန့်တို့ကသွင်းယူခဲ့ကာ ဂလက်ဆီအက်ဖ်စီအသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၂၁ မိနစ်တွင် စိုင်းမင်းအောင်က သွင်းယူခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက YUSC အားကစားကွင်းတွင် သစ္စာအားမာန်အသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ သစ္စာအားမာန်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရပြီး သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၆ မိနစ်နှင့် ၇၈ မိနစ်တို့တွင် ဝင်းခန့်ပိုင်ဖြိုးက သွင်းယူခဲ့ကာ စစ်ကိုင်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၄၉ မိနစ်တွင် နိုင်လင်းထွဋ်က သွင်းယူခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီခွဲက သီဟဒီပအားကစားကွင်းတွင် ရန်ကုန်စီးတီးအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက ငါးဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၆ မိနစ်၊ မိနစ် ၃၀၊ ၅၁ မိနစ်တို့တွင် လမင်းပြည့်စုံ၊ ပွဲချိန် ၄၅ မိနစ်တွင် ကောင်းမြတ်အောင်၊ ပွဲချိန် ၆၃ မိနစ်တွင် ထူးဝဏ္ဏတို့က သွင်းယူခဲ့ကြောင်း သိရသည်။ STA

# ဖွားဖက်တော် ရုပ်ရှင်ဇာတ်ကားကို ဇူလိုင်လပထမပတ်တွင် နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်




ရန်ကုန် ဇွန် ၂၆

ပါဝါကင်း ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ဖွားဖက်တော်ရုပ်ရှင်ဇာတ်ကားကို ဇူလိုင်လပထမပတ်တွင် နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါဖွားဖက်တော်ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ထွန်းထွန်းထံမှ သိရသည်။

ဖွားဖက်တော်ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ဒွေးမေတ္တာနှင့် အောင်ခန့်ဇော်(စိန်ပေါ်လ်) တို့က ရေးသားထားပြီး မောင်မြတ်ဆွေက ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာစတီးလ်(ဒွေးမေတ္တာ)က ပါဝါကင်းရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အစ်ကို ကိုနေတိုးနဲ့ အတူတူရိုက်ခဲ့တဲ့ ရုပ်ရှင်တွေထဲမှာ ဒီဇာတ်ကားကို တကယ်အားရပါတယ်။ အစ်ကိုနဲ့တွဲပြီးတော့ အလုပ်လုပ်ခွင့် ရတဲ့အတွက်လဲ ဦးစတီးလ်ကို ကျေးဇူးတင်ပါတယ်"ဟု သရုပ်ဆောင် ထွန်းထွန်းက ပြောပြသည်။

ပါဝါကင်း ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ဖွားဖက်တော် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် နေတိုး၊ ထွန်းထွန်း၊ နေရဲ၊ ဖွဲ့နိုင်ဝင်း၊ ထူးခြား၊ သိန်းလင်း၊ ရွှေသမီး၊ ပိုးကြာဖြူခင်၊ ကြယ်ဖြူရှင်းသန့်၊ စင်သီယာ၊ ဒေါ်အိအိစိုးနှင့် သရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# အမျိုးသားဇာတ်ရုံ(ရန်ကုန်)တွင်ကျင်းပမည့် သဘင်သက်တမ်း နှစ် ၅၀ ပြည့် မန္တလေးသိန်းဇော် သဘင်ရွှေရတုပွဲတော်ဖျော်ဖြေပွဲကို M Channel ရုပ်သံလိုင်းက တိုက်ရိုက်ထုတ်လွှင့်မည်

ရန်ကုန် ဇွန် ၂၆

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ(ရန်ကုန်)တွင်ကျင်းပမည့် သဘင်သက်တမ်း နှစ် ၅၀ ပြည့် မန္တလေးသိန်းဇော် သဘင်ရွှေရတုပွဲတော်ဖျော်ဖြေပွဲကို M Channel ရုပ်သံလိုင်းက တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း ဇာတ်မင်းသားကြီး မန္တလေးသိန်းဇော်ထံမှ သိရသည်။

သဘင်သက်တမ်း နှစ် ၅၀ ပြည့် မန္တလေးသိန်းဇော် သဘင်ရွှေရတုပွဲတော်ဖျော်ဖြေပွဲကို ဇွန် ၂၇ ရက်နှင့် ဇွန် ၂၈ ရက်တို့တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ (ရန်ကုန်) တွင် ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါ မန္တလေးသိန်းဇော် သဘင်ရွှေရတုပွဲတော်ဖျော်ဖြေပွဲတွင် ဖျော်ဖြေတင်ဆက်မှုများကို M Channel ရုပ်သံလိုင်း၊ M Channel Myanmar YouTube Channel တို့မှ ဇွန် ၂၇ ရက် ညနေ ၆ နာရီမှစတင်ကာ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်ပွဲလေးကို နေရာဒေသမရွေးကနေ M Channel မှာ တိုက်ရိုက်ကြည့်နိုင်တော့မှာဖြစ်ပါတယ်။ သဘင်ကို ချစ်မြတ်နိုးပြီး ပွဲခင်းထဲထိ ကိုယ်တိုင်ကိုယ်ကျ သွားရောက်အားပေးဖို့မဖြစ်နိုင်တဲ့ ပရိသတ်ကြီးအတွက် M Channel ရဲ့ TV ဖန်သားပြင်ကနေသာမက YouTube ကပါ တိုက်ရိုက်ကြည့်ရှုလို့ရအောင် M Channel က စီစဉ်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်"ဟု ဇာတ်မင်းသားကြီး မန္တလေးသိန်းဇော်က ပြောပြသည်။




မန္တလေးသိန်းဇော် သဘင်ရွှေရတုပွဲတော်တွင် မန္တလေးစိန်တင့်လွင်၊ ဒါရိုက်တာငြိမ်းမင်း၊ သန်းမြတ်စိုး၊ တင်တင်မြ၊ ချိုပြုံး၊ စိုးစန္ဒာထွန်း၊ မေသက်ထားဆွေ၊ ဝင့်သီရိ၊ ခိုင်သဇင်သင်း၊ မိုးပြည့်ပြည့်မောင်၊ အိအိချွန်စသည့် အနုပညာရှင်များက ဂုဏ်ပြုဖျော်ဖြေ တင်ဆက်ကြမည်ဖြစ်ကြောင်း၊ ထို့ပြင် ဇာတ်မင်းသားလေး အောင်ဇမ္ဗူက သဘင်အကအလှုဖြင့် ကန်တော့ပန်းဆင်မည်ဖြစ်ပြီး ဇာတ်မင်းသားကြီး မန္တလေးသိန်းဇော်၊ မိုးဝင်း၊ နန်းဝင်း၊ ရွှေမန်းချမ်းသာတို့ကလည်း ဇာတ်သဘင်အကအလှုများဖြင့် ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Homewrecker သိပ်ပွဲလျှို့ဝှက်သည်းဖိုဇာတ်ကားကို ဒါရိုက်တာ ခရိတ်ဂျီလက်စပီက တာဝန်ယူရိုက်ကူးဖွယ်ရှိ

နယူးယောက် ဇွန် ၂၆

Legendary ရုပ်ရှင်ကုမ္ပဏီ၏ Homewrecker အမည်ရှိ သိပ်ပွဲလျှို့ဝှက်သည်းဖို ဇာတ်ကားကို ဒါရိုက်တာ ခရိတ်ဂျီလက်စပီက တာဝန်ယူရိုက်ကူးဖွယ်ရှိကြောင်း ဇွန် ၂၅ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် Homewrecker ဇာတ်ကားကို တာဝန်ယူရိုက်ကူးရေးအတွက် ဒါရိုက်တာ ခရိတ်ဂျီလက်စပီက Legendary ကုမ္ပဏီနှင့် ဆွေးနွေးနေပြီဖြစ်ကြောင်း သိရသည်။

Homewrecker ဇာတ်ကားကို စာရေးဆရာ နေးပိတ်၏ ဝတ္ထုတစ်ပုဒ်ကို အခြေခံရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကိုလည်း စာရေးဆရာ နေးပိတ်ကပင် ရေးသားပေးထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် အထက်ပါဇာတ်ကား၏ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို Legendary ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Homewrecker ဇာတ်ကားတွင် အဓိကဇာတ်ကောင်အဖြစ် မင်းသား ဂလန်းပိုဝဲ ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ ခရိတ်ဂျီလက်စပီသည် DC Studio ၏ Supergirl ဇာတ်ကားကို တာဝန်ယူရိုက်ကူးပေးထားဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# ယူနီဗာဆယ်၏ Lego ဇာတ်ကား၌ မင်းသား ကီနူးရိဗ် ပါဝင်ဖွယ်ရှိ

နယူးယောက် ဇွန် ၂၆

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ Lego ဇာတ်ကား၌ ကမ္ဘာကျော် မင်းသား ကီနူးရိဗ် ပါဝင်ဖွယ်ရှိကြောင်း ဇွန် ၂၅ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် မင်းသား ကီနူးရိဗ်သည် Lego ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရေးအတွက် ယူနီဗာဆယ် ရုပ်ရှင်ကုမ္ပဏီနှင့် ဆွေးနွေးနေကြောင်း သိရသည်။

Lego ဇာတ်ကားကို ဒါရိုက်တာ ဂျို့ကိုးလေးက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Lego ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

မင်းသား ကီနူးရိဗ်သည် ဒါရိုက်တာ ဂျို့ကိုးလေး၏ Toy Story-4 ဇာတ်ကား၌ အသံဖြင့် ပါဝင်သရုပ်ဆောင်ခဲ့ဖူးသူဖြစ်ကြောင်း သိရသည်။

မင်းသား ကီနူးရိဗ် နောက်ဆုံးပါဝင် သရုပ်ဆောင်ထားသည့် ရုပ်ရှင်ဇာတ်ကားမှာ Lionsgate ၏ John Wick မှုကွဲဇာတ်ကားဖြစ်သည့် Ballerina ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO




# Seasons ထိတ်လန့်သည်းဖိုဇာတ်ကားတွင် မင်းသမီး လီလီဂျိမ်း ပါဝင်သရုပ်ဆောင်မည်

နယူးယောက် ဇွန် ၂၆

Amazon MGM ရုပ်ရှင်ကုမ္ပဏီ၏ Seasons အမည်ရှိ ထိတ်လန့်သည်းဖိုဇာတ်ကားတွင် မင်းသမီး လီလီဂျိမ်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇွန် ၂၅ ရက် သတင်းများအရ သိရသည်။

Seasons ဇာတ်ကားသည် စာရေးဆရာ မက်ကွာရီနှင့် ဟာရစ်ဆင်ကွာရီတို့၏ ခေါင်းစဉ်အမည်တူဝတ္ထုကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားသည် လယ်တောခြံတစ်ခြံကို ဝယ်ယူပြီးနောက် ထူးဆန်းသော ရှေးဟောင်းဝိညာဉ်များနှင့်တွေ့ဆုံခဲ့ရသော ဇနီးမောင်နှံတို့၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

Seasons ဇာတ်ကားကို ဒါရိုက်တာ ဒရူးဟန်းကော့က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင်ပင် ရေးသားထားကြောင်း၊ ဒါရိုက်တာ ဒရူးဟန်းကော့သည် New Line ရုပ်ရှင်ကုမ္ပဏီ၏ Campanion ဇာတ်ကားကို တာဝန်ယူရိုက်ကူးပေးခဲ့သည့် ဒါရိုက်တာဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Seasons ဇာတ်ကားရိုက်ကူးမည့်ရက်နှင့် ရုံတင်မည့်ရက်တို့ကို Amazon MGM က ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# ကျောင်းစာကြည့်တိုက်မှသည် အောင်မြင်သောစာကြည့်တိုက်များဆီသို့

**ညွန့်ဝင်း(နတ်တလင်း)**

နိုင်ငံတော်သည် ပညာရေးအဆင့်မြှင့်တင်ရန်အတွက် ပညာရေးပြုပြင်ပြောင်းလဲမှုများပြုလုပ်နေချိန်တွင် စာကြည့်တိုက်အသုံးချတတ်မှုသည် ကျောင်းသားများ လေ့လာသင်ယူရာ၌ များစွာအထောက်အကူပြုသည်။ ကျောင်းစာကြည့်တိုက်သည် ကျောင်းသား၊ ကျောင်းသူများ ပညာဆည်းပူးရာ၌ ဆန်းသစ်တီထွင်မှု၊စူးစမ်းသိမြင်မှု၊ အခက်အခဲဖြေရှင်းနိုင်မှုစွမ်းရည်များရရှိသော သော့ချက်နေရာဖြစ်သည်။ ရပ်ရွာ၊ မြို့နယ်များတွင်လည်း စာကြည့်တိုက်သည် စာအုပ်နှင့်ပြည်သူလူထုကို ဆက်သွယ်ပေးရာဌာန၊ ပညာဗဟုသုတဖြန့်ဖြူးပေးရာဌာန၊ စာပေများမပျောက်ပျက်အောင် သိုမှီးထိန်းသိမ်းပေးရာဌာန၊ လူမျိုးဘာသာ အဆင့်အတန်းမရွေး ကြီးငယ်မဟူ မိမိကိုယ်တိုင် ပညာသင်ယူခွင့်ပြုထားရာဌာန၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပေးရာဌာနဟူသော အခိပ္ပာယ်များ ဆောင်နေပေသည်။ ထို့ကြောင့် စာကြည့်တိုက်သည် ပညာလိုလားသူတို့ကိုယ်တိုင် လွတ်လပ်စွာပညာရှာယူနိုင်သော တက္ကသိုလ်၊ နိုင်ငံစာပေနှင့် ယဉ်ကျေးမှုများမပျောက်ပျက်အောင် ထိန်းသိမ်းပေးရာဌာနဟု ခေါ်ဆိုနိုင်ပေသည်။

စာကြည့်တိုက်တစ်ခု အောင်မြင်စွာတည်ထောင်နိုင်ရေးအတွက် B ငါးလုံး နှင့်ပြည့်စုံရမည်ဖြစ်ပါသည်။ B ငါးလုံးဆိုသည်မှာ Building (စာကြည့်တိုက်အဆောက်အအုံ)၊ Books (စာအုပ်များ)၊ Brain (စာကြည့်တိုက်မှူး)၊ Borrowers (စာဖတ်သူများ) နှင့် Budget (စာကြည့်တိုက်ရန်ပုံငွေ)တို့ကို ဆိုလိုသည်။

စာကြည့်တိုက်တည်ရှိရာနေရာသည် ဆိတ်ငြိမ်ရမည်။ သန့်ရှင်းရမည်။ စာဖတ်သူအားလုံးအတွက် ဗဟိုအချက်အချာကျသောနေရာဖြစ်ရမည်။ ဆူညံသောနေရာ၊ ရေဝင်လွယ် မီးလောင်လွယ်သောနေရာ မဖြစ်ရပါ။ စိုထိုင်းသောနေရာ၊ ကြွက်၊ ခြ၊ ပုရွက်ဆိတ်စသော အင်းဆက်များရှိသောနေရာမျိုးမဖြစ်သင့်ပါ။ လေဝင်လေထွက်ကောင်း၍ အလင်းရောင်ကောင်းစွာရသောနေရာ ဖြစ်ရမည်။

စာကြည့်တိုက်တွင် စာအုပ်၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းများ စုံလင်စွာရှိရမည်။ ပညာရပ်ဆိုင်ရာ၊ ဘာသာရပ်ဆိုင်ရာ၊လူမှုရေးဆိုင်ရာ၊ယဉ်ကျေးမှုဆိုင်ရာ၊နိုင်ငံရေးဆိုင်ရာ စသည်ဖြင့်အမျိုးအစားစုံလင်မှုတစ္စာ ထားရှိရမည်။ ကလေး၊ လူငယ်၊ လူလတ်၊ လူကြီး အရွယ်စုံဖတ်နိုင်သော စာအုပ်စာပေများ စုဆောင်းဖြည့်ဆည်းထားရမည်။ သို့မှသာ အသက်အရွယ်မရွေး ဖတ်ရှုပညာရှာဖွေနိုင်သည့် စာကြည့်တိုက်ဖြစ်မည်။ စာအုပ်များကို စာကြည့်တိုက်တွင်သာ ဖတ်ရှုနိုင်သောစာအုပ်များ (ငှားရမ်းခွင့်မရှိသော စာအုပ်များ)၊ ငှားရမ်းဖတ်ရှုနိုင်သော စာအုပ်များကို စနစ်တကျ ခွဲခြားထားရမည်။

စာကြည့်တိုက်ကိစ္စအဝဝ တာဝန်ယူဆောင်ရွက်နိုင်မည့်စာကြည့်တိုက်မှူးရှိရမည်။ စာကြည့်တိုက်မှူးသည် ခေတ်ပညာတတ် ဘွဲ့ရသူ၊ စာကြည့်တိုက်ပညာဘွဲ့ရသူ သို့မဟုတ် အနည်းဆုံးအခြေခံစာကြည့်တိုက်သင်တန်းဆင်းလက်မှတ်ရသူ ဖြစ်ရမည်။ ထို့ပြင် စာကြည့်တိုက်စနစ်တကျဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်သူ၊ စာဖတ်သူများ၏လိုအပ်ချက်နှင့်အညီ တာဝန်ယူဆောင်ရွက်ပေးနိုင်သူဖြစ်ရမည်။ စာကြည့်တိုက်မှူးတွင် စာကြည့်တိုက်အရွယ်အစားအလိုက် စာကြည့်တိုက်မှူး၊ လက်ထောက်စာကြည့်တိုက်မှူး၊ စာကြည့်တိုက်လက်ထောက်၊ စာကြည့်တိုက်အကူ စသည့်ပုဂ္ဂိုလ်များ ပါဝင်သည်။ ကျောင်းများတွင်စာကြည့်တိုက်မှူးတာဝန်ကို ဆရာ၊ ဆရာမများ အလှည့်ကျခွဲဝေဆောင်ရွက်နိုင်သည်။ စာကြည့်တိုက်မှူးနှင့်တာဝန်ထမ်းဆောင်သူများသည် စာအုပ်များကို အမှတ်စဉ်နှင့် အမျိုးအမည်များ ခွဲခြားရေးသားခြင်း၊ စာအုပ်များကို စနစ်တကျ နေရာချထားသိမ်းဆည်းခြင်း၊ စာအုပ်ငှားရမ်းခြင်း စသောလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

**❖ စာကြည့်တိုက်တွင် စာအုပ်၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းများ စုံလင်စွာရှိရမည်။ ပညာရပ်ဆိုင်ရာ၊ ဘာသာရပ်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာ စသည်ဖြင့်အမျိုးအစားစုံလင်မှုတစ္စာ ထားရှိရမည်။ ကလေး၊ လူငယ်၊ လူလတ်၊ လူကြီး အရွယ်စုံဖတ်နိုင်သော စာအုပ်စာပေများ စုဆောင်းဖြည့်ဆည်းထားရမည်။ သို့မှသာ အသက်အရွယ်မရွေး ဖတ်ရှုပညာရှာဖွေနိုင်သည့် စာကြည့်တိုက်ဖြစ်မည်။ စာအုပ်များကို စာကြည့်တိုက်တွင်သာ ဖတ်ရှုနိုင်သောစာအုပ်များ (ငှားရမ်းခွင့်မရှိသော စာအုပ်များ)၊ ငှားရမ်းဖတ်ရှုနိုင်သော စာအုပ်များကို စနစ်တကျခွဲခြားထားရမည်။ ❖**

စာကြည့်တိုက်ကို လာရောက်စာဖတ်မည့်၊ စာအုပ်ငှားရမ်းမည့် စာဖတ်ပရိသတ်များရှိရမည်။ စာဖတ်ပရိသတ်၏ လိုအပ်ချက်အလိုက် ရွေးချယ်ဖတ်ရှုနိုင်ရန်စာကြည့်တိုက်မှူးက စီမံဆောင်ရွက်ပေးရမည်။ ဥပမာ-ကျောင်းစာကြည့်တိုက်ဖြစ်လျှင် ကျောင်းသင်ဘာသာရပ် သင်ရိုးလိုအပ်ချက်များနှင့် ကိုက်ညီသော စာအုပ်စာတမ်းများ၊ ကျောင်းသား ကျောင်းသူများ၏ ပညာရေးအဆင့်အတန်းနှင့် အညီ သုတရသစာအုပ်များ ဖတ်ရှုနိုင်အောင်စီစဉ်ပေးရမည်။ ထို့ကြောင့်စာကြည့်တိုက်မှူးသည် မိမိစာကြည့်တိုက်၏ အမျိုးအစားနှင့် ရည်ရွယ်ချက်အလိုက် စာဖတ်ပရိသတ်လိုအင်ကို ဖြည့်ဆည်းပေးတတ်ရန်လိုသည်။

Budget (စာကြည့်တိုက်ရန်ပုံငွေ)သည် စာကြည့်တိုက် ရေရှည်တည်တံ့ရေးအတွက် အလွန်အရေးပါသည်။ စာအုပ်စာတမ်းများ ဝယ်ယူဖြည့်ဆည်းရန်၊ စာကြည့်တိုက်သုံးဗီရို၊ စာအုပ်စင်၊ စာဖတ်စားပွဲ၊ ကုလားထိုင်၊ကြော်ငြာသင်ပုန်းစသည့်ပရိဘောဂများ ဝယ်ယူဖြည့်ဆည်းရန်စာကြည့်တိုက်ရန်ပုံငွေကိုစနစ်တကျသုံးစွဲရလေသည်။ ကျောင်းများတွင်နိုင်ငံတော်ကပံ့ပိုးပေးသည့် ကျောင်းဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ စာကြည့်တိုက်အတွက် အချိုးကျခွဲဝေသုံးစွဲရမည်ဖြစ်သည်။ ရပ်ရွာနှင့်မြို့နယ် စာကြည့်တိုက်များတွင် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ထောက်ပံ့မှုများ၊ စေတနာရှင်များ၏ လှူဒါန်းမှုများဖြင့် လိုအပ်သလို စနစ်တကျ စီမံခွဲဝေသုံးစွဲရပေသည်။

စာကြည့်တိုက်တိုးတက်အောင်မြင်မှုရှိစေရန် စာကြည့်တိုက်ကော်မတီ ဖွဲ့စည်းထားရှိရသည်။ စာကြည့်တိုက်ကော်မတီသည် ဆောင်ရွက်မည့်လုပ်ငန်းများ၊ရှေ့ပြေးစီမံကိန်းများ၊ရေရှည်စီမံကိန်းများချမှတ်ထားရန် လိုအပ်သည်။ စာကြည့်တိုက်ကော်မတီအစည်းအဝေးကို လစဉ်ပုံမှန် သို့မဟုတ် သုံးလတစ်ကြိမ်ပြုလုပ်ပြီး ပုံမှန်စာကြည့်တိုက်လုပ်ငန်းများ၊ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေး ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးဆောင်ရွက်ကြရန် လိုအပ်သည်။

မြန်မာနိုင်ငံတွင် စာကြည့်တိုက်ဟူသော ဝေါဟာရကို အင်္ဂလိပ်ကိုလိုနီခေတ်မှစ၍ သုံးစွဲခဲ့သည်။ စာကြည့်ပိဋကတ်တိုက်ဟုလည်း ခေါ်ခဲ့ကြသည်။ ပိဋကတ်စာပေများသိုမှီးရာနေရာဖြစ်၍ပင်။ နောက်ပိုင်းတွင်ပိဋကတ်စာပေများသာမက အခြားဘာသာရပ်ဆိုင်ရာစာအုပ်စာပေများကိုပါ စုဆောင်းထားရှိ အသုံးပြုသည့်အတွက် စာကြည့်တိုက်ဟူသောဝေါဟာရတွင်ကျယ်လာခဲ့သည်။ မျက်မှောက်ခေတ်တွင် စာကြည့်တိုက်အမျိုးအစား လေးမျိုးရှိပြီး လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာနိုင်ငံတွင် ထိုစာကြည့်တိုက်အမျိုးအစားများ ဖွံ့ဖြိုးလာသည်။ ၎င်းတို့မှာ-

(၁) တက္ကသိုလ်ကောလိပ်စာကြည့်တိုက်
(၂) အမျိုးသားစာကြည့်တိုက်
(၃) ပြည်သူ့စာကြည့်တိုက်နှင့်
(၄) အထူးစာကြည့်တိုက်တို့ဖြစ်ကြသည်။

စာကြည့်တိုက်တစ်ခု ဖွံ့ဖြိုးတိုးတက်ရေးသည် စာကြည့်တိုက်မှူး၏ အရည်အချင်းပေါ်၌ မူတည်သည်။ စာကြည့်တိုက်မှူးတွင်ရှိရမည့် အရည်အချင်းများမှာ-

(၁) ဆက်ဆံရေးကောင်းမွန်သောအရည်အချင်း
(၂) စီမံခန့်ခွဲနိုင်သောအရည်အချင်း
(၃) နည်းပညာများကို တတ်ကျွမ်းသော အရည်အချင်း
(၄) ခေါင်းဆောင်နိုင်သောအရည်အချင်း
(၅) သင်ကြားသင်ယူလိုသောအရည်အချင်း
(၆) သုတေသနလုပ်ငန်းများကို စိတ်ဝင်စားသော အရည်အချင်းတို့ဖြစ်သည်။

စာကြည့်တိုက်မှူးသည် စာဖတ်သူများ၊ ပြင်ပပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရသူဖြစ်သဖြင့် ဆက်သွယ်ရေး အရည်အချင်းရှိမှသာ မိမိ၏စာကြည့်တိုက်တိုးတက်အောင်မြင်နိုင်သည်။ ဆက်သွယ်ရေးအရည်အချင်းများတွင် လူအများနှင့် ပြေပြစ်စွာပေါင်းသင်းဆက်ဆံတတ်ခြင်း၊ သည်းခံစိတ်အနွံတာခံစိတ်ရှိခြင်း၊ လုံ့လဝီရိယရှိခြင်း၊ လူမှုဝန်ထမ်းစိတ်ရှိခြင်း၊ ကိုယ်ကျိုးမဖက်ဘဲ အများအကျိုးအတွက်စေတနာထက်သန်စွာဖြင့် ဆောင်ရွက်လိုစိတ်ရှိခြင်း၊ အရပ်ဒေသဝန်းကျင်၏ အရိပ်အကဲ၊ စာဖတ်ပရိသတ်၏အရိပ်အကဲကို လိမ္မာပါးနပ်စွာ သုံးသပ်နိုင်ခြင်းတို့ ပါဝင်သည်။

စာကြည့်တိုက်မှူးသည် စာကြည့်တိုက်ကို စီမံခန့်ခွဲရာတွင် ကျွမ်းကျင်ခြင်း၊ မိမိလုပ်ငန်း အောင်မြင်ရေးအတွက်အမှန်တရားကိုသာ ရှေးရှုလုပ်ကိုင်ခြင်း၊ အလုပ်ကိုစိတ်ဝင်စားမှု ချစ်မြတ်နိုးမှုရှိခြင်း၊ လိုအပ်သော စာကြည့်တိုက်သုံးပရိဘောဂများကို ဝယ်ယူဖြည့်ဆည်းတတ်ခြင်း၊ ကြီးကြပ်ထိန်းသိမ်းတတ်ခြင်းစသော အရည်အချင်းများ ရှိရပေမည်။

စာကြည့်တိုက်မှူးသည် ခေတ်နှင့်အညီလျင်မြန်စွာပြောင်းလဲတိုးတက်နေသော သတင်းနှင့် ဆက်သွယ်ရေးနည်းပညာများကို မျက်ခြည်မပြတ်လေ့လာသိရှိနေရမည်ဖြစ်သည်။ ကွန်ပျူတာ၊ အင်တာနက် အသုံးပြုတတ်ခြင်း၊ စာကြည့်တိုက်လုပ်ငန်းဆိုင်ရာစက်ပစ္စည်းများ နည်းပညာများအကြောင်းသိရှိခြင်း၊ ခေတ်နှင့်အညီ အချက်အလက်ရှာဖွေနိုင်သော နည်းပညာများတတ်ကျွမ်းခြင်း၊ အင်တာနက်မှ သတင်းအချက်အလက်များကို စိစစ်လမ်းညွှန်ပေးနိုင်ခြင်း၊သင်ကြားပေးနိုင်သည့် နည်းပညာတတ်ကျွမ်းခြင်း အရည်အချင်းများရှိရမည်။

ထို့ပြင်စာကြည့်တိုက်မှူးသည် သင်ကြားရေး၊ သင်ယူရေးနှင့် သုတေသနလုပ်ငန်းများကို အထောက်အပံ့ပေးနိုင်ရမည်။ ထိုသို့ အထောက်အပံ့ပေးနိုင်ရန် တစ်သက်တာ သင်ယူလိုစိတ်ရှိခြင်း၊ ပညာဗဟုသုတရှာမှီးလိုစိတ်၊ ဖြန့်ဖြူးလိုစိတ်ရှိခြင်း၊ စာပေဝါသနာပါခြင်း၊ ခေတ်နှင့်အညီ ရင်ပေါင်တန်းလိုက်နိုင်ခြင်း၊ အင်္ဂလိပ်ဘာသာကို အခြေခံအဆင့်နားလည်တတ်ကျွမ်းခြင်းတို့ ပြည့်စုံရမည်။

စာကြည့်တိုက်များသည် ပြည်သူလူထု အသိဉာဏ်တိုးပွားစေရန်သာမက လူမှုရေး၊ ယဉ်ကျေးမှုတိုးတက်စေသော၊ လူနေမှုအဆင့်အတန်းမြင့်မားအောင်မြှင့်တင်ပေးသောနေရာများဖြစ်သဖြင့် အနာဂတ်လူ့အရင်းအမြစ်များကို တစ်သက်တာသင်ယူလိုသော အလေ့အထရှိသူများ (Lifelong Learners) နှင့်တာဝန်သိစိတ်ရှိသော နိုင်ငံသားကောင်းများ (Responsible Citizens)ဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးနိုင်သော နေရာများဖြစ်ပေသည်။ ကျွန်ုပ်တို့စာသင်ကျောင်းများတွင် ကျောင်းစာကြည့်တိုက်သည် ကျောင်းသား၊ ကျောင်းသူများအတွက် စာဖတ်သည့်အလေ့အကျင့်ကောင်းများ၊ စိတ်ဓာတ်အတွေးအခေါ်မှန်ကန်ကောင်းမွန်ခြင်းများ လက်တွေ့လုပ်ဆောင်နိုင်သော ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများရရှိအောင် ပြုစုပျိုးထောင်ပေးနိုင်သည့်နေရာဖြစ်ရာ စာကြည့်တိုက်များ အစဉ်သက်ဝင်လှုပ်ရှားအောင်ကြိုးပမ်းကြရမည်။ ထိုမှတစ်ဆင့် ပြည်သူများ မြတ်နိုးခုံမင်စွာ စာဖတ်ကြသည့် စာကြည့်တိုက်များ မြို့ရွာများတွင် ထွန်းကားလာအောင် ကြိုးစားရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **စာကြည့်တိုက် အသိပညာသင်တန်း မှတ်စုများ**
- **ကျောင်းစာကြည့်တိုက်လက်စွဲ**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ဓာတ်အားပိတ်ပြီး ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်

**နေပြည်တော် ဇွန် ၂၆**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် မိုးရာသီကာလသို့ ရောက်ရှိလာပြီဖြစ်သောကြောင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး၊ ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရေး၊ ဗို့အားကောင်းမွန်စေရေး၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်စေရေးတို့အတွက် လှိုင်လင်ခရိုင်အတွင်းရှိ ၆၆ ကေဗွီ လှိုင်လင်-လဲချား-မိုင်းကိုင် ဓာတ်အားလိုင်းမှ ဓာတ်အားရယူထားသော ၆၆/၃၃ ကေဗွီ ဝမ်ကုန်း၊ လဲချား၊ မိုင်းကိုင်ဓာတ်အားခွဲရုံတို့ရှိ ဓာတ်အားလက်ခံစက်ပစ္စည်းများနှင့် ပါဝါထရန်စဖော်မာတို့ကြား ချိတ်ဆက်ထားသော ပစ္စည်းများ ကြံ့ခိုင်မှုစစ်ဆေးခြင်းနှင့် ဓာတ်အားထိန်းချုပ်ခန်းအတွင်းရှိ စက်ပစ္စည်းများကို လိုအပ်သောထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ဇွန် ၂၇ ရက် နံနက် ၈ နာရီမှ ညနေ ၃ နာရီထိ ဓာတ်အားပိတ်၍ လုပ်ငန်းများဆောင်ရွက်မည်ဖြစ်ရာ အဆိုပါဓာတ်အားပိတ်လုပ်ငန်းများ ဆောင်ရွက်နေချိန်အတွင်း လှိုင်လင်မြို့နယ်၊ ပင်လုံမြို့နယ်၊ လဲချားမြို့နယ်တို့အတွင်း ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း ဓာတ်အားပိတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူအများပြည်သူများကို ကြိုတင်အသိပေးအကြောင်းကြားထားပြီးဖြစ်သည်။

အလားတူ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီးရှိ ခရိုင်နှင့် မြို့နယ်များသို့ လျှပ်စစ်ဓာတ်အား ပိုမိုတည်ငြိမ်စွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် မဟာဓာတ်အားလိုင်း ကွန်ရက်အတွင်းရှိ ဆက်သွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစနစ်များ ပိုမိုကောင်းမွန်လာစေရန် အဆင့်မြှင့်တင်လျက်ရှိပြီး ကေဗွီ ၂၃၀ ဓာတ်အားပို့လွှတ်ရေးတာဝါတိုင်အချို့၌ လက်ရှိတပ်ဆင်ထားသော မြေစိုက်ကြိုးများကို ဓာတ်အားလိုင်းဆက်သွယ်ရေးစနစ်သုံး ဖိုင်ဘာကြိုးများဖြင့် အစားထိုးလဲလှယ်သွားမည်ဖြစ်သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကေဗွီ ၂၃၀ ဝါးတရာ-လှိုင်သာယာ၊ အနောက်ပိုင်းတက္ကသိုလ်-ရွာမနှင့် ရွာမ-လှိုင်သာယာ ဓာတ်အားလိုင်းများကို ၂၀၂၆ ခုနှစ် ဇွန် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးသို့ ဓာတ်အားပို့လွှတ်နိုင်မှု လျော့နည်းသွားမည်ဖြစ်သဖြင့် ဓာတ်အားစနစ်တည်ငြိမ်စေရေးအတွက် ဝန်အားထိန်းညှိမှုများ ပြုလုပ်ရမည်ဖြစ်သောကြောင့် အချို့နေရာများတွင် ဓာတ်အားယာယီပြတ်တောက်နိုင်မည့်အခြေအနေနှင့်စပ်လျဉ်း၍ စက်ရုံ၊ အလုပ်ရုံများသို့ ကြိုတင်ညှိနှိုင်းအကြောင်းကြားထားပြီးဖြစ်သည်။

ထို့အတူ မကွေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ပိုမိုတည်ငြိမ်စွာဖြန့်ဖြူးပေးနိုင်ရေးအတွက် အောင်လံမြို့တွင် ၂၃၀/၆၆/၁၁ ကေဗွီ၊ ၁၅၅ အမ်ဗွီအေ အောင်လံပင်မဓာတ်အားခွဲရုံသစ် တည်ဆောက်ခြင်းနှင့် ဓာတ်အားလိုင်းသွယ်တန်းခြင်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အောင်လံ ပင်မဓာတ်အားခွဲရုံသစ်ကို လက်ရှိ ကေဗွီ ၂၃၀ တောင်တွင်းကြီး-ရွှေတောင် မဟာဓာတ်အားလိုင်းကြီးနှင့် ချိတ်ဆက်သွားမည်ဖြစ်သည်။

ထိုသို့ချိတ်ဆက်ရာတွင် ဓာတ်အားလိုင်းလုံခြုံရေးနှင့် ဆက်သွယ်ရေးစနစ်များ ပိုမိုကောင်းမွန်စေရန် တောင်တွင်းကြီး ဓာတ်အားခွဲရုံနှင့် ရွှေတောင်ဓာတ်အားပေးစက်ရုံတို့၌ လိုအပ်သောနည်းပညာပိုင်းဆိုင်ရာလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တောင်တွင်းကြီး ဓာတ်အားခွဲရုံမှ ရွှေတောင်ဓာတ်အားပေးစက်ရုံသို့ သွယ်တန်းထားသည့် ဓာတ်အားလိုင်း နှစ်လိုင်းအနက် ဓာတ်အားလိုင်းတစ်လိုင်းကို ၂၀၂၆ ခုနှစ် ဇွန် ၂၇ ရက်နှင့် ဇူလိုင် ၄ ရက်တို့တွင် နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း ဓာတ်အားပို့လွှတ်နိုင်မှု လျော့နည်းသွားမည်ဖြစ်ရာ ဓာတ်အားစနစ်တည်ငြိမ်စေရေးအတွက် လျှပ်စစ်သုံးစွဲမှုအများဆုံးအချိန်များတွင် ဝန်အားထိန်းညှိမှုများ ဆောင်ရွက်ရမည်ဖြစ်သဖြင့် ဓာတ်အား ယာယီပြတ်တောက်မှုများရှိနိုင်မည်ဖြစ်ကြောင်းနှင့် စက်ရုံ၊ အလုပ်ရုံများသို့ ကြိုတင်အကြောင်းကြားထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကမ္ဘာ့ MSME နေ့(World MSME Day) ကျင်းပမည်

**နေပြည်တော် ဇွန် ၂၆**

ကမ္ဘာတစ်ဝန်း၌ အလုပ်အကိုင်ဖန်တီးခြင်း၊ ဆင်းရဲမှုလျှော့ချခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်းတို့၌ အဓိကမောင်းနှင်အားဖြစ်သော MSME များ၏ အရေးပါမှုကို အသိအမှတ်ပြုရန်အတွက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အရ ဇွန် ၂၇ ရက်ကို “ကမ္ဘာ့ MSME နေ့”အဖြစ် ၂၀၁၇ ခုနှစ်မှစတင်ကာ နှစ်စဉ်ကျင်းပခဲ့ကြသည်။

ယခုနှစ် ဇွန် ၂၇ ရက်တွင် ကျရောက်မည့် ၁၀ ကြိမ်မြောက်အခမ်းအနား "The Future Generation of MSMEs" (အနာဂတ်မျိုးဆက်သစ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ)ဆိုသည်မှာ နည်းပညာတစ်ဟုန်ထိုးတိုးတက်လာသည့်ခေတ်တွင် ရေရှည်တည်တံ့ပြီး လူသားဗဟိုပြုသော စီးပွားရေးပုံစံသစ်သို့ ကူးပြောင်းခြင်းဖြစ်ပြီး လက်ရှိနည်းပညာနှင့် ဉာဏ်ရည်တု(AI)ခေတ်အတွင်း မျိုးဆက်သစ်စီးပွားရေးလုပ်ငန်းရှင်များ၏ အခန်းကဏ္ဍကို အဓိကဦးတည်ထားရှိသည်။

စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအနေဖြင့် “ကမ္ဘာ့ MSME နေ့(World MSME Day) အခမ်းအနား”ကို

(က) MSME လုပ်ငန်းများသည် ကမ္ဘာတစ်ဝန်းလုံးတွင် အလုပ်အကိုင်ကောင်းမွန်စွာဖန်တီးပေးနိုင်သည့် အဓိကအရင်းအမြစ်ဖြစ်ပြီး ဆင်းရဲမှုလျှော့ချရေးအတွက် အရေးပါသောအခန်းကဏ္ဍတွင် ရှိနေစေရန်၊

(ခ) လူငယ်များနှင့် လုပ်ငန်းရှင်များ၏ တီထွင်ဆန်းသစ်မှုနှင့်ဖန်တီးမှုကိုဖော်ထုတ်ပေးနိုင်ခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဈေးကွက်ချဲ့ထွင်မှုကို အသေးစားလုပ်ငန်းများမှတစ်ဆင့် ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်များထိ တိုးတက်ကြီးထွားလာစေရန်၊

(ဂ) သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ရေရှည်တည်တံ့နိုင်သော စီးပွားရေးအလေ့အကျင့်ကောင်းများနှင့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု မူဝါဒများကို ကမ္ဘာ့လုပ်ငန်းရှင်များအကြား ပျံ့နှံ့သွားစေရန်၊

(ဃ) ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးရည်မှန်းချက်များ(SDGs)အောင်မြင်စေရန်အတွက် MSME လုပ်ငန်းများ၏ အရေးပါပုံကို ပြည်သူတစ်ရပ်လုံးပိုမိုသိရှိနားလည်လာစေရန်

ဟူသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့ MSMEနေ့(World MSME Day) အခမ်းအနားကို ဇွန် ၂၇ ရက် မှ ၂၈ ရက်ထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)(MICC- 1)၌ ကျင်းပသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ MSME အောင်စီများ၏ MSME ဖွံ့ဖြိုးရေးဆိုင်ရာပြခန်းများ၊ စကားဝိုင်းဆွေးနွေးပွဲများ၊ အသိပညာပေးဆွေးနွေးပွဲများလည်း ပါဝင်မည်ဖြစ်ရာ ပြည်သူများပါဝင်ဆင်နွှဲနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီ လုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၁၉-၆-၂၀၂၆ ရက်တွင် ကျင်းပခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ ၄-၅-၂၀၂၆ ရက်မှ ၁၅-၅-၂၀၂၆ ရက်ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် နှစ်ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အထွေထွေခြောက်ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း တစ်ဦး စုစုပေါင်း ကိုးဦးတို့ကို အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့ထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၈၆၁ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၇၀၄ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၂၅ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ဦးရေ ၆၀၉၀ ကို အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

# ၂၆-၆-၂၀၂၆ တွင် နိုင်ငံခြားငွေကြေး ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၇ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၂၂,၇၂၀,၆၁၆.၇၈ | ၂၅,၃၆၀,၈၁၆.၀၀ | ၉၃,၆၁၀,၁၁၉.၁၀ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ ကား၊ ဆိုင်ကယ်အပိုပစ္စည်း၊ ဓာတ်မြေဩဇာ၊ ဂျုံ၊ မျိုးစေ့ တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။

# ၂၀၂၆ ခုနှစ် ဇွန် ၂၆ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၆၉၀၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ



# Central Committee for Implementation of Progress of Border Areas and National Races holds meeting



**President U Min Aung Hlaing delivers an address at the meeting of the Central Committee for Implementation of Progress of Border Areas and National Races.**

**Nay Pyi Taw June 26**

The Central Committee for Implementation of Progress of Border Areas and National Races held its meeting at the meeting room of the President's Office this afternoon, with an address by Chairman of the Central Committee President U Min Aung Hlaing.

Also present at the meeting were Vice Chairs of the Central Committee Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, Commander-in-Chief of Defence Services General Ye Win Oo, Union ministers, the Nay Pyi Taw Council Chairman, chief ministers of regions and states, the Chief of the General Staff (Army, Navy and Air), senior military officers from the Office of the Commander-in-Chief, deputy ministers and officials.

Speaking on the occasion, the President said that the Central Committee has been in operation since the former State Law and Order Restoration Council (SLORC) era in 1989. At that time, after peace agreements were signed with ethnic armed organizations, it was found that development in the areas that had achieved peace had lagged behind for various reasons. Therefore, the Central Committee was formed to implement development in border areas and ethnic regions.

From then onward, successive governments have carried out border area development activities, with some projects being successfully implemented, while others have not succeeded due to various reasons. The main objective is to improve the socioeconomic lives of ethnic people in border areas. Socioeconomic development requires both individual efforts by citizens and support from the State for regional development.

After the country gained independence, it was governed under a parliamentary system. During that period, some ethnic groups made demands for rights, and ethnic representatives were also separately allocated seats in Parliament. However, issues related to power-sharing began to be raised. Disagreements also emerged regarding the 1947 Constitution. There were demands from ethnic groups as well as from political parties and organizations. Alongside political demands, there were also ethnic-based demands. Since the parliamentary system was being practised at that time, different political systems were able to be pursued according to preference. Although the Constitution was not drafted with a provision explicitly directing a transition to socialism, it is observed that some sections included basic elements that could support such a direction. In addition, President Sao Shwe Thaik's speeches included references to moving toward a socialist system. Against this backdrop, those with opposing views, arguing that their demands could not be fulfilled, resorted to armed struggle. These are matters that should be studied as part of history, and it is believed that such situations can be avoided in the future through careful consideration during the period of governance responsibility.

During the parliamentary era, political disagreements were, from the government's perspective, addressed in accordance with the law. However, from the perspective of politicians, there was concern that their expectations would not be realized. As a result, politics began to be pursued through violent means. At that time, not only in Myanmar but also in other countries that had gained independence through liberation movements, political conflicts emerged. In some countries, political disputes arose, while in others, armed conflicts broke out. Even up to the present time, such conflicts have not yet been fully resolved in some countries, including Myanmar.

Due to weaknesses in the Constitution, a caretaker government assumed state responsibilities. During the caretaker government period, a clean election was held, and power was transferred to the winning party. At that time, ethnic demands became more intense, and in 1962 the Revolutionary Council assumed state responsibilities. A centrally directed system was implemented; however, it was unable to effectively resolve ethnic-related issues, and armed conflicts intensified in the northeastern regions. As a result of these conflicts and various other factors, development in ethnic areas significantly lagged behind.

Most border areas are difficult to access and have poor connectivity. They are characterized by dense forests and mountainous terrain, abundant rivers, streams, and lakes, low population density, and linguistic diversity. Due to limited presence of government officials, development in sectors such as education, health, and the economy has remained weak. These challenges were further compounded by armed conflicts, which made it difficult to effectively address them. When political unrest occurred in 1988, the government was no longer able to maintain control, and the Tatmadaw was compelled to assume state responsibilities out of necessity, as recorded in historical documents. After taking responsibility, the Tatmadaw pledged to move towards a multi-party democratic system as demanded by the public. In order to address ethnic issues, peace talks were held in 1989, leading to ceasefires and the implementation of regional development initiatives.

Efforts were made to organize ethnic armed organizations under the command of the Tatmadaw as part of the national defence capability. While some groups accepted this arrangement, others did not. During the first democratically elected government in 2010, efforts were made to achieve lasting peace across the country, and numerous rounds of peace talks were held with ethnic armed organizations. However, due to the involvement of external countries and organizations influencing some ethnic armed groups, difficulties were encountered. Despite repeated negotiations under challenging circumstances, the Nationwide Ceasefire Agreement (NCA) was eventually signed with some ethnic armed organizations. During that period, a certain level of development was achieved in ethnic regions. In the second democratically elected government period in 2015, peace talks were also conducted, but they did not achieve success. In areas where peace was absent, development remained delayed. The Central Committee has been explaining this historical background in relation to the development of border areas and ethnic nationalities.

During our government's tenure, we will work to establish a peaceful and stable democratic nation, strengthen a genuine and disciplined multi-party democratic system in line with our political vision, and build a union based on democracy and federalism. To achieve this, we must ensure that regions which have lagged behind for various reasons are developed without disparities. While some areas are not peripheral, they too are underdeveloped, and thus we must also work for their development.

Subsequently, the President speaking on the peace offer said:

"I want to say that it is our unavoidable duty to eliminate disparities in regions where gaps exist. To do this, peace and stability are crucial. Therefore, when our new government assumes responsibility, we will work for the peace of our country and for its development. I have said that I will strive to bring peace to the country within five years to the best of my ability. When I spoke about the 100-day plan, we extended peace offers, and I wish to reiterate this. Regarding the peace offer made by our government, we have placed no preconditions for any ethnic armed organization—none whatsoever. I invite them to come and discuss peace. I want to reiterate this. It is included in our 100-day plan—what we have said we will implement within 100 days. However, some have interpreted this as a precautionary measure and made nitpicking remarks, linking it to the timeline. If they truly want peace, if they want it today, they would come today. If they do not want peace, they will make excuses and stall. I invite them for peace—come and engage; we can do this, and I truly want to do it. Through every channel available, I am striving to achieve it. I have said that whatever it costs, I will do it to attain peace. I want the country to prosper. We have fallen behind. Consider this: when we take steps forward, they are steps bound by constraints—chains of problems and difficulties. We lack true freedom.

See Page 15

# Food Policy Commission meeting held with an address by Commission Chairman President U Min Aung Hlaing



**President U Min Aung Hlaing delivers an address at the Food Policy Commission meeting.**

**Nay Pyi Taw June 26**

The Food Policy Commission held a meeting at the meeting hall of the Presidential Office this morning, addressed by Chairman of the Commission President U Min Aung Hlaing.

Also present at the meeting together with the President were the specially invited guests, Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, the Commission Secretary and union minister members, the Nay Pyi Taw Council chair, region/state chief ministers, senior military officers from Office of Commander-in-Chief, deputy ministers, chairs of the Union of Myanmar Federation of Chambers of Commerce and Industry, Myanmar Rice Federation, Myanmar Livestock Federation, and Myanmar fisheries Federation, and officials.

In his keynote address, the President said it is the first meeting of the commission during the term of his administration. The government has adopted the two goals –food sufficiency and national prosperity. The meeting is related to the MSME Development Central Committee meeting that took place yesterday. It discussed matters relating to development of MSMEs with greater momentum for national prosperity, and the today's meeting will focus on food sufficiency all across the country.

Our country has a population of over 51 million, and 70 percent of them are rural dwellers. Their main business is farming. The country has over 33 million acres of farmland of various types. Paddy is put under 15 million acres, corn, 1.9 million acres, beans and pulses, 2.7 million acres, and sesame, four million acres. If livestock business that has interconnections with agriculture is carried out effectively, income of the people engaged in agriculture and livestock businesses will definitely rise and their socioeconomic condition will improve. Moreover, it will contribute a lot to food sufficiency. People engaged in agriculture and livestock businesses represents nearly 50 percent of the country's population.

Food includes directly edible items such as directly comestible items, drinking water and water for agriculture, while rations mean non-directly comestible items such as kitchen crops including rice, flour, and corn. The Myanmar dictionary defines rations as edible supplies, monthly salary, stored rice. In our country there are daily required items such as food, drinks and commodities. For the sufficient availability of all the items included in the rations for domestic consumption, rations must be produced from the locally manufactured goods.

There is a Myanmar saying, "Without food, a person can survive for seven days, and can survive only one morning without water. So, the government must strive for ensuring adequate water supply. There are rain water, water from natural watercourses and dams, and underground water. In order to use those water resources effectively for the country there must be policies that define ways to store water reserves. The country should produce non-direct consumption goods adequately. The main policy is to ensure food sufficiency all across the nation.

Regarding the daily food, all the regions and states should produce a sufficient amount of food domestically. Food items certain regions and states lack must be supplied by other regions and states that produce them. In doing so, regions and states should make efforts to domestically produce a sufficient amount of those food items they are sharing with their counterparts. In this way all should strive for domestic food sufficiency. Regions and states should adopt an agro-policy to produce adequate number of crops that grow well in their areas.

The country is importing edible oil annually. In the country, edible oil crops such as groundnut, sesame, nyger seeds, sunflower, oil mustard, soybean, oil palm, are cultivated in the places where they grow well. A policy must be laid to internally produce sufficient volume of edible oil for local consumption. As the country is also importing wheat annually, it must find ways to increase production of the crop.

Policies have already adopted to meet the set agricultural targets. The Agricultural Research Department has set the targets after comparing and analyzing the facts they had found through research programs and the outcomes of international research programs. Four means—seeds, soil, water and methods -- should be applied in agriculture. Farmers need to get quality seeds, make land preparations, get irrigation water, and apply the correct methods. Likewise, pedigree strains must be chosen to raise yield in the livestock business. Animals must be fed with adequate amount of quality feeds and clean water and must be raise through systematic methods.

He stated that only then will it reach marketable size and good yield, enabling commercial production, and it is necessary to form work committees and set strategies to implement food security operations, and there are 33 million cultivation acres in our country, which is sufficient for our country, and rather than expanding cultivation acres, it is necessary to effectively utilize land to further increase yields, and in carrying out operations to mainly ensure food security, it is required to strive to increase per-acre target yields and it is also necessary to carry out operations to improve multiple-cropping index, and in upland cultivation businesses, multiple-cropping index can be increased by carrying out operations to obtain agricultural water, and upland cultivation is high in regions such as Sagaing, Mandalay, and Magway, and it is necessary to set policies and carry out operations to be able to implement river water pumping projects after transforming upland fields into converted paddy fields by carrying out soil preparation, and in areas where agricultural water can be obtained sufficiently, it is necessary to step-by-step strive to achieve a multiple-cropping index of up to 300 percent.

He also stated that regarding water utilization, it is found that only about 20 percent of the water from rivers and creeks in our country can be effectively utilized and the remaining approximately 80 percent flows into the sea, and water is indispensable for plants to survive and grow, and therefore, solar-powered river water pumping projects can be implemented to obtain agricultural water from rivers and creeks, and if agricultural water can be sufficiently obtained, crops can be successfully and thrivingly cultivated regardless of season and multiple-cropping index will also increase.

He then stated that due to annual flooding and changes in water currents in rivers and creeks, siltation occurs, causing riverbeds and creekbeds to rise, and because illegal gold mining operations are carried out in some places, siltation occurs and rivers and creeks become shallow, and therefore, it is required to carry out operations to dredge rivers and creeks and maintain waterways, and to obtain agricultural water during the summer period, constructing dams by blocking creeks and channels, and constructing underground dams in sandy creeks can be carried out, and by doing so, greening will occur around creeks and channels, and groundwater can also be maintained to an appropriate extent, and it is necessary to mainly find ways and carry out operations to effectively utilize water, and it is also necessary to store and utilize rainwater, and to prevent wasteful utilization of water, it is necessary to have correct water utilization systems and to set policies and carry out operations to systematically utilize water.

He expressed that regarding fertilizers, target yields of crops will progress only when fertilizers are applied, and there are two types of fertilizers, namely organic fertilizers and chemical fertilizers, and since a developing country like our country has to annually import chemical fertilizers from abroad, it is necessary to carry out operations to widely utilize organic fertilizers that can be produced domestically in an effective and beneficial manner, and it is also required to carry out operations to be able to produce chemical fertilizers domestically and arrangements must be made to systematically utilize chemical fertilizers and organic fertilizers, and it is necessary to mainly carry out operations for border areas with difficult transportation to be able to produce and utilize organic fertilizers by themselves, and the state will carry out as much as possible to further progress agricultural businesses, including the further disbursement of agricultural loans, and it is necessary to place emphasis on carrying out operations to successfully implement the laid-down policies for the success of agricultural businesses.

He noted that it is necessary to conduct research on how to carry out operations to improve the production of kitchen crops included in food supplies and

*See Page 14*

*From Page 13*

to ensure the good quality of cultivated crops in terms of color, aroma, taste, and size, and regarding wheat cultivation, wheat is mainly cultivated in Shan State and Sagaing Region in our country, and he wants operations to be carried out to meet domestic wheat demand by increasing and producing domestic wheat cultivation, and since wheat consumption supports physical growth, he also wants operations to be carried out to promote wheat consumption.

Then, he stated that in milling raw materials produced from agricultural businesses, it is necessary to be able to mill them with qualified quality, and depending on the produced quality, market availability and price fetch will vary, and since rice mills and oil mills need to be good to be able to produce quality-qualified rice and oils, it is necessary to set policies and carry out operations, and since Pawsan paddy successfully grown in our country already has a market demand, he wants efforts to be made to select and cultivate it in places where climate and soil conditions permit, and to produce it to have good quality and increased yields.

Regarding livestock breeding, he stated that the indispensable requirement in livestock breeding is animal feed, and animal feed is produced sufficiently in our country and imports from abroad are low, and broken rice, rice bran, and maize are produced nationwide, and since animal feed can be produced from those agricultural products, it is necessary to effectively utilize and carry out operations in livestock breeding businesses, and it is necessary to successfully carry out livestock breeding according to regions and states and to meet local demands, and providing sufficient food for the public is also a kind of merit, and since chicken, pork, mutton, beef, and fish are mainly consumed in our country, it is necessary to systematically breed and carry out operations, and it is found that buffaloes and cattle have become scarce according to regions and cattle breeding has decreased, and by increasing the breeding of beef cattle and dairy cattle, it will support food supplies, and shoes and other consumer goods can also be produced from the produced hides and bones can be used as fertilizer, and similarly, it is also necessary to expand the breeding of fish and prawns, and regarding meat and fish policy, it is necessary to carry out operations for the public to obtain them sufficiently, and the state is annually releasing fish fingerlings into rivers and creeks free of charge, and it is necessary to set policies and carry out operations for the public to be able to consume them affordably and abundantly.

Today is the age of science and technology, IT and AI. I learnt modern agricultural methods of India and China during my recent visit there. It is necessary to apply modern agricultural methods in possible sectors. Similarly, it is also necessary to implement mechanized farming methods. Due to shortages of cattle and labour forces, it is important to use machines and tools sufficiently in farming. Similarly, it is essential to produce agricultural machinery and tools at home. In carrying out agriculture, it is important to use scientific and modern methods, IT and AI technologies and machinery.

In upgrading the education sector of the country, compulsory education until KG+9 is being enforced. Similarly, basic education for industries, agriculture and livestock breeding is being provided starting from the middle school level. In the same way as the government is nurturing human resources for agriculture and livestock breeding, relevant regions and states are required to grant scholarships for respective subjects in agriculture and livestock breeding to nurture human resources.

Reserved food refers to rice paddy stored for future consumption. Mainly, measures must be taken to store reserved rice and paddy in respective regions and states. As the stored rice and paddy can be greatly helpful during natural disasters, policies must be adopted and implemented to firmly ensure domestic food security. Our aim for Myanmar is be a major food exporting country in the international community. Therefore, systematic efforts must be made to consistently conduct research to increase the production of rice, pulses and beans, other food crops and fishery products. If research is consistently conducted based on correct and complete facts on the ground, further progress can be achieved. Therefore, everyone is urged to make concerted efforts systematically to that end.

Then, secretary of the commission Union Minister for Agriculture, Livestock and Irrigation U Min Naung reported to the President on formation of work committees for food security and promotion of the agriculture and livestock breeding sector in regions and states and in Nay Pyi Taw Council area.

Afterward, members of the commission attending the meeting reported to the President on distribution of vegetables, meat and fish, the breeding of chickens, pigs, goats and cows, fish and prawns in respective zones and expansion plans, distribution of livestock feeds, agriculture and livestock breeding tasks being carried out for food security in proportion to local population, measures taken to boost food production for respective years, implementation of plans to produce quality pedigrees and meeting the targeted yield of oil drops, efforts for sufficient water supply for agriculture, sales to other regions and exports of surplus agriculture and livestock products, systematic preparations for prevention of damage and losses from agriculture and livestock farms due to natural disasters and storage of reserved seeds and veterinary medicines, implementation of mechanized farming, arrangements for farming implements, findings on strategies and policies of other countries for security of food, water and basic needs, measures taken for integrated farming, boosting the production of quality pedigrees and seeds locally, efforts for production and exports of agriculture and livestock products according to guidance, priorities to be given by the private sector and cooperation with experts and organizations to manufacture value-added products and to secure international standard recognition certificates.

Then, Vice President Daw Nan Ni Ni Aye reported on formation of the agricultural produce management committee to help farmers to get reasonable prices and market shares when their products are sold while the secretary of the commission union minister for agriculture, livestock and irrigation, on development of cattle breeding and the needs for systematic supervision in respective regions and states to utilize agricultural land beneficially in accordance with rules and regulations. The union minister for transport and digital development and communications reported on the situation of joint monitoring works for conservation of water volume and water quality in rivers and creeks in accordance with the law.

Afterward, the President made concluding remarks, saying perspectives and policies of the State, practical experiences and perspectives of chief ministers of regions and states and points of view of federations could be discussed at the current meeting. Respective work committees are required to discuss further details. Every country has many people who carry out agriculture for their livelihood. As farmers are food providers of the people, their interests must be protected. In the same way as the State is taking care of farmers, the latter is required to meet cultivation acreage and boost crop yields.

The needs of livestock breeding farms will be fulfilled by the State and work committees are required to implement the discussions at the meeting. Chiefly, assessments must be made for how to contribute to implementation of policies for food security, how to work beneficially, how to store reserved food and how to manage local sales and exports.

As united efforts make tasks more successful, agriculture and livestock farms are required to work through the cooperative system. As farmers are those who contribute to the food security of the State and the world in one way or another, they are greatly appreciated. Therefore, the commission is operating under the leadership of myself. Discussions made at the current meeting must be further discussed in details at relevant ministries and efforts must be made to succeed in tasks by drawing action plans. After the remarks of the President, the meeting concluded.

MNA

# Top DPRK leader oversees artillery, missile tests

**Pyongyang June 26**

Kim Jong Un, top leader of the Democratic People's Republic of Korea (DPRK), oversaw on Thursday tests of multiple firepower systems in a bid to modernize the country's artillery and missile forces, the official Korean Central News Agency said Friday.

The tests involved the upgraded 240mm-caliber 24-tubular multiple rocket launcher system, tactical ballistic missile, and 155mm self-propelled gun-howitzer shells with an extended firing range, said the report.

The upgraded rocket launcher system employs an automated firepower system and a self-steered precise guidance system, with an extended firing range of 90 km. The tactical ballistic missile is equipped with a special mission warhead designed to inflict fatal damage on major enemy targets, including airfields, ports and power facilities.

The test of the gun-howitzer shells with an extended firing range of 65 km is also "of great military significance," it added.

Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

*From Page 12*

To put it bluntly, we want to burst out like a horse breaking free from its stall and gallop forward. That is what we desire. But we cannot do it now—there are obstacles. Those obstacles are conflicts: political conflicts and armed conflicts. We need to cut through and clear these. So, I want to tell these ethnic armed organizations, the EAOs: if you truly want peace, come forward. We will discuss without any preconditions."

The President continued, saying that the people's demands include a desire for improved socio-economic conditions. People seek greener pastures, so if jobs are available and their regions develop, migration to other areas will decrease. We must work to reduce the disparities and hardships faced by ethnic nationalities in border areas. It is imperative to carry out development projects for these regions. On one hand, we must extend peace offers; on the other, we must provide development. Primarily, we need to strengthen human resources capable of improving education, health, and socio-economic conditions, which are weak in these areas. To achieve this, we must improve transportation and communication links beyond their current state. The Union is already working to ensure that human resources needed for education and health reach these areas, and regions and states must also make efforts. We need to work effectively across relevant sectors to make progress, enhance knowledge, improve health, and ensure food sufficiency through local production.

Ethnic border communities primarily engage in agriculture and livestock farming, which are matters of national significance. Therefore, we must foster experts in agriculture and livestock in these regions. Ethnic students who have attended the Ethnic Development University and degree colleges should, upon completing their studies, be able to take on development roles in their own regions. Since the human resource gap is critical, we need to encourage students to attend industrial, agricultural, and livestock training schools opened by regions and states. This is vital for our nation's future. For our country to achieve peace, we must work on multiple fronts. In making the nation better, we must consider how ministries, regions, and states should act. Since our government took office, we have allocated 1,397 billion kyats for seven border area development sub-committees and 643.68 billion kyats for nine regional works committees for the 2026–2027 fiscal year. If we implement projects in a balanced manner, meeting standards across sectors, we will succeed. I urge committee members with responsibilities to prioritize collective efforts."

Afterwards, the Secretary of the Central Committee, Union Minister for Border Affairs Lt-Gen Phone Myat, clarified the implementation status of development work for border areas and ethnic nationalities.

Subsequently, Central Committee members attending the meeting briefed participants on the progress of efforts to strengthen the rule of law, maintain peace and stability in communities, and promote effective local administration. They also reported on the effective implementation of measures to combat online fraud and narcotics, the execution of five development projects for border areas and ethnic nationalities, the approval of proposed budget expenditures in accordance with the law, the provision of educational assistance grants to selected basic education schools in border areas and efforts to address teacher shortages, the delivery of education to students in border area schools during the 2026–2027 academic year with the assigned teaching staff, the implementation of health awareness and healthcare services, human resource development initiatives, the development of farmland in border areas and the distribution of seeds and agricultural inputs, the construction and upgrading of roads and bridges to improve rural transportation and ensure adequate access to drinking water, the expansion and cultivation of agricultural plantations alongside environmental conservation activities, ongoing efforts to increase electricity distribution, and the progress of border area development projects being carried out by the respective working committees and subcommittees, together with their future implementation plans.

Central Committee member Commander-in-Chief of Defence Services General Ye Win Oo discussed the importance of maintaining peace and stability, upholding the rule of law, and accelerating territorial security operations to facilitate the reopening of border trade routes and emphasized that peace and development are inseparable in advancing border area development projects, noting that the establishment of lasting peace is essential for achieving sustainable development in border regions. Commission Vice Chair Vice President Daw Nan Ni Ni Aye highlighted the importance of appointing local ethnic teachers to basic education schools to strengthen human resource development for ethnic communities, enabling them to effectively assist local residents by addressing language barriers and other challenges. Central Committee Vice Chair Vice President U Nyo Saw also elaborated on the formation of the Central Committee, working committees, subcommittees, and regional working committees to oversee border area development projects, the progress made in border area development over successive fiscal years, the need to ensure that roads, bridges, buildings, and other infrastructure projects are implemented systematically in line with prescribed quality standards to ensure long-term sustainability, and the role of regional development in improving the socio-economic conditions of local ethnic communities, fostering greater mutual understanding and trust, and further strengthening peace, stability, and the rule of law.

The President, Chairman of the Central Committee for the Implementation of Progress of Border Areas and National Races, then delivered the concluding remarks, emphasizing that the Central Committee's primary responsibility is to promote the development of border regions and ethnic communities. He stressed the importance of successfully implementing the committee's objectives, regularly reviewing its activities, and advancing the education and healthcare sectors in border areas. He also called for a comprehensive assessment of the progress achieved in the development of border regions and ethnic communities since the establishment of the Central Committee.

Regarding the health sector, he emphasized the policy that every hospital should be staffed with a doctor. He also stressed the need to make effective use of border region and ethnic development funds based on the specific needs of each region and state. In addition, he underscored the importance of promoting awareness and dissemination of information related to ethnic communities and ensuring a proper understanding of such information. He further noted that producing a sufficient number of skilled workers and qualified professionals, particularly in the agricultural sector, is essential to supporting the socio-economic development of ethnic communities in border areas.

Regarding regional food security, he noted that in areas such as Chin State, where paddy cultivation is challenging and local food self-sufficiency remains insufficient, the relevant ministries should support the cultivation of edible elephant foot yams to strengthen food security. He also urged the effective promotion of crops suitable for these regions, including tea, coffee, and avocados, in order to boost local incomes and support broader regional economic development.

It was also stated that responsible officials must ensure that civil servants assigned to remote and isolated border areas are properly deployed to their designated duty stations, while also making necessary arrangements to safeguard their welfare and entitlements. He further emphasized the need to reach ethnic communities living in truly remote and isolated areas and to actively promote the interests of ethnic populations in border regions. In addition, he urged that the voices of local residents and ethnic communities be duly heard and that effective implementation of relevant initiatives be carried out accordingly and the meeting was then adjourned. MNA

# Myaungmya Township ships large number bags of broken rice to Yangon market

**Myaungmya June 26**

Local merchants from Myaungmya Township of Ayeyawady Region supplied a large number of broken rice bags to Yangon market in April, said Daw Kyi Hsan, the owner of rice and parry trading depot in Myaungmya Township.

From Myaungmya Township, only about 45,000 bags of broken rice, each containing 24 pyi, were shipped and sold to the Yangon market during March this year. In April, exports increased to about 57,000 bags of broken rice, each containing 24 pyi, within a single month. Demand from the Yangon market for locally produced broken rice has reportedly remained strong.

"Broken rice from Myaungmya Township is mainly exported and sold to the Yangon market. Most shipments are transported by cargo trucks. Demand for broken rice noticeably increased starting from around the first week of the month. Rice brokerage businesses have been continuously shipping and selling broken rice. Traders are doing well because transportation and sales are now proceeding smoothly without difficulties," said Daw Kyi Hsan.

The broken rice exported from Myaungmya Township to Yangon is currently priced at K40,000 per 24-pyi bag. Due to the strong sales and exports of broken rice, rice and paddy traders, brokerage business owners, cargo handlers, and truck drivers involved in transportation are reportedly benefiting.

Kyaw Kyaw Lin



Bags of broken rice stored in a warehouse.

**ရှေ့ဖုံးမှအဆက်**

အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရအဖွဲ့ တာဝန်ယူဆောင်ရွက်ချိန်တွင် ပထမဆုံးအကြိမ်ကျင်းပသည့် စားရေရိက္ခာမူဝါဒကော်မရှင်အစည်းအဝေးဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် စားရေရိက္ခာဖူလုံရေးနှင့် တိုင်းပြည်သာယာဝပြောရေးဟူ၍ အမျိုးသားရေးရည်မှန်းချက် နှစ်ရပ်ကို ချမှတ်ထားရှိကြောင်း၊ ယခုအစည်းအဝေးသည် ယမန်နေ့ကကျင်းပခဲ့သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအစည်းအဝေးနှင့် ဆက်စပ်လျက်ရှိကြောင်း၊ တိုင်းပြည်သာယာဝပြောရေးအတွက် MSME လုပ်ငန်းများဖြင့် အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယနေ့ကျင်းပသည့်အစည်းအဝေးသည် နိုင်ငံတစ်ဝန်းလုံးစားရေရိက္ခာဖူလုံရေးနှင့်ပတ်သက်၍ဆောင်ရွက်ရမည်များကို ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်ဒေသတွင် နေထိုင်ကြပြီး အဓိကအားဖြင့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် လယ်၊ တောင်ယာ၊ ယာ စသည်ဖြင့် အစုစုသောစိုက်ပျိုးဧက ၃၃ သန်းကျော်ရှိကြောင်း၊ စပါးစိုက်ပျိုးဧက ၁၅ သန်း၊ ပြောင်းစိုက်ပျိုးဧက ၁ ဒသမ ၉ သန်း၊ ပဲမျိုးစုံစိုက်ပျိုးဧက ၂ ဒသမ ၇ သန်းနှင့် နှမ်းစိုက်ပျိုးဧက လေးသန်းစသည်ဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ စိုက်ပျိုးရေးနှင့် ဆက်စပ်လျက်ရှိသည့် မွေးမြူရေးလုပ်ငန်းများကိုလည်း ထိထိရောက်ရောက်ဟန်ချက်ညီညီဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့် လူဦးရေ ၅၀ ရာခိုင်နှုန်းခန့်၏ ဝင်ငွေများ တိုးတက်လာပြီး လူမှုစီးပွားဘဝများတိုးတက်လာမည်မှာမလွဲမသွေပင်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် စားရေရိက္ခာဖူလုံရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း။

စားရေရိက္ခာကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် တိုက်ရိုက်စားသုံးသည့် စားကုန်ပစ္စည်းများ၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ၊ ရိက္ခာဆိုသည်မှာ တိုက်ရိုက်စားသုံး၍မရသည့် မီးဖိုချောင်သုံးသီးနှံများအပါအဝင် ဆန်၊ ဂျုံ၊ ပြောင်း စသည်ဖြင့်ပစ္စည်းများဖြစ်ကြောင်း၊ ရိက္ခာကို မြန်မာအဘိဓာန်တွင် အမှုထမ်းများအား အချိုးကျဝေငှပေးသော စားသောက်ဖွယ်ရာပစ္စည်းများ၊ လစာငွေ၊ နောင်တွင်စားသုံးရန်အတွက် စုဆောင်းထားသော ဆန်ရေစပါး စသည်ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို လေ့လာတွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံတွင် နေ့စဉ်အသုံးပြုနေရသည့် စားကုန်၊ သောက်ကုန်နှင့် သုံးကုန်များရှိကြောင်း၊ အဆိုပါရိက္ခာတွင်ပါဝင်သော နေ့စဉ်လိုအပ်လျက်ရှိသည့် စားကုန်၊ သောက်ကုန်၊ သုံးကုန်များကို ပြည်တွင်း၌ လုံလောက်စွာဖြင့်ရရှိရေး ပြည်တွင်းကုန်ထုတ်လုပ်မှုများဖြင့် ထုတ်လုပ်နိုင်ရန်လိုကြောင်း။

ရေနှင့်ပတ်သက်၍ **“ထမင်းအသက် ခုနစ်ရက် ရေအသက်တစ်မနက်”**ဟု ဆိုရိုးရှိကြောင်း၊ ထို့ကြောင့်ရေလုံလောက်စွာရရှိရေး မိမိတို့အနေဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိုးရွာသွန်းမှုမှရရှိသည့်ရေ၊ ချောင်းရေမြောင်းရေနှင့် မြစ်ရေ၊ ဆည်မြောင်းတာတမံများမှရရှိသည့်ရေနှင့် မြေအောက်ရေဟူ၍ရှိကြောင်း၊ အဆိုပါရေများကို နိုင်ငံတော်အတွက် အကျိုးရှိစွာအသုံးချနိုင်ရေး၊ နိုင်ငံတော်အတွက် အရန်ရေရရှိရေးမည်သို့ဆောင်ရွက်မည်ကို မူဝါဒများချမှတ်ဆောင်ရွက်သွားရန်လိုကြောင်း။

**စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး စိုက်ပျိုးစရိတ်ချေးငွေများ ထပ်မံထုတ်ချေးပေးခြင်းအပါအဝင် နိုင်ငံတော်က တတ်နိုင်သမျှဆောင်ရွက်ပေးသွားမည်ဖြစ်၊ ရိက္ခာတွင်ပါဝင်သော မီးဖိုချောင်သုံးသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်လာစေရေးနှင့် စိုက်ပျိုးသည့်သီးနှံများ အရည်အသွေးကောင်းမွန်စေရေး၊ အရောင်၊ အနံ့၊ အရသာ၊ အရွယ်အားဖြင့် ကောင်းမွန်အောင် မည်ကဲ့သို့ဆောင်ရွက်ရမည်ကို သုတေသနပြုဆောင်ရွက်သွားကြရန်လို . . .**

ရိက္ခာနှင့်ပတ်သက်၍ တိုက်ရိုက်စားကုန်မဟုတ်သည့်ပစ္စည်းများကို လုံလောက်စွာထုတ်လုပ်နိုင်ရန်လိုကြောင်း၊ နိုင်ငံအတွက် ဝမ်းစာဖူလုံရေးသည် အဓိကမူဝါဒဖြစ်ကြောင်း၊ ဝမ်းစာဟုဆိုရာတွင် စားသောက်ရန်လိုအပ်သည့် စားကုန်အားလုံးသက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ပြည်တွင်း၌ပင် ဖူလုံအောင်ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးရှိ အချို့ဒေသများတွင်မရှိသည့် စားကုန်များကို အခြားထွက်ရှိသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှဖြန့်ခွဲပေးပို့ရခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အဆိုပါအခြားဒေသများသို့ပေးပို့ရသည့်စားကုန်များကို ပြည်တွင်း၌ လုံလောက်စွာရရှိစေရေးကြိုးပမ်းဆောင်ရွက်ပြီး ပြည်တွင်းစာရေရိက္ခာဖူလုံမှုရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် စိုက်ပျိုး၍ဖြစ်ထွန်းသည့် အသီးအနှံများကို ပြည်တွင်းဖူလုံမှုရှိအောင် စိုက်ပျိုးသွားနိုင်ရေးမူဝါဒအဖြစ် ဆောင်ရွက်သွားရန်လိုကြောင်း။

ပြည်ပသွင်းကုန် အစားထိုးရေးနှင့်ပတ်သက်၍ စားသုံးဆီများကို ပြည်ပမှနှစ်စဉ်တင်သွင်းနေရကြောင်း၊ မိမိတို့နိုင်ငံတွင် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ ပန်းနှမ်း၊ နေကြာ၊ ဆီမုန်ညင်း၊ ပဲပုပ်၊ ဆီအုန်း စသည်ဖြင့် ဒေသအလိုက် စိုက်ပျိုးဖြစ်ထွန်းကြောင်း၊ ထို့ကြောင့် ပြည်တွင်းစားသုံးဆီ လုံလောက်စွာထုတ်လုပ်နိုင်ရေး မူဝါဒချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဂျုံကိုလည်း ပြည်ပမှနှစ်စဉ် တင်သွင်းနေရသဖြင့် ပြည်တွင်းဂျုံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးဆောင်ရွက်သွားရန် လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်ဧကပန်းတိုင်ရည်မှန်းချက်များ ပြည့်မီစေရေး မူဝါဒချမှတ်ထားရှိကြောင်း၊ စိုက်ပျိုးရေးသုတေသနဌာနအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးသုတေသနပြုထားသည့် အချက်အလက်များနှင့် နိုင်ငံတကာမှ သုတေသနပြုထားသည့်အချက်အလက်များကို နှိုင်းယှဉ်သုံးသပ်စနစ်တကျတွက်ချက်၍ အဆိုပါ ပန်းတိုင်ရည်မှန်းချက်များကို သတ်မှတ်ထားခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် မျိုး၊ မြေ၊ ရေ၊ နည်း စသည့်နည်းလမ်းလေးသွယ်ဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ မျိုးကောင်းရန်၊ မြေပြုပြင်ခြင်းဆောင်ရွက်ရန်၊ စိုက်ပျိုးရေနှင့် အောင်ရေလုံလောက်စွာရရှိရန်နှင့် နည်းစနစ်တကျစိုက်ပျိုးရန်လိုကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်တိရစ္ဆာန်များကိုရွေးချယ်မွေးမြူရန်၊ အရည်အသွေးပြည့်မီသည့် တိရစ္ဆာန်အစာများ ကျွေးမွေးရန်နှင့် သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာတိုက်ကျွေးရန်၊ နည်းစနစ်တကျမွေးမြူဆောင်ရွက်သွားရန်လိုကြောင်း။

သို့မှသာ ဈေးကွက်ဝင်အရွယ်အစားနှင့် အထွက်နှုန်းကောင်းမွန်ပြီး စီးပွားဖြစ်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊စားရေရိက္ခာဖူလုံရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် လုပ်ငန်းကော်မတီဖွဲ့စည်းပြီး မဟာဗျူဟာများချမှတ်၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးဧက ၃၃ သန်းရှိပြီး မိမိတို့နိုင်ငံအတွက် လုံလောက်မှုရှိကြောင်း၊ စိုက်ပျိုးဧကများတိုးချဲ့ခြင်းထက် မြေကိုအကျိုးရှိရှိအသုံးချ၍ အထွက်နှုန်းများပိုမိုတိုးတက်အောင်ဆောင်ရွက်သွားရန်လိုကြောင်း၊အဓိကအားဖြင့် ရိက္ခာဖူလုံအောင်ဆောင်ရွက်ရာတွင် တစ်ဧကပန်းတိုင်အထွက်နှုန်းတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်သကဲ့သို့ သီးထပ်စွမ်းအားများတိုးတက်ကောင်းမွန်စေရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်ပြီး သီးထပ်စွမ်းအားများ တိုးတက်ရေးဆောင်ရွက်နိုင်ကြောင်း၊ စစ်ကိုင်း၊ မန္တလေးနှင့် မကွေးစသည့် တိုင်းဒေသကြီးတို့တွင် ယာစိုက်ပျိုးမှုများ များပြားကြောင်း၊ ယာမြေများကို မြေပြုပြင်ခြင်းများ ဆောင်ရွက်၍ အသွင်ပြောင်းလယ်များအဖြစ် ဆောင်ရွက်ပြီး မြစ်ရေတင်စီမံကိန်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး မူဝါဒချမှတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးရေလုံလောက်စွာရရှိနိုင်သည့်ဒေသများတွင် သီးထပ်စွမ်းအားကို ၃၀၀ ရာခိုင်နှုန်းထိရရှိအောင် အဆင့်ဆင့်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

**အဓိကအားဖြင့် စားရေရိက္ခာမူဝါဒနှင့်ပတ်သက်၍ မည်ကဲ့သို့အထောက်အကူဖြစ်အောင်ဆောင်ရွက်မည်၊ မည်ကဲ့သို့ အကျိုးရှိရှိဆောင်ရွက်မည်၊ အရန်စားရေရိက္ခာများ မည်ကဲ့သို့ သိုလှောင်ထားရှိမည်၊ ပြည်တွင်း၊ ပြည်ပရောင်းချမှုများကို မည်ကဲ့သို့ စီမံခန့်ခွဲဆောင်ရွက်မည်ကို စနစ်တကျတွက်ချက်ဆောင်ရွက်သွားရန်လို . . .**

ရေအသုံးချမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံရှိမြစ်ချောင်းများမှရေများ၏ ၂၀ ရာခိုင်နှုန်းခန့်ကိုသာ အကျိုးရှိရှိသုံးစွဲနိုင်သည်ကိုတွေ့ရပြီး ကျန်ရှိသည့် ၈၀ ရာခိုင်နှုန်းခန့်မှာ ပင်လယ်အတွင်းသို့ စီးဆင်းသွားခြင်းဖြစ်ကြောင်း၊ အပင်များ ရှင်သန်ကြီးထွားရန်အတွက် ရေသည်မဖြစ်မနေလိုအပ်ကြောင်း၊ ထို့ကြောင့် မြစ်ချောင်းများမှ စိုက်ပျိုးရေများရရှိရေးအတွက် နေရောင်ခြည်စွမ်းအင်သုံးမြစ်ရေတင်စီမံကိန်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြောင်း၊ စိုက်ပျိုးရေများ လုံလောက်စွာရရှိနိုင်မည်ဆိုပါက သီးနှံများကို ရာသီမရွေးအောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်ပြီး သီးထပ်စွမ်းအားများလည်း တိုးတက်လာမည်ဖြစ်ကြောင်း။

မြစ်ချောင်းများတွင် နှစ်စဉ်ရေကြီးရေလျှံမှုများနှင့် ရေစီးကြောင်းပြောင်းလဲမှုများကြောင့် နုန်းပို့ချမှုများဖြစ်ပေါ်ကာ မြစ်ချောင်းကြမ်းပြင်များမြင့်တက်ခြင်းနှင့် အချို့နေရာများတွင် တရားမဝင်ရွှေတူးဖော်ခြင်းများဆောင်ရွက်ခြင်းများကြောင့် နုန်းတင်ခြင်းများဖြစ်ပေါ်ပြီး မြစ်ချောင်းများတိမ်ကောခြင်းများဖြစ်ပေါ်လာကြောင်း၊ ထို့ကြောင့် မြစ်ချောင်းများကို ပြန်လည်ဆယ်တင်ခြင်းနှင့် ရေလမ်းထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နွေရာသီကာလစိုက်ပျိုးရေရရှိရန်အတွက် ချောင်းပိတ်၊ မြောင်းပိတ်ရေလှောင်ကန်များ တည်ဆောက်ခြင်း၊ သဲချောင်းများတွင် မြေအောက်တာမံများတည်ဆောက်ခြင်း ဆောင်ရွက်နိုင်သကဲ့သို့ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ချောင်းများ၊ မြောင်းများပတ်ဝန်းကျင်တွင် စိမ်းလန်းစိုပြည်မှုများဖြစ်ပေါ်လာပြီး မြေအောက်ရေကိုလည်း ထိုက်သင့်သလောက်ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ရေကို အကျိုးရှိစွာသုံးစွဲနိုင်ရေးနည်းလမ်းများရှာဖွေဆောင်ရွက်သွားရန်လိုကြောင်း၊ မိုးရေများကိုလည်း သိုလှောင်၍သုံးစွဲရန်လိုကြောင်း၊ ရေကိုအဟောသိကံသုံးစွဲမှုမရှိစေရေး ရေသုံးစွဲမှုစနစ်များမှန်ကန်ရန်နှင့် ရေကိုစနစ်တကျအသုံးချနိုင်ရေး မူဝါဒချမှတ်ဆောင်ရွက်သွားရန်လိုကြောင်း။

မြေသြဇာနှင့်ပတ်သက်၍ မြေသြဇာများထည့်သွင်းမှသာ သီးနှံများအထွက်နှုန်းတိုးတက်မည်ဖြစ်ကြောင်း၊ မြေသြဇာတွင် သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာဟူ၍ နှစ်မျိုးရှိပြီး မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအနေဖြင့် ဓာတ်မြေသြဇာများကို ပြည်ပမှနှစ်စဉ်တင်သွင်းနေရသဖြင့် ပြည်တွင်းမှထုတ်လုပ်နိုင်သည့် သဘာဝမြေသြဇာကို အကျိုးရှိထိရောက်စွာဖြင့် ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်တွင်း၌ ဓာတ်မြေသြဇာများ ထုတ်လုပ်နိုင်ရေးအတွက်လည်း ဆောင်ရွက်သွားရမည်ဖြစ်ပြီး ဓာတ်မြေသြဇာများနှင့် သဘာဝမြေသြဇာများကို စနစ်တကျသုံးစွဲနိုင်ရေး စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့်သွားလာရေးခက်ခဲသည့် နယ်စပ်ဒေသများ၌ သဘာဝမြေသြဇာများကို ကိုယ်တိုင်ထုတ်လုပ်အသုံးချနိုင်ရေးဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး စိုက်ပျိုးစရိတ်ချေးငွေများ ထပ်မံထုတ်ချေးပေးခြင်းအပါအဝင် နိုင်ငံတော်ကတတ်နိုင်သမျှဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် ချမှတ်ထားသည့်မူဝါဒများကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး အလေးထားဆောင်ရွက်သွားရန်လိုကြောင်း။

ရိက္ခာတွင်ပါဝင်သော မီးဖိုချောင်သုံးသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုများတိုးတက်လာစေရေးနှင့် စိုက်ပျိုးသည့်သီးနှံများ အရည်အသွေးကောင်းမွန်စေရေး၊ အရောင်၊ အနံ့၊ အရသာ၊ အရွယ်အားဖြင့် ကောင်းမွန်အောင် မည်ကဲ့သို့ဆောင်ရွက်ရမည်ကို သုတေသနပြုဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဂျုံစိုက်ပျိုးမှုနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ဂျုံကိုအဓိကစိုက်ပျိုးကြကြောင်း၊ ပြည်တွင်းဂျုံစိုက်ပျိုးမှုများ တိုးတက်အောင် ထုတ်လုပ်၍ ပြည်တွင်းဂျုံလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ဂျုံစားသုံးမှုသည် ခန္ဓာကိုယ်ထွားကျိုင်းမှုကို အထောက်အကူဖြစ်စေသဖြင့် ဂျုံစားသုံးမှုမြှင့်တင်နိုင်ရေးအတွက်လည်း ဆောင်ရွက်ပေးကြစေလိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိလာသည့်ကုန်ကြမ်းများကိုကြိတ်ခွဲရာတွင် အရည်အသွေးပြည့်မီစွာဖြင့် ကြိတ်ခွဲနိုင်ရန်လိုကြောင်း၊ ထွက်ရှိလာသည့်အရည်အသွေးအပေါ်မူတည်၍ ဈေးကွက်ရရှိမှုနှင့် ဈေးရရှိမှုများကွာခြားသွားမည်ဖြစ်ကြောင်း၊ အရည်အသွေးပြည့်မီသည့် ဆန်နှင့် ဆီများထုတ်လုပ်နိုင်ရေး ဆန်စက်နှင့်ဆီစက်များကောင်းမွန်ရန်လိုသဖြင့် မူဝါဒချမှတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးဖြစ်ထွန်းသည့် ပေါ်ဆန်းစပါးသည် ဈေးကွက်လိုအပ်ချက်ရှိပြီးဖြစ်သဖြင့် ရာသီဥတုနှင့် မြေ

**စုပေါင်းအားဖြင့် ဆောင်ရွက်မည်ဆိုပါက လုပ်ငန်းများပိုမိုအောင်မြင်နိုင်မည် ဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စုပေါင်းသမဝါယမစနစ်ဖြင့် ဆောင်ရွက်သွားရန်လို၊ စိုက်ပျိုးမွေးမြူရေးလုပ်သားများသည် နိုင်ငံတော်နှင့် ကမ္ဘာ့စားရေရိက္ခာအတွက် တစ်ထောင့်တစ်နေရာမှအကျိုးပြုနေကြသူများဖြစ်သဖြင့် များစွာအလေးထား . . .**

အခြေအနေပေးသည့် နေရာများတွင် ရွေးချယ်စိုက်ပျိုးကာ အရည်အသွေးကောင်းမွန်ပြီး အထွက်နှုန်းတိုးတက်အောင်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ မွေးမြူရေးတွင်မရှိမဖြစ်လိုအပ်ချက်မှာ တိရစ္ဆာန်အစာဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် တိရစ္ဆာန်အစာများလုံလောက်စွာထွက်ရှိပြီး ပြည်ပမှတင်သွင်းရမှုနည်းပါးကြောင်း၊ ဆန်ကွဲ၊ ဖွဲ၊ ပြောင်းများသည် နိုင်ငံတစ်ဝန်းတွင် ထွက်ရှိကြောင်း၊ အဆိုပါစိုက်ပျိုးရေးထွက်ကုန်များမှ တိရစ္ဆာန်အစာများထုတ်လုပ်နိုင်သဖြင့် မွေးမြူရေးလုပ်ငန်းများတွင် ထိထိရောက်ရောက် အသုံးချဆောင်ရွက်သွားရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် မွေးမြူရေးကိုအောင်မြင်အောင်ဆောင်ရွက်ပြီး ဒေသတွင်းလိုအပ်ချက်ကိုပြည့်မီအောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်သူများ၏စားရေးကို လုံလောက်အောင်ဆောင်ရွက်ပေးခြင်းသည်လည်း ကုသိုလ်တစ်မျိုးပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ကြက်၊ ဝက်၊ ဆိတ်၊ အမဲ၊ ငါးများကို အဓိကထားစားသုံးကြသဖြင့် စနစ်တကျမွေးမြူဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသများအလိုက် ကျွဲ၊ နွားရှားပါးလာသကဲ့သို့ နွားမွေးမြူမှုများ နည်းပါးလာသည်ကိုတွေ့ရကြောင်း၊ အသားစားနွားနှင့် နို့စားနွားများကို ပိုမိုတိုးတက်အောင်မွေးမြူခြင်းဖြင့် စားရေးကို အထောက်အကူပြုမည်ဖြစ်သကဲ့သို့ ထွက်ရှိသည့်သားရေများဖြင့်လည်း ဖိနပ်နှင့် အခြားလူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်ပြီး အရိုးကိုမြေသြဇာအဖြစ် အသုံးပြုနိုင်ကြောင်း၊ အလားတူ ငါး၊ ပုစွန်များကိုလည်း တိုးချဲ့မွေးမြူရန်လိုကြောင်း၊ အသားငါးမူဝါဒနှင့်ပတ်သက်၍ ပြည်သူများလုံလောက်စွာရရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ နိုင်ငံတော်က မြစ်ချောင်းများအတွင်း ငါးမျိုးများကို နှစ်စဉ်အခမဲ့စိုက်ထည့်ပေးလျက်ရှိကြောင်း၊ ပြည်သူများ သက်သက်သာသာ ပေါပေါများများဖြင့် စားသုံးနိုင်ရေးမူဝါဒချမှတ်ဆောင်ရွက်သွားရန်လိုကြောင်း။

ယနေ့ခေတ်သည် သိပ္ပံနှင့်နည်းပညာခေတ်၊ IT ခေတ်၊ AI ခေတ်ဖြစ်လာပြီဖြစ်ကြောင်း၊ မိမိအနေဖြင့် မကြာမီကသွားရောက်ခဲ့သည့် အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံခရီးစဉ်များတွင် အဆိုပါနိုင်ငံများ၏ ခေတ်မီစိုက်ပျိုးရေးစနစ်များကိုလေ့လာသိရှိခဲ့ရကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ခေတ်မီသည့်စိုက်ပျိုးရေးစနစ်ကိုတတ်နိုင်သည့်ကဏ္ဍများတွင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူ စက်မှုလယ်ယာစနစ်ကိုလည်း ဖော်ဆောင်နိုင်ရန်လိုကြောင်း၊ ကျွဲနွားများရှားပါးလာခြင်းနှင့် လုပ်သားအင်အားရှားပါးလာမှုများကြောင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် စက်ပစ္စည်းကိရိယာများကို လုံလောက်စွာ အသုံးပြုနိုင်ရန်လိုကြောင်း၊ အလားတူစိုက်ပျိုးရေးလုပ်ငန်းသုံးစက်ပစ္စည်းကိရိယာများကို ပြည်တွင်း၌ထုတ်လုပ်နိုင်ရန် လိုကြောင်း၊ မိမိတို့အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် သိပ္ပံနည်းကျခေတ်မီသည့် စိုက်ပျိုးရေးစနစ်၊ အိုင်တီစနစ်၊ Ai စနစ်များ၊ စက်ကိရိယာများကို အသုံးချနိုင်ရန်လိုကြောင်း။

နိုင်ငံတော်၏ ပညာရေးကဏ္ဍမြှင့်တင်နိုင်ရေး KG+9 ထိ မသင်မနေရစနစ်ဖြင့် ဆောင်ရွက်ပေးထားကြောင်း၊ အလားတူ အခြေခံပညာအလယ်တန်းမှစတင်၍ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအခြေခံပညာများကို သင်ကြားပေးလျက်ရှိကြောင်း၊ နိုင်ငံတော်က စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လူသားအရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက်လည်း သက်ဆိုင်ရာ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်များအလိုက် ပညာသင်ဆုများပေးခြင်းများကို ဆောင်ရွက်သွားရန်လိုကြောင်း။

ရိက္ခာဆိုသည်မှာလည်း နောင်တွင်စားသုံးမည့်စုဆောင်းထားသည့် ဆန်ရေစပါးဖြစ်ကြောင်း၊ အဓိကအားဖြင့် အရန်ဆန်နှင့်စပါးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စုဆောင်းသိုလှောင်ထားနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တွင် အဆိုပါသိုလှောင်ထားသည့် အရန်ဆန်နှင့်စပါးများသည် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ခြင်းကြောင့် ပြည်တွင်း၌ စားရေရိက္ခာများဖူလုံစွာရှိနေရန်နှင့် ခိုင်ခိုင်မာမာပြည့်စုံဖူလုံနေစေရန် မူဝါဒချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိ၏မျှော်မှန်းချက်မှာ မြန်မာနိုင်ငံသည်နိုင်ငံတကာတွင် စားနပ်ရိက္ခာ အဓိကဖြည့်ဆည်းတင်ပို့ပေးနိုင်သည့် နိုင်ငံ တစ်နိုင်ငံဖြစ်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆန်၊ ပဲနှင့် အခြားစားသောက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများကို ပိုမိုတိုးတက်ထုတ်လုပ်သွားနိုင်ရေး အမြဲသုတေသနပြု လေ့လာသုံးသပ်စနစ်တကျ ကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ မြေပြင်အချက်အလက်များ မှန်ကန်ပြည့်စုံစွာဖြင့်သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားမည်ဆိုပါက လုပ်ငန်းများပိုမိုအောင်မြင်နိုင်မြင်ဖြစ်သဖြင့် စနစ်တကျ စီမံကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ကော်မရှင်၏ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ရေးအတွက် ဖွဲ့စည်းထားသည့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်နှင့် နေပြည်တော်ကောင်စီနယ်မြေစားရေရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍမြှင့်တင်ရေးအတွက် အကောင်အထည်ဖော်ရေးကော်မတီများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ဝင်များက ဟင်းသီးဟင်းရွက်များနှင့် အသားငါးများကို ဖြန့်ဖြူးရောင်းချပေးနေမှု၊ ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါးနှင့် ပုစွန်များကို ဇုန်များအလိုက်မွေးမြူထားရှိမှုနှင့် တိုးချဲ့မွေးမြူသွားမည့်အစီအမံများ၊ တိရစ္ဆာန်အစာများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိမှု၊ ဒေသတွင်းနေထိုင်သည့် လူဦးရေအချိုးအစားများအလိုက် စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် သတ်မှတ်နှစ်အလိုက်တိုးတက်ထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားမည့် အစီအမံများ၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်နိုင်ရေးနှင့် ဆီထွက်သီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်သည့် အခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် ရေလုံလောက်စွာရရှိရေး ဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေများ၊ ဒေသတွင်းစားသုံးမှုမှပိုလျှံသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အခြားဒေသများနှင့် ပြည်ပသို့ တင်ပို့ရောင်းချနေမှုအခြေအနေများ၊ သဘာဝဘေးအန္တရာယ်ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရေး စနစ်တကျစီမံဆောင်ရွက်ထားရှိမှုနှင့် အရန်မျိုးစေ့များ၊တိရစ္ဆာန်သုံးဆေးဝါးများ သိုလှောင်ထားရှိမှု၊ စက်မှုလယ်ယာစနစ်ဖော်ဆောင်ထားရှိမှုနှင့် စက်မှုလယ်ယာသုံးကိရိယာများ စီစဉ်ဆောင်ရွက်ထားရှိမှု၊ ပြည်ပနိုင်ငံအချို့၏ စားရေရိက္ခာမူဝါဒမဟာဗျူဟာများမှ လေ့လာတွေ့ရှိချက်များ၊ ပေါင်းစည်းလယ်ယာစနစ်ဆောင်ရွက်ရေးနှင့် မျိုးကောင်းမျိုးသန့်များ ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရေးအတွက် မြှင့်တင်ဆောင်ရွက်သွားနိုင်ရေး၊ လမ်းညွှန်ချက်များနှင့်အညီ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ထုတ်လုပ်နေမှုနှင့် ပြည်ပသို့ပိုမိုတင်ပို့နိုင်ရေးဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ပုဂ္ဂလိကအခန်းကဏ္ဍမှ ဦးစားပေးဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်နှင့် နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ရရှိစေရန် ပညာရှင်များ၊အသင်းအဖွဲ့များနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက လယ်ယာထွက်ကုန်များ ရောင်းချရာတွင်သင့်တင့်မျှတသည့် ဈေးနှုန်းနှင့် ဈေးကွက်ရရှိရေးအတွက် တောင်သူလယ်သမားများကို ကူညီဆောင်ရွက်နိုင်ရန်အတွက် လယ်ယာထွက်ကုန်စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းမှုနှင့်ပတ်သက်၍လည်းကောင်း၊ ကော်မရှင်အတွင်းရေးမှူး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နွားမွေးမြူရေးလုပ်ငန်းများ တိုးတက်ရေးနှင့်စိုက်ပျိုးမြေများကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ အကျိုးရှိစွာဖြင့် အသုံးချနိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်မှုများနှင့်ပတ်သက်၍လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒစ်ဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြစ်ချောင်းများအတွင်း ရေထုထည်ပမာဏထိန်းသိမ်းခြင်းနှင့် ရေအရည်အသွေးထိန်းသိမ်းခြင်းလုပ်ငန်းများကို ဥပဒေနှင့်အညီ ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးတွင် နိုင်ငံတော်ပိုင်းအနေဖြင့် နိုင်ငံတော်အမြင်နှင့် မူဝါဒများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ၎င်းတို့လက်တွေ့ဆောင်ရွက်နေရသည့် လုပ်ငန်းအတွေ့အကြုံအမြင်များ၊ အဖွဲ့ချုပ်များအနေဖြင့်လည်း ၎င်းတို့၏ အမြင်များကို ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထပ်မံ၍ လုပ်ငန်းကော်မတီများအလိုက် အသေးစိတ်ဆက်လက်ဆွေးနွေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံတိုင်းတွင် စိုက်ပျိုးရေးနှင့်ပတ်သက်၍ အသက်မွေးဝမ်းကျောင်း ဆောင်ရွက်နေကြသူများစွာရှိကြောင်း၊ တောင်သူလယ်သမားများသည် ပြည်သူများ ထမင်းစားနိုင်ရန်အတွက် ဆောင်ရွက်ပေးနေသူများဖြစ်သဖြင့် ၎င်းတို့၏အကျိုးစီးပွားကို ကာကွယ်ပေးရမည်ဖြစ်ကြောင်း၊နိုင်ငံတော်ကတောင်သူများအတွက်စဉ်းစားပြီးစီမံပေးသကဲ့သို့ ကြည့်သကဲ့သို့ တောင်သူများဘက်မှလည်း စိုက်ကေများ အပြည့်အဝစိုက်ပျိုးရန်နှင့် အထွက်နှုန်းများတိုးတက်ကောင်းမွန်စေရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မွေးမြူရေးလုပ်ငန်းများတွင်လည်း လိုအပ်သည်များကို နိုင်ငံတော်ကဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊အစည်းအဝေးတွင်ဆွေးနွေးခဲ့သည်များကို လုပ်ငန်းကော်မတီများအလိုက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အဓိကအားဖြင့် စားရေရိက္ခာမူဝါဒနှင့်ပတ်သက်၍ မည်ကဲ့သို့အထောက်အကူဖြစ်အောင် ဆောင်ရွက်မည်၊ မည်ကဲ့သို့ အကျိုးရှိရှိဆောင်ရွက်မည်၊ အရန်စားရေရိက္ခာများ မည်ကဲ့သို့သိုလှောင်ထားရှိမည်၊ ပြည်တွင်း၊ပြည်ပရောင်းချမှုများကို မည်ကဲ့သို့စီမံခန့်ခွဲဆောင်ရွက်မည်ကို စနစ်တကျ တွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း။

စုပေါင်းအားဖြင့်ဆောင်ရွက်မည်ဆိုပါက လုပ်ငန်းများပိုမိုအောင်မြင်နိုင်မည်ဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စုပေါင်းသမဝါယမစနစ်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်သားများသည်နိုင်ငံတော်နှင့်ကမ္ဘာ့စားရေရိက္ခာအတွက် တစ်ထောင့်တစ်နေရာမှအကျိုးပြုနေကြသူများဖြစ်သဖြင့် များစွာအလေးထားကြောင်း၊ ထို့ကြောင့် ယခုစားရေရိက္ခာကော်မရှင်ကို မိမိကိုယ်တိုင်ဦးစီး၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင်ဆွေးနွေးခဲ့သည့် ဆွေးနွေးချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အသေးစိတ်ထပ်မံဆွေးနွေးပြီး Action Plan များရေးဆွဲ၍ လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းတို့ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဇွန် ၂၆**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။

## ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကထုတ်ပေးသည့် မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍ မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ယာဉ်ထိန်းရဲတပ်ဖွဲ့**

☆ ကျောဖုံးမှအဆက်

ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် ယခု နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီသည် ယခင် ၁၉၈၉ ခုနှစ် နဝတခေတ်ကတည်းက ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုအချိန်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးလက်မှတ် ရေးထိုးပြီးချိန်တွင် ငြိမ်းချမ်းရေးယူခဲ့သည့် နယ်မြေများတွင် အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့ပြီး အဆိုပါနယ်စပ်ဒေသများ၊ တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးနိုင်ရန် ဗဟိုကော်မတီဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ထိုအချိန်မှစတင်၍ အစိုးရအဆက်ဆက် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းများပီပီပြင်ပြင်ဖြစ်သည်များရှိသကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် အောင်မြင်မှုမရှိသည့် လုပ်ငန်းများလည်းရှိခဲ့ကြောင်း၊ အဓိကအားဖြင့် နယ်စပ်ဒေသရှိတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ လူမှုစီးပွားဘဝဆိုရာတွင် ပြည်သူတစ်ဦးချင်းဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးချိန်တွင် ပါလီမန်စနစ်ဖြင့်ဆောင်ရွက်ခဲ့ပြီး ထိုအချိန်အတွင်း တိုင်းရင်းသားအချို့အနေဖြင့် အခွင့်အရေးတောင်းဆိုခြင်းများရှိကြောင်း၊ အလားတူ ပါလီမန်တွင် တိုင်းရင်းသားအမတ်များသီးခြားပေးထားခြင်းများရှိကြောင်း၊ သို့သော်အာဏာခွဲဝေရေးကိစ္စရပ်များကို ပြောဆိုလာခဲ့ကြောင်း၊ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်ပတ်သက်၍ ဝိဝါဒကွဲပြားခြင်းဖြစ်ပေါ်လာခဲ့ကြောင်း၊ တိုင်းရင်းသားများ၏လိုလားချက်၊ နိုင်ငံရေးပါတီနှင့် အဖွဲ့အစည်းများ၏ လိုလားချက်များရှိခဲ့ကြောင်း၊ နိုင်ငံရေးအရတောင်းဆိုမှုများရှိသကဲ့သို့ တိုင်းရင်းသားရေးအရတောင်းဆိုမှုများလည်း ရှိခဲ့ကြောင်း၊ ထိုအချိန်က ပါလီမန်စနစ်ကို ဆောင်ရွက်နေခြင်းဖြစ်သဖြင့် ကြိုက်နှစ်သက်သည့် နိုင်ငံရေးစနစ်ကိုဆောင်ရွက်နိုင်ကြောင်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ဆိုရှယ်လစ်စနစ်ကိုသွားရန် ရေးဆွဲထားခြင်းမရှိသော်လည်း အချို့ပုဒ်မများတွင် ဆိုရှယ်လစ်စနစ်ကိုသွားနိုင်သည့် အခြေခံအချက်များ ထည့်သွင်းထားသည်ကို တွေ့ရပြီး သမ္မတကြီး စပ်ရွှေသိုက်၏ မိန့်ခွန်းတွင် ဆိုရှယ်လစ်စနစ်ကိုသွားရန် ထည့်သွင်း ပြောကြားခဲ့မှုများရှိကြောင်း၊ ထိုအပေါ်တွင် ဆန့်ကျင်ဘက်အမြင်ရှိသူများက ၎င်းတို့လိုလားချက်များမရရှိနိုင်ဟုဆိုကာ လက်နက်ကိုင်လမ်းစဉ်ကို လျှောက်လှမ်းခဲ့ကြကြောင်း၊ သမိုင်းတွင်ဖြစ်ပေါ်ခဲ့သော လေ့လာသင့်သည့်ကိစ္စရပ်များဖြစ်ပြီး မိမိတို့တာဝန်ယူသည့်အချိန်တွင် ယခုကဲ့သို့သောဖြစ်စဉ်များမဖြစ်အောင် ဆင်ခြင်ဆောင်ရွက်နိုင်ကြောင်း။

ပါလီမန်ခေတ်တွင် နိုင်ငံရေးအရသဘောထားကွဲလွဲမှုများသည် အစိုးရအနေဖြင့် သက်ဆိုင်ရာဥပဒေဖြင့် ကြည့်ပါက မှန်ကန်သော်လည်း နိုင်ငံရေးသမားများဘက်က ကြည့်ပါက ၎င်းတို့မဖြစ်မည်ကို စိုးရိမ်ကြကြောင်း၊ ထို့ကြောင့် နိုင်ငံရေးကို အကြမ်းဖက်နည်းလမ်းများဖြင့် ဆောင်ရွက်လာကြကြောင်း၊ ထိုအချိန်က မိမိတို့နိုင်ငံ တစ်ခုတည်းသာမက လွတ်လပ်ရေးကြိုးပမ်းမှုကြောင့် လွတ်လပ်ရေးရရှိလာကြသည့် နိုင်ငံများတွင် နိုင်ငံရေးပဋိပက္ခများ ဖြစ်ပေါ်ခဲ့သည်ကိုတွေ့ရကြောင်း၊ အချို့နိုင်ငံများတွင် နိုင်ငံရေးအငြင်းပွားမှုများဖြစ်ပေါ်ခဲ့သကဲ့သို့ အချို့နိုင်ငံများတွင် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်ခဲ့ကြောင်း၊ ယခုအချိန်ထိလည်း မိမိတို့နိုင်ငံအပါအဝင် အချို့နိုင်ငံများ၌ အဆိုပါပဋိပက္ခများမပြီးဆုံးသေးကြောင်း။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ အားနည်းချက်ကြောင့် အိမ်စောင့်အစိုးရက နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းဆောင်ရွက်ခဲ့ပြီး အိမ်စောင့်အစိုးရလက်ထက်တွင် သန့်ရှင်းသည့် ရွေးကောက်ပွဲကိုကျင်းပပြုလုပ်၍ အနိုင်ရသည့်ပါတီကို နိုင်ငံတော်တာဝန်လွှဲပြောင်းပေးခဲ့ကြောင်း၊ ထိုအချိန်တွင် တိုင်းရင်းသားများ၏ တောင်းဆိုမှုများ ပိုမိုပြင်းထန်လာခဲ့ပြီး ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီက နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့ကြောင်း၊ ဗဟိုဦးဆောင်သည့် စနစ်ဖြင့် ဆောင်ရွက်ခဲ့ပြီး တိုင်းရင်းသားများနှင့် ပတ်သက်သည့် ပြဿနာများကိုပြေလည်အောင် ဖြေရှင်းနိုင်မှုမရှိခဲ့ဘဲ အရှေ့မြောက်ဒေသများတွင် တိုက်ပွဲများပြင်းထန်လာခဲ့ကြောင်း၊ ပဋိပက္ခများဖြစ်ပွားမှုနှင့် အကြောင်းအမျိုးမျိုးကြောင့် တိုင်းရင်းသားဒေသများတွင် ဖွံ့ဖြိုးတိုးတက်မှုများ များစွာနောက်ကျခဲ့ကြောင်း။

**လူများသည် ရေကြည်ရာမြက်နုရာကို ရှာဖွေကြသဖြင့် မိမိတို့ဒေသတွင် အလုပ်အကိုင်များရရှိပြီး ဒေသဖွံ့ဖြိုးတိုးတက်မည်ဆိုပါက အခြားနေရာများသို့ သွားရောက်နေထိုင်မှုများ နည်းပါးသွားမည်ဖြစ်၊ မိမိတို့အနေဖြင့် နယ်စပ်ဒေသတိုင်းရင်းသားများ၏ ဆူကြုံနိမ့်မြင့်ကွာခြားမှုများကို နည်းပါးအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်၊ နိုင်ငံကောင်းအောင်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မည်ကဲ့သို့ဆောင်ရွက်သင့်သည်ကို စဉ်းစားဆောင်ရွက်ကြရန်လို၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးဆပ်မကော်မတီ ခုနစ်ခုအတွက် ရန်ပုံငွေ ၁၃၉၇ ဘီလီယံ ခွင့်ပေးပြုပေးထားပြီး ဒေသဆိုင်ရာလုပ်ငန်းကော်မတီ ကိုးခုအတွက်လည်း ရန်ပုံငွေ ၆၄၃ ဒသမ ၆၈ ဘီလီယံကို ခွင့်ပြုပေးထား...**

နယ်စပ်ဒေသအများစုသည် သွားလာရန်ခက်ခဲခြင်း၊ ဆက်သွယ်မှုခက်ခဲခြင်း၊ တောတောင်ထူထပ်သည့်နေရာ၊ မြစ်ချောင်းအင်းအိုင်ပေါများသည့် ဒေသများ၊ လူဦးရေနည်းပါးသည့် နယ်မြေ၊ ဘာသာစကားကွဲပြားသည့်နေရာများဖြင့် နိုင်ငံ့ဝန်ထမ်းများ အရောက်အပေါက်နည်းပါးသည့်အတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအပါအဝင် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်မှုအားနည်းခဲ့ပြီး အဆိုပါအခက်အခဲများကို လက်နက်ကိုင်ပဋိပက္ခများကြောင့် အဆင်ပြေအောင်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိကြောင်း၊ ၁၉၈၈ ခုနှစ် နိုင်ငံရေးပဋိပက္ခဖြစ်ပွားချိန်တွင် နိုင်ငံတော်အစိုးရက ထိန်းကျောင်းနိုင်မှုမရှိတော့သဖြင့် တပ်မတော်က နိုင်ငံတော်တာဝန်ကို မလွှဲသာ မရှောင်သာ ဝင်ရောက်ထိန်းသိမ်းထမ်းဆောင်ခဲ့ရသည်ကို သမိုင်းမှတ်တမ်းများတွင် တွေ့မြင်နိုင်ကြောင်း၊ တပ်မတော်က တာဝန်ယူပြီးနောက်ပိုင်းတွင် ပြည်သူလူထုတောင်းဆိုသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရန် ဆောင်ရွက်ပေးမည်ဟု ကတိပြုပြောကြားခဲ့ပြီး တိုင်းရင်းသားအရေးကို ဖြေရှင်းနိုင်ရန်အတွက်လည်း ၁၉၈၉ ခုနှစ်တွင် ငြိမ်းချမ်းရေးဆွေးနွေးကာ အပစ်အခတ်ရပ်စဲခဲ့ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးခဲ့ကြောင်း။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို တပ်မတော်၏ကွပ်ကဲမှုအောက်တွင် နိုင်ငံတော်၏ ကာကွယ်ရေးစွမ်းပကားအဖြစ် ဖွဲ့စည်းသိမ်းသွင်းဆောင်ရွက်ရန် လုပ်ဆောင်ခဲ့ရာ လက်ခံသည့်အဖွဲ့များရှိသကဲ့သို့ လက်မခံသည့်အဖွဲ့များလည်းရှိကြောင်း၊ ၂၀၁၀ ပြည့်နှစ် ပထမဒီမိုကရေစီအစိုးရသက်တမ်းကာလတွင် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေး ရရှိရန်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို အကြိမ်ပေါင်းများစွာ ဆောင်ရွက်ခဲ့ကြောင်း၊ အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ နောက်တွင် ပြည်ပနိုင်ငံများနှင့် အဖွဲ့အစည်းများက ကြိုးကိုင်ခြယ်လှယ်ဆောင်ရွက်မှုများရှိသဖြင့် အခက်အခဲများအကြားမှ အကြိမ်ကြိမ်ဆွေးနွေးခဲ့ပြီး နောက်ဆုံးတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ထိုအချိန်တွင် တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် ဒီမိုကရေစီ ဒုတိယအစိုးရသက်တမ်းကာလတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဆောင်ရွက်ခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ကြောင်း၊ တိုင်းရင်းသားဒေသများတွင် ငြိမ်းချမ်းမှုမရှိသည့်ဒေသများ၌ ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျခဲ့ရကြောင်း၊ ဗဟိုကော်မတီအနေဖြင့် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး မိမိတို့သမိုင်းကို သိရှိအောင် ပြောကြားရခြင်းဖြစ်ကြောင်း။

မိမိတို့အစိုးရ တာဝန်ယူချိန်တွင် တည်ငြိမ်အေးချမ်းသည့် ဒီမိုကရေစီနိုင်ငံတစ်ခုအဖြစ် ဆောင်ရွက်မည်၊ နိုင်ငံရေးမျှော်မှန်းချက်တွင် စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကိုခိုင်မာအောင် ဆောင်ရွက်မည်၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကို တည်ဆောက်မည်ဟု ပါရှိပြီးဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် အကြောင်းအမျိုးမျိုးကြောင့် နောက်ကျကျန်ခဲ့သည့် နယ်မြေများကို ဖွံ့ဖြိုးတိုးတက်မှုများ ကွာဟမှုမရှိအောင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အချို့နယ်မြေများသည် အစွန်အဖျားဒေသများမဟုတ်သော်လည်း ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသည့် ဒေသများလည်းရှိကြောင်း၊ ထို့ကြောင့် အဆိုပါဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ထို့နောက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက ငြိမ်းချမ်းရေးဖိတ်ခေါ်မှုနှင့်ပတ်သက်၍ ပြောကြားရာတွင်-

**"ကွာဟမှုရှိနေတဲ့ နယ်မြေတွေ ကွာဟမှုမရှိအောင်လုပ်ပေးဖို့ ဒါကတော့ ကျွန်တော်တို့ မလွဲမသွေဆောင်ရွက်မယ့် လုပ်ငန်းတာဝန်တစ်ခုဖြစ်တယ်ဆိုတာကို ကျွန်တော်ပြောချင်ပါတယ်။ ဒီလိုလုပ်ဖို့ ဆိုရင်လဲ တည်ငြိမ်အေးချမ်းရေးက** အလွန်အရေးကြီးပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အစိုးရသစ်တာဝန်ယူတဲ့အချိန်မှာ ကျွန်တော့်တိုင်းပြည်ငြိမ်းချမ်းအောင်လုပ်မယ်။ ဖွံ့ဖြိုးတိုးတက်အောင်လုပ်မယ်။ ကျွန်တော် ငါးနှစ်အတွင်းမှာ တိုင်းပြည်ငြိမ်းချမ်းအောင် အတတ်နိုင်ဆုံးကြိုးစားဆောင်ရွက်မယ်လို့ ကျွန်တော်ပြောခဲ့တယ်။ ရက်ပေါင်း ၁၀၀ နဲ့ပတ်သက်ပြီး ကျွန်တော်ပြောတဲ့အချိန်မှာ ငြိမ်းချမ်းရေး ဖိတ်ခေါ်မှုတွေလုပ်ခဲ့ပါတယ်။ အခုလဲ ထပ်ပြောချင်ပါတယ်။ ကျွန်တော်တို့ အစိုးရကမ်းလှမ်းထားတဲ့ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီးတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ။ တိုင်းရင်းသားလက်နက်ကိုင်ဘယ်အဖွဲ့အစည်းမဆို ဘာကြိုတင်ကန့်သတ်ချက်မှမထားဘူး။ ငြိမ်းချမ်းရေးအတွက် လာပြီးဆွေးနွေးဖို့ ကျွန်တော်ဖိတ်ခေါ်ပါတယ်။ ဒါကိုထပ်ပြီးတော့ ကျွန်တော်ပြောချင်ပါတယ်။ ကျွန်တော်တို့က ရက်ပေါင်း ၁၀၀ စီမံချက်ထဲမှာထည့်ထားတာ။ ရက်ပေါင်း ၁၀၀ အတွင်းမှာ ကျွန်တော်တို့ အကောင်အထည်ဖော်ဖို့ ပြောထားတာ။ သို့သော်လည်းပဲ တချို့ကျတော့လဲ ဒါကိုကြိုတင်ကန့်သတ်ချက်မရှိဘူးဆိုပြီးတော့ ရက် ၁၀၀ လို့ ပြောထားတယ် ဆိုပြီးတော့ ပြောကြတာ။ ရက် ၁၀၀ အတွင်းမှာ ဒါလုပ်တဲ့အတွက်ကြောင့် ဒါလဲ Precau-tion လို့ ယူဆ၊ စကားကို ပေါက်ပေါက်ရှာရှာပြောတယ်။ ဒါကတ်ပြီးတော့ လုပ်တာ။ တကယ်ငြိမ်းချမ်းရေးလိုချင်ရင် ဒီနေ့ငြိမ်းချမ်းရေးလိုချင်ရင် ဒီနေ့ရောက်လာလိမ့်မယ်။ ငြိမ်းချမ်းရေးမလိုချင်ရင်တော့ အကြောင်းပြပြီးတော့ အချိန်ဆွဲမှာ။ ကျွန်တော်ငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ပါတယ်၊ လာပါ၊ ပြုပါဆိုတာ ကျွန်တော်တို့ လုပ်လို့ရတယ်။ တကယ်လဲ ကျွန်တော် လုပ်ချင်ပါတယ်။ အခု ကျွန်တော်ရတဲ့ Channel တိုင်းကနေ ကျွန်တော်ရအောင် ကြိုးစားတယ်။ ကျွန်တော် ဒီငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး ရဖို့ဆိုရင် ဘာပဲ ဘယ်လောက်ကုန်ကုန် ငါလုပ်မယ်လို့ ပြောတယ်။ တိုင်းပြည်ကို ကောင်းစေချင်တယ်။ ကျွန်တော်တို့ နောက်ကျကျန်ခဲ့တယ်ဗျ။ ဒါစဉ်းစားကြည့်ပါ။ ကျွန်တော်တို့မှာ ခြေလှမ်းရှေ့တိုးတယ်ဆိုမှ အချုပ်အနှောင်နဲ့ ချုပ်နှောင်ထားတဲ့ ခြေလှမ်းနဲ့ ရှေ့တိုးနေရတာ။ တကယ်တော့ မရောက်ဘူး။ ခုနအချုပ်အနှောင်ဆိုတာ ပြဿနာတွေနဲ့ ချုပ်နှောင်ထားတာ။ အခက်အခဲတွေနဲ့ ချုပ်နှောင်ထားတာ။ ကျွန်တော်တို့မှာ လွတ်လွတ်လပ်လပ်မရှိဘူး။ ပြောရရင်တော့ဗျာ မြင်းဇောင်းထဲက ထွက်လာတဲ့မြင်းလို တစ်ခါထဲဝုန်းဝုန်းဝုန်းဆိုပြီး ထွက်သွားချင်တာ။ ဒီလိုသွားချင်တာ။ အခုကမသွားနိုင်ဘူး။ အတားအဆီးတွေရှိနေတယ်။ အဲဒီ အတားအဆီးတွေက ပဋိပက္ခတွေပါ။ နိုင်ငံရေးပဋိပက္ခ၊ လက်နက်ကိုင်ပဋိပက္ခတွေဖြစ်နေတယ်။ ကျွန်တော်တို့က ဒါကိုပြတ်အောင်၊ ရှင်းအောင် လုပ်ဖို့လိုတယ်။ ဒါကြောင့် ဒီတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေကို ကျွန်တော်တို့ ပြောချင်ပါတယ်၊ EAO များကို ကျွန်တော်ပြောချင်တယ်။ တကယ်ငြိမ်းချမ်းရေး လိုချင်ရင်လာခဲ့ပါ။ ဘာကြိုတင်သတ်မှတ်ချက်မှ မရှိဘဲ

စာမျက်နှာ ၁၉ သို့

**စာမျက်နှာ ၁၈ မှအဆက်**

**ကျွန်တော်တို့ဆွေးနွေးမယ်**”ဟု ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဆက်လက်ပြောကြားရာတွင် ပြည်သူလူထု၏ တောင်းဆိုချက်တွင် လူမှုစီးပွားဘဝများတိုးတက်လိုကြကြောင်း၊ လူများသည် ရေကြည်ရာမြက်နုရာကို ရှာဖွေကြသဖြင့် မိမိတို့ဒေသတွင် အလုပ်အကိုင်များရရှိပြီး ဒေသဖွံ့ဖြိုးတိုးတက်မည်ဆိုပါက အခြားနေရာများသို့ သွားရောက်နေထိုင်မှုများ နည်းပါးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နယ်စပ်ဒေသတိုင်းရင်းသားများ၏ ဆူကြုံနိမ့်မြင့်ကွာခြားမှုများကို နည်းပါးအောင်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ အဆိုပါဒေသများအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေးရန် မဖြစ်မနေလိုအပ်ကြောင်း၊ တစ်ဖက်မှငြိမ်းချမ်းရေးကို ဖိတ်ခေါ်ဆောင်ရွက်ပြီး တစ်ဖက်ကလည်း ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် အဆိုပါဒေသများတွင် အားနည်းချက်များရှိနေသည့် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ မြှင့်တင်နိုင်သည့် လူ့စွမ်းအားအရင်းမြစ်များရှိလာရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် လမ်းပန်းဆက်သွယ်မှုများနှင့် ဆက်သွယ်မှုများလည်း ယခုထက်ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပညာရေးနှင့် ကျန်းမာရေးအတွက်လိုအပ်သည့် လူသားအရင်းအမြစ်များရောက်ရှိစေရေးအတွက် ပြည်ထောင်စုက ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်လည်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် ထိထိရောက်ရောက် တိုးတက်မှုရှိစေရေးဆောင်ရွက်သွားရန်လိုကြောင်း၊ အသိပညာများတိုးတက်အောင်၊ ကျန်းမာရေးကောင်းမွန်အောင်ဖြည့်ဆည်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ဒေသအလိုက် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်ပြီး စားသောက်ကုန်များဖူလုံအောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း။

နယ်စပ်ဒေသတိုင်းရင်းသားများအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် တစ်နိုင်ငံလုံးနှင့်သက်ဆိုင်သည့် ကိစ္စရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါဒေသများ၌ စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်သည့် ကျွမ်းကျင်ပညာရှင်များ ထွက်ပေါ်လာစေရေးအတွက်လည်း ဆောင်ရွက်ပေးရန်လိုကြောင်း၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်၊ ဒီဂရီကောလိပ်များသို့ တက်ရောက်ခဲ့သည့် တိုင်းရင်းသားကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း ပညာရပ်များသင်ကြားပြီးဆုံးသည့် အချိန်တွင် ၎င်းတို့ဒေသ၌ပင် သက်ဆိုင်ရာဒေသဖွံ့ဖြိုးရေး လုပ်ငန်းတာဝန်များကို ဝင်ရောက်ထမ်းဆောင်နိုင်ရန်လိုကြောင်း၊ အဓိကအားဖြင့် လူသားအရင်းအမြစ်လိုအပ်ချက်သည် အရေးကြီးသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖွင့်လှစ်ပေးထားသည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးသင်တန်းကျောင်းများတွင် ကျောင်းသား၊ကျောင်းသူများ တက်ရောက်ပညာသင်ကြားကြစေရေး စည်းရုံးဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ အနာဂတ်အတွက် အရေးကြီးသည့် ကိစ္စရပ်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတည်ငြိမ်အေးချမ်းရန်အတွက် ဘက်ပေါင်းစုံက ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံကောင်းအောင်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မည်ကဲ့သို့ဆောင်ရွက်သင့်သည်ကို စဉ်းစားဆောင်ရွက်သွားကြရန် လိုကြောင်း၊ မိမိတို့အစိုးရအဖွဲ့တာဝန်ယူပြီးနောက်ပိုင်းတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ဆပ်ကော်မတီ ခုနစ်ခုအတွက် ရန်ပုံငွေ ၁၃၉၇ ဘီလီယံခွင့်ပြုပေးထားပြီး ဒေသဆိုင်ရာလုပ်ငန်းကော်မတီ ကိုးခုအတွက်လည်း ရန်ပုံငွေ ၆၄၃ ဒသမ ၆၈ ဘီလီယံကို ခွင့်ပြုပေးထားကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာကဏ္ဍများအလိုက် စံချိန်စံညွှန်းနှင့်ညီညွတ်အောင် ဟန်ချက်ညီညီဖြင့်ဆောင်ရွက်သွားမည်ဆိုပါက လုပ်ငန်းများအောင်မြင်မည်ဖြစ်ကြောင်း၊ တာဝန်ရှိသည့် ကော်မတီဝင်များအနေဖြင့် စုပေါင်းအားဖြင့် အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

**ကျန်းမာရေးကဏ္ဍကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် မိမိ၏မူဝါဒမှာ ဆေးရုံရှိပါက ဆရာဝန်ရှိရမည်ဖြစ်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားများအတွက် အထူးပြုထားခြင်းဖြစ်သဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် နယ်စပ်ဒေသများနှင့် တိုင်းရင်းသားဒေသများဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေများကို ထိထိရောက်ရောက်အကျိုးရှိစွာဖြင့် အသုံးချဆောင်ရွက်သွားရန်လို၊ အမှန်တကယ်ဝေးလံခေါင်ဖျားသည့် ဒေသတွင်ရှိသည့် တိုင်းရင်းသားမျိုးနွယ်စုများထံ ရောက်ရှိအောင်သွားရောက်ပြီး နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ အကျိုးကို အမှန်တကယ်ဖော်ဆောင်ပေးရန်လို . . .**

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဗဟိုကော်မတီအဖွဲ့ဝင်များက တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ကောင်းမွန်သည့် ဒေသန္တရအုပ်ချုပ်ရေးဖော်ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ အွန်လိုင်းလိမ်လည်မှုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ ထိထိရောက်ရောက် နှိမ်နင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်း ငါးရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ အသုံးစရိတ်များကို လျာထားတင်ပြထားသည့်အတိုင်း ဥပဒေနှင့်အညီခွင့်ပြုထားရှိမှု၊ နယ်စပ်ဒေသရှိ အခြေခံပညာကျောင်းများကို ပညာသင်ထောက်ပံ့ကြေးများရွေးချယ်ချီးမြှင့်ပေးအပ်ခဲ့မှုနှင့် ဆရာ၊ ဆရာမ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိမှု၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် နယ်စပ်ဒေသရှိကျောင်းများ၌ တက်ရောက်လျက်ရှိသော ကျောင်းသား၊ ကျောင်းသူများကို ဖွဲ့စည်းထားရှိသည့် ဆရာ၊ ဆရာမများဖြင့် ပညာသင်ကြားပေးလျက်ရှိသည့် အခြေအနေများ၊ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောက်ရွက်လျက်ရှိသည့် အခြေအနေများ၊ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိမှု၊ နယ်စပ်ဒေသများ၌ လယ်ယာမြေကေများ ဖော်ထုတ်ပေးခဲ့မှုနှင့် မျိုးစေ့များ၊ သွင်းအားစုများ ထောက်ပံ့ပေးခဲ့မှု၊ ကျေးလက်ဒေသလမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေးအတွက် လမ်း၊ တံတားများ ဆောက်လုပ် ပြုပြင်ပေးလျက်ရှိမှုနှင့် သောက်သုံးရေ လုံလောက်စွာရရှိရေး ဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ စိုက်ခင်းကေများဖော်ထုတ်ပြီး စိုက်ပျိုးလျက်ရှိမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအလိုက် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဗဟိုကော်မတီအဖွဲ့ဝင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထား ဆောင်ရွက်လျက်ရှိမှု၊ နယ်စပ်ကုန်သွယ်ရေးလမ်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး နယ်မြေစိုးမိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖော်ဆောင်ရာတွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်အချိုးကျသည့်အတွက် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ငြိမ်းချမ်းရေးကို မဖြစ်မနေတည်ဆောက်သွားရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ပေးသည့် အခြေခံကျောင်းများ၌ ဒေသခံတိုင်းရင်းသား ဆရာ၊ဆရာမများ ခန့်အပ်ပေးခြင်းအားဖြင့် ဒေသ၌နေထိုင်သည့် တိုင်းရင်းသားများ၏ ဘာသာစကားနှင့် အခြားအခက်အခဲများ ထိရောက်စွာကူညီဆောင်ရွက်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညိုစောက နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ၊ ဒေသဆိုင်ရာလုပ်ငန်းကော်မတီများဖွဲ့စည်းပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဘဏ္ဍာနှစ်များအလိုက် နယ်စပ်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးခဲ့မှုအခြေအနေများ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့် လမ်း၊တံတား၊အဆောက်အအုံနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သတ်မှတ်အရည်အသွေးများနှင့် ကိုက်ညီပြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စနစ်တကျဆောင်ရွက်သွားရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် ဒေသခံတိုင်းရင်းသားလူမျိုးများအနေဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာပြီး နားလည်မှု၊ ယုံကြည်မှုအပြန်အလှန်ရရှိလာပြီး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုများ ပိုမိုရရှိနိုင်ရေးတို့နှင့်စပ်လျဉ်း၍ လည်းကောင်း ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် မိမိတို့ဗဟိုကော်မတီသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အဓိကအကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်ပြီး ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရန်နှင့် တိုင်းရင်းသားလူမျိုးအလိုက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မိမိတို့ဗဟိုကော်မတီ၏ ရည်ရွယ်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဆောင်ရွက်မှုများကိုလည်း ပြန်လည်သုံးသပ်ရန်လိုကြောင်း၊ နယ်စပ်ဒေသရှိတိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဗဟိုကော်မတီစတင်ဖွဲ့စည်းချိန်မှစတင်၍ ယနေ့ထိ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခဲ့သည့် တိုးတက်မှုလုပ်ငန်းပမာဏများကို ပြန်လည်စိစစ်သုံးသပ်ဆောင်ရွက်သွားရန်လိုကြောင်း။

ကျန်းမာရေးကဏ္ဍကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် မိမိ၏မူဝါဒမှာ ဆေးရုံရှိပါက ဆရာဝန်ရှိရမည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားများအတွက် အထူးပြုထားခြင်းဖြစ်သဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် နယ်စပ်ဒေသများနှင့် တိုင်းရင်းသားဒေသများဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေများကို ထိထိရောက်ရောက် အကျိုးရှိစွာဖြင့် အသုံးချဆောင်ရွက်သွားရန်လိုကြောင်း၊ တိုင်းရင်းသားများနှင့် ပတ်သက်၍ အသိပညာပေးမှုများကို ထုတ်ပြန်ဆောင်ရွက်ရာတွင်လည်း စိတ်ပါဝင်စားစွာဖြင့် အကြောင်းအရာများကို သိရှိနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကျွမ်းကျင်သည့်လုပ်သားများနှင့် ပညာရှင်လူသားအရင်းအမြစ်များ ပေါ်များကြွယ်ဝလာရန် အရေးကြီးကြောင်း။

ဒေသဝမ်းစာဖူလုံရေးနှင့်ပတ်သက်၍ စပါးစိုက်ပျိုးရန်အတွက် အခက်အခဲရှိပြီး ဒေသဝမ်းစာဖူလုံမှုမရှိသည့်ချင်းပြည်နယ်ကဲ့သို့သောဒေသများတွင် ဝမ်းစာဖူလုံရေးအတွက် ဝဥများစိုက်ပျိုးနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ အလားတူ အဆိုပါဒေသများ၌ စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် လက်ဖက်၊ ကော်ဖီနှင့် ထောပတ်စိုက်ပျိုးခြင်းများကိုလည်း အောင်မြင်အောင်ဆောင်ရွက်ပြီး ဒေသဝင်ငွေတိုးတက်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

ဝေးလံခေါင်းပါးသည့် နယ်စပ်ဒေသများသို့ သွားရောက်တာဝန်ထမ်းဆောင်ရမည့် နိုင်ငံ့ဝန်ထမ်းများကိုလည်း ၎င်းတို့ကို တာဝန်ထမ်းဆောင်ရမည့်နေရာများသို့ သွားရောက်တာဝန်ထမ်းဆောင်စေရေး တာဝန်ရှိသူများအနေဖြင့် ကြပ်မတ် ဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ ၎င်းတို့၏သက်သာချောင်ချိရေးနှင့် ရပိုင်ခွင့်များကိုလည်း ဖန်တီးဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ အမှန်တကယ်ဝေးလံခေါင်ဖျားသည့် ဒေသတွင်ရှိသည့် တိုင်းရင်းသားမျိုးနွယ်စုများထံ ရောက်ရှိအောင်သွားရောက်ပြီး နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏အကျိုးကို အမှန်တကယ် ဖော်ဆောင်ပေးရန်လိုကြောင်း၊ ဒေသခံပြည်သူများ၏အသံများ၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ အသံများကိုနားထောင်၍ ထိရောက်သည့် လုပ်ငန်းအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အာဆီယံထုတ်ပြန်ချက် ငါးရပ်သည် အာဆီယံ၏အခြေခံမူများနှင့်ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေး အခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို ကလောမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း

**နေပြည်တော် ဇွန် ၂၆**

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် **"အာဆီယံထုတ်ပြန်ချက်ငါးရပ် (ASEAN Five-Point Statement)သည် အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံ၏တန်းတူရည်တူရှိမှုကို ထိခိုက်စေပြီး နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ခြင်းမပြုရန်ဟူသော အာဆီယံ၏ အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေး အခြေအနေနှင့်ကိုက်ညီမှုမရှိသည့်အတွက် လိုအပ်သကဲ့သို့ သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"**အဆိုအပါအဝင် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီး ခန့်အပ်တာဝန်ပေးအပ်ခြင်းကို လွှတ်တော်က မှတ်တမ်းတင်ခြင်း၊ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့၊ အာဆီယံပါလီမန်များညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီနှင့် နိုင်ငံတကာပါလီမန်များ အဖွဲ့ဆိုင်ရာပူးပေါင်းကော်မတီ ဖွဲ့စည်းခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊ မြန်မာ-ဘယ်လာရုစ် အခွန်ဆိုင်ရာသဘောတူစာချုပ် ပေးပို့နိုင်ရေး၊ ဒီဇယ်ဆီနှင့် သဘာဝဓာတ်ငွေ့ရည်အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် တစ်လကင်းလွတ်ခွင့်ပြုနိုင်ရေးကိစ္စရပ်တို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းဇော်မြင့်ကို စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး ဗိုလ်မှူးကြီး ရန်ကြီးအောင်အား ခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အစည်းအဝေးတတိယနေ့တွင် လွှတ်တော်သို့အသိပေးတင်ပြခဲ့ပြီးဖြစ်သည့် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ (Myanmar Parliamentary Union -MPU) တွင်ပါဝင်မည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်ဦးရေ၊ အမည်စာရင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏အတည်ပြုချက်ရယူသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက အစည်းအဝေးတတိယနေ့တွင် လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီးဖြစ်သည့် အာဆီယံပါလီမန်များညီလာခံဆိုင်ရာပူးပေါင်းကော်မတီ(Joint Committee on ASEAN Inter - Parliamentary Assembly-JCAIPA)နှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီ(Joint Committee on Inter - Parliamentary Union-JCIPU)တို့တွင်ပါဝင်မည့် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ ကော်မတီများ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ သတ်မှတ်ချက်တို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား ဝင်ငွေခွန်အပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုကို ကာကွယ်တားဆီးရေးချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်နှင့် မြန်မာနိုင်ငံ၏ အသိပေးအကြောင်းကြားစာကို ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ပေးပို့နိုင်ရေးနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခွင့်ပြုချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေးသဘောတူစာချုပ်ကို မြန်မာနိုင်ငံကိုယ်စား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးတို့က ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မြန်မာနိုင်ငံကို လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း နေပြည်တော်တွင် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြပါကြောင်း။

အဆိုပါ သဘောတူစာချုပ် အကျိုးသက်ရောက်စေခြင်းနှင့်စပ်လျဉ်းပြီး စာချုပ်၏ အပိုဒ် ၃၁ အပိုဒ်ခွဲ(၁)အရ စာချုပ်ဝင်နိုင်ငံများအချင်းချင်း သက်ဆိုင်ရာဥပဒေအရ လိုအပ်သော လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပြီးစီးကြောင်း အသိပေးအကြောင်းကြားစာကို အပြန်အလှန်ပေးပို့ရမည်ဖြစ်ရာ ဘယ်လာရုစ်သမ္မတနိုင်ငံဘက်က ၂၀၂၆ ခုနှစ် ဧပြီ ၂၅ ရက်တွင် ပြည်တွင်းလုပ်ထုံးလုပ်နည်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပြီးစီးကြောင်း အကြောင်းကြားစာပေးပို့လာခဲ့ပြီးဖြစ်ပါကြောင်း။

ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုကို ကာကွယ်တားဆီးရေး သဘောတူစာချုပ်ချုပ်ဆိုထားခြင်းဖြင့် စီးပွားရေးလုပ်ငန်းများသည် အခွန်နှစ်ထပ်ကောက်ခံခြင်းကို ရှောင်ရှားနိုင်သည့်အတွက် နိုင်ငံနှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ တိုးတက်လာစေနိုင်ခြင်း၊ အခွန်ဌာနများအကြား သတင်းအချက်အလက်ဖလှယ်မှုများ တိုးတက်လာပြီး အခွန်တိမ်းရှောင်မှုများကို ပူးပေါင်းတားဆီးနိုင်ခြင်းဖြင့် အခွန်လိုက်နာမှု မြင့်မားလာစေနိုင်ခြင်း၊ နိုင်ငံနှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးကို တိုးတက်ကောင်းမွန်လာစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်ပါကြောင်း။

သဘောတူစာချုပ်သည် ဝင်ငွေခွန် အမျိုးအစား တစ်မျိုးတည်းဖြင့်သာ သက်ဆိုင်သည့်စာချုပ်ဖြစ်ပြီး နှစ်နိုင်ငံ၏ ဌာနေပုဂ္ဂိုလ်များဖြစ်သော တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းများနှင့် ကုမ္ပဏီများအပေါ် အကျိုးသက်ရောက်မည်ဖြစ်ပါကြောင်း၊ စာချုပ်တွင် နှစ်နိုင်ငံ အခွန်ဌာနများအကြား သတင်းအချက်အလက် ဖလှယ်နိုင်သည့် ပြဋ္ဌာန်းချက်ပါရှိသည့်အတွက် အခွန်တိမ်းရှောင်မှုများကို နှစ်နိုင်ငံပူးပေါင်း ကာကွယ်တားဆီးနိုင်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လက်ရှိတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ ထိုင်း၊ လာအိုနိုင်ငံတို့နှင့်လည်းကောင်း၊ အခြားမိတ်ဖက်နိုင်ငံများဖြစ်သည့် ယူနိုက်တက်ကင်းဒမ်းနိုင်ငံ၊ တောင်ကိုရီးယား၊ အိန္ဒိယနိုင်ငံတို့နှင့်လည်းကောင်း၊ ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုကို ကာကွယ်တားဆီးရေးသဘောတူစာချုပ်များ ချုပ်ဆိုထားပြီးဖြစ်၍ နှစ်နိုင်ငံအခွန်ဆိုင်ရာကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ သဘောတူစာချုပ်ကို အကျိုးသက်ရောက်စေရေး၊ မြန်မာနိုင်ငံဘက်က အသိပေးအကြောင်းကြားစာကို ဘယ်လာရုစ်သမ္မတနိုင်ငံဘက်သို့ ပေးပို့နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဒီဇယ်ဆီ HSD(500 ppm) အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ကာလ တစ်လ ထပ်မံတိုးမြှင့်၍ ခွင့်ပြုနိုင်ရေးနှင့် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) အပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့် တစ်လ ခွင့်ပြုနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က ယခုကာလတွင် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် အခြားဒေသတွင်းနိုင်ငံများနည်းတူ နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံစားသောက်ကုန်နှင့် ကုန်စည်ဈေးနှုန်းများ တည်ငြိမ်မှုရှိစေရေး ထိန်းညှိဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခဖြစ်ပွားမှုအခြေအနေနှင့် ကမ္ဘာ့ လောင်စာဆီဈေးနှုန်းအခြေအနေ၊ ပြည်တွင်းဒီဇယ်ဆီဈေးနှုန်းနှင့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းအခြေအနေနှင့် အခြားဒေသတွင်း နိုင်ငံများ၏ တုံ့ပြန်ဆောင်ရွက်မှု အခြေအနေများအပေါ် လစဉ်စိစစ်သုံးသပ်လျက်ရှိရာ ဒီဇယ်ဆီ HSD(500 ppm)အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို မေလအတွက် တစ်လထပ်မံတိုးမြှင့်ကင်းလွတ်ခွင့်ပြုရန် လိုအပ်လျက်ရှိပါကြောင်း။

ထို့ပြင် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများအတွက် သဘာဝဓာတ်ငွေ့ရည်(LNG)ကို ပြည်ပမှ တင်သွင်းခြင်းနှင့် ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်းအပေါ် ၂၀၂၆ ခုနှစ် မေလအတွက် တစ်လ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုရန် လိုအပ်လျက်ရှိပါကြောင်း။

တစ်ဖက်တွင်လည်း နိုင်ငံတော်အနေဖြင့် ဒီဇယ်ဆီ HSD(500 ppm)နှင့် သဘာဝဓာတ်ငွေ့ရည်တို့အပေါ် အခွန်ကင်းလွတ်ခွင့်ပြုခြင်းကြောင့် လျော့နည်းသွားမည့် အခွန်ငွေများကိုလည်း ပြန်လည်ဖြည့်ဆည်းပေးနိုင်ရေးအတွက် အခွန်နှုန်းထားများ တိုးမြှင့်ခြင်းမပြုဘဲ အခွန်အခြေချဲ့ထွင်ခြင်းဖြင့် ရသင့်ရထိုက်သည့်အခွန်များကို ပိုမိုကောက်ခံရရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒီဇယ်ဆီ HSD (500 ppm) အပေါ် ကောက်ခံသည့် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ကာလ တိုးမြှင့်ခွင့်ပြုနိုင်ရေးနှင့် သဘာဝဓာတ်ငွေ့ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုနိုင်ရေးတို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး၏ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရန် တင်ပြရခြင်းဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ဒီဇယ်ဆီ HSD (500 ppm) အပေါ် ၂၀၂၆ ခုနှစ် မေ ၁ ရက်မှ ၃၁ ရက်ထိ တစ်လ ထပ်မံ၍ အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ကာလ တိုးမြှင့်ခွင့်ပြုနိုင်ရေးနှင့် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas-LNG)အပေါ် ၂၀၂၆ ခုနှစ် မေ ၁ ရက်မှ ၃၁ ရက်ထိ တစ်လ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုနိုင်ရေးတို့အတွက် ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့်အညီ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ကလောမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့်က **"အာဆီယံထုတ်ပြန်ချက် ငါးရပ်သည် အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံ၏ တန်းတူရည်တူရှိမှုကို ထိခိုက်စေပြီး နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ခြင်းမပြုရန်ဟူသော အာဆီယံ၏အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် လိုအပ်သကဲ့သို့ သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်သို့ တင်သွင်းရာတွင် မိမိတို့နိုင်ငံသည် ၁၉၉၇ ခုနှစ် ဇူလိုင် ၂၃ ရက်မှစပြီး အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၏ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပါကြောင်း၊ ၂၀၀၇ ခုနှစ်က စင်ကာပူနိုင်ငံတွင် အာဆီယံအဖွဲ့ထူထောင်သည့်

စာမျက်နှာ ၂၁ သို့

**စာမျက်နှာ ၂၀ မှအဆက်**

နှစ် ၄၀ ပြည့် အခမ်းအနားတွင် အာဆီယံ အဖွဲ့ဝင်နိုင်ငံ အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ တွေ့ဆုံပြီး သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည့် အာဆီယံပဋိညာဉ်စာတမ်း(ASEAN Charter)ကိုလည်း မိမိတို့နိုင်ငံက ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ယနေ့ထက်တိုင် တာဝန်သိသည့် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် ပဋိညာဉ်စာတမ်းပါ အခြေခံမူများအတိုင်း တက်ကြွစွာအလေးထားလိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း။

အာဆီယံပဋိညာဉ်စာတမ်း၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရာတွင် အာဆီယံနှင့် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အာဆီယံ၏ ကြေညာစာတမ်းများ၊ သဘောတူစာချုပ်များ၊ ကွန်ဗင်းရှင်းများ၊ သဘောတူညီချက်များနှင့် အခြားစာချုပ်စာတမ်းများပါ အခြေခံမူများကို လိုက်နာရမည်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြု၍ သဘောတူညီထားသည်ကို တွေ့ရပါကြောင်း။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ မဲမသမာမှုများကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်တစ်ဝန်းလုံးကို အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး နိုင်ငံတော်၏ အာဏာသုံးရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ တပ်မတော်က တာဝန်ယူထိန်းသိမ်းခဲ့ပါကြောင်း၊ မြန်မာ့အရေးနှင့်ပတ်သက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက အမျိုးသားနိုင်ငံရေးကို ရှေးရှုကာ နိုင်ငံ့တာဝန်ကို ဦးဆောင်စဉ်ကာလတွင် UN အစည်းအဝေး၌ ကမ္ဘာ့နိုင်ငံအများစုသည် မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ လုပ်ဆောင်ခဲ့ကြပြီး အာဆီယံအသိုင်းအဝိုင်းကလည်း ထိုနည်းတူစွာ မြန်မာနိုင်ငံကို ဖိအားပေးမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ အာဆီယံသည် ဒေသတွင်းနိုင်ငံများအချင်းချင်း နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍများ၌ အစဉ်အလာကောင်းများချမှတ်ကာ ထိန်းသိမ်းဖော်ဆောင်လျက်ရှိသည့်အတွက် တစ်ကမ္ဘာလုံးက လေးစားဂုဏ်ယူရသည့် အဖွဲ့အစည်းဖြစ်ပါကြောင်း၊ သို့သော်လည်း အာဆီယံအနေဖြင့် ဒေသတွင်းမဟာဗျူဟာအရ အားပြိုင်မှုများ ပိုမိုဖြစ်ပွားလာချိန်တွင် ကွဲပြားမှုများရှိသော်လည်း စည်းလုံးညီညွတ်မှုစိတ်ဓာတ်ဖြင့် ဘုံတန်ဖိုးထားမှုအပေါ် အလေးထားဆောင်ရွက်ခဲ့သည့် အာဆီယံ၏ အစဉ်အလာကောင်းများကို မျက်ကွယ်ပြုကာ မြန်မာနိုင်ငံပေါ် ဖိအားပေးမှုများ ပြုလုပ်လျက်ရှိပါကြောင်း။

အာဆီယံက ၂၀၂၁ ခုနှစ် ဧပြီ ၂၄ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ပြုလုပ်ခဲ့သည့် အာဆီယံခေါင်းဆောင်များ အစည်းအဝေး(ASEAN Leaders' Meeting) အပြီးတွင် အာဆီယံတူညီဆန္ဒ ငါးချက်ဟုဆိုသည့် အာဆီယံထုတ်ပြန်ချက် ငါးရပ်ကို အာဆီယံဥက္ကဋ္ဌ၏ ထုတ်ပြန်ချက် (Chairman's Statement) နောက်ဆက်တွဲအနေဖြင့် ထုတ်ပြန်ခဲ့ပါကြောင်း၊ အဆိုပါထုတ်ပြန်ချက်ငါးချက်မှာ **အကြမ်းဖက်မှုများ ချက်ချင်းရပ်တန့်ရန် (Immediate Cessation of Violence)** မြန်မာနိုင်ငံ၌ အကြမ်းဖက်မှုများ ချက်ချင်းရပ်တန့်ရန်နှင့် သက်ဆိုင်သူများအားလုံးအနေဖြင့် အတတ်နိုင်ဆုံး ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ကြရန်၊ **အပြုသဘောဆောင်သော ဆွေးနွေးညှိနှိုင်းမှု (Constructive Dialogue)** ပြည်သူများ၏ အကျိုးစီးပွားအတွက် ငြိမ်းချမ်းသောအဖြေရရှိရန် သက်ဆိုင်သူအားလုံးအကြား အပြုသဘောဆောင်သည့် ဆွေးနွေးမှုများ ပြုလုပ်ရန်၊ **ASEAN အထူးကိုယ်စားလှယ်၏အကူအညီဖြင့် ဆောင်ရွက်ခြင်း(Special Envoy Facilitation)** အာဆီယံအတွင်းရေးမှူးချုပ်၏ ပံ့ပိုးမှုဖြင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်သည် ဆွေးနွေးမှုလုပ်ငန်းစဉ်များ၌ ကြားဝင်ဖျန်ဖြေ ဆောင်ရွက်ရန်၊ **လူသားချင်းစာနာမှုအကူအညီ (Humanitarian Assistance)** အာဆီယံသည် အာဆီယံလူသားချင်းစာနာမှု အကူအညီပေးရေးညှိနှိုင်းမှု (ASEAN Coordinating Centre for Humanitarian Assistance on Disaster Management – AHA Centre) မှတစ်ဆင့် လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ရန်၊ **အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ် မြန်မာနိုင်ငံသို့ လာရောက်တွေ့ဆုံခြင်း (Envoy Visit)** အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်နှင့် အဖွဲ့သည် သက်ဆိုင်သူများအားလုံးနှင့် တွေ့ဆုံရန်အတွက် မြန်မာနိုင်ငံသို့ သွားရောက်ရန် ဆိုသည့် အချက်များဖြစ်ပါကြောင်း။

ပထမဆုံးတင်ပြလိုသည်မှာ ယင်း အချက်ငါးချက်သည် တူညီဆန္ဒငါးချက်ဟု ဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသော်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးကို မူကြမ်းကြိုတင်ချပြပြီး သဘောတူညီချက်ရယူပြီးမှ ထုတ်ပြန်ခဲ့သည့် အာဆီယံ၏ထုတ်ပြန်ချက်မဟုတ်ဘဲ အာဆီယံဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်၏ နောက်ဆက်တွဲအနေဖြင့် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ထုတ်ပြန်ချက်အပေါ်တွင် မိမိနိုင်ငံ၏ နိုင်ငံရေးယဉ်ကျေးမှု၊ အာဆီယံ၏မူဘောင်များနှင့်အညီသာ ဆောင်ရွက်သွားမည်ဟု အသိပေးတုံ့ပြန်ခဲ့သည်ကို တွေ့ရပါကြောင်း။

သာမန်အားဖြင့် ကြည့်မည်ဆိုလျှင် အာဆီယံထုတ်ပြန်ချက် ငါးရပ်သည် မြန်မာနိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းပေးရန်နှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိစေရန်ဆိုသည့် ကောင်းမွန်သည့် ရည်ရွယ်ချက်များနှင့် အကြံပြုခဲ့သည်ဟု ထင်မြင်ယူဆနိုင်သော်လည်း အာဆီယံနိုင်ငံအချင်းချင်း ရိုးသားမှုကိုအခြေခံပြီး ကူညီရိုင်းပင်းလိုစိတ်နှင့် ချဉ်းကပ်လာမှုမျိုး မဟုတ်ဘဲ အာဆီယံ၏ ပဋိညာဉ်စာတမ်းပါ အခြေခံမူများနှင့် ၁၉၇၆ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး (Treaty on Amity and Cooperation in South East Asia–TAC)ပါ အခြေခံမူများဖြစ်သည့် **“နိုင်ငံအားလုံး၏ လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်မှု၊ တန်းတူရည်တူရှိမှု၊ ပိုင်နက်နယ်မြေနှင့် အမျိုးသားရေး လက္ခဏာများကို အပြန်အလှန်လေးစားရမည်၊ နိုင်ငံတိုင်းသည် ပြင်ပမှစွက်ဖက်မှု၊ အဖျက်အမှောင့်ပြုလုပ်မှုနှင့် အကျပ်ကိုင်ဖိအားပေးမှုများ ကင်းရှင်းလျက် မိမိနိုင်ငံ၏ဖြစ်တည်မှုကို ဦးဆောင်နိုင်ခွင့်ရှိရမည်၊ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း မပြုရ”** ဆိုသည့် အချက်များနှင့်ကိုက်ညီမှုမရှိဘဲ အာဆီယံ၏အခြေခံမူများနှင့် သွေဖည်နေသည်ကို တွေ့ရပါကြောင်း။

သုံးသပ်တင်ပြရလျှင် ယခုအချိန်အခါသည် မြန်မာနိုင်ငံအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ ရွေးကောက်ပွဲကျင်းပပြီး ဖွဲ့စည်းထားသည့် ရွေးကောက်ခံ ပြည်သူ့အစိုးရတစ်ရပ်ပေါ်ထွန်းလာပြီဖြစ်ပြီး အာဆီယံထုတ်ပြန်ချက် ငါးရပ်သည် နိုင်ငံတော်၏ လက်ရှိပကတိအခြေအနေနှင့် နှိုင်းယှဉ်ကြည့်လျှင် ကိုက်ညီမှုမရှိသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊အာဆီယံသည် အာဆီယံထုတ်ပြန်ချက် ငါးရပ်ကို အကောင်အထည်ဖော်ရာတွင် အနောက်နိုင်ငံအချို့၏ ဖိအားပေးလမ်းညွှန်မှုများအတိုင်း ဆောင်ရွက်နေရခြင်းဖြစ်ပြီး အာဆီယံ၏ အချက်အချာကျမှု (ASEAN Centrality) အားနည်းသွားကာ အာဆီယံပဋိညာဉ်စာတမ်းကို လိုသလိုပုံဖော်အသုံးချနေသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် အာဆီယံထုတ်ပြန်ချက် ငါးရပ်အပေါ် ပြန်လည်သုံးသပ်မှုများ ပြုလုပ်သွားရန် လိုအပ်ပါကြောင်း။

ဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ သာယာဝပြောစေရေးတို့ကို တိုးတက်စေရေး သန္နိဋ္ဌာန်ချမှတ်ပြီး အာဆီယံပဋိညာဉ်စာတမ်းပါ နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ တန်းတူရည်တူရှိမှု၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အမျိုးသားရေးလက္ခဏာများကို လေးစားလိုက်နာကြရန်၊ စုပေါင်းတာဝန်ယူကြရန်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် ပြဋ္ဌာန်းထားသော်လည်း အာဆီယံနိုင်ငံအချို့က မြန်မာအစိုးရကို အသိအမှတ်မပြုလိုသည်ကို တွေ့ရှိရပါကြောင်း။

ထို့ပြင် အာဆီယံအစည်းအဝေးများတွင်လည်း တာဝန်ရှိသည့် အစိုးရအဖွဲ့အကြီးအကဲများကို ဖိတ်ကြားခြင်းမရှိဘဲ တက်ရောက်ခွင့် ပိတ်ပင်ထားခြင်းသည် အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူတစ်ခုဖြစ်သည့် အခန်း(၁) အပိုဒ်(၂)ပါ အပိုဒ်ခွဲ(၂-စ) **“ပြင်ပမှ ဝင်ရောက်စွက်ဖက်မှု၊ ဖျက်လိုဖျက်ဆီးပြုမှုနှင့် ဖိအားပေးမှုများ ကင်းရှင်းစွာဖြင့် အမျိုးသားရေးတည်ရှိမှုဆိုင်ရာ အဖွဲ့ဝင်နိုင်ငံတိုင်း၏အခွင့်အရေးကို လေးစားခြင်း”** ဆိုသည့် အချက်နှင့် အာဆီယံပဋိညာဉ်စာတမ်း အခန်း(၃) အပိုဒ်(၅)ပါ **အခွင့်အရေးနှင့် တာဝန်များနှင့် ပတ်သက်၍ “အဖွဲ့ဝင်နိုင်ငံများသည် ဤပဋိညာဉ်စာတမ်းအရ တူညီသည့် အခွင့်အရေးနှင့် တာဝန်များရှိရပါမည်”** ဆိုသည့် အချက်များကို ချိုးဖောက်ပြီး မြန်မာနိုင်ငံအပေါ် ဖိအားပေးခြင်း၊ တန်းတူရည်တူ အခွင့်အရေးမပေးခြင်း စသည့် ပဋိညာဉ်စာတမ်းနှင့်မကိုက်ညီသည့် လုပ်ဆောင်နေမှုများကို တွေ့ရှိရပါကြောင်း။

ယခင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရကာလကလည်း အာဆီယံထုတ်ပြန်ချက်ငါးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့က ဖိအားပေးတောင်းဆိုမှုများရှိခဲ့ပါကြောင်း၊ ထိုအချိန်ကာလ၌ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို မထိခိုက်စေဘဲ ပူးပေါင်းဆောင်ရွက်နေကြောင်းနှင့် နိုင်ငံတစ်နိုင်ငံ၏ပြည်တွင်းရေးကို သက်ဆိုင်ရာနိုင်ငံ၏ သဘောဆန္ဒမပါဝင်ဘဲ ဆုံးဖြတ်ခွင့်၊ စွက်ဖက်ခွင့် အာဆီယံ၌မရှိကြောင်း တုံ့ပြန်ပြောကြားခဲ့သည်ကိုလည်း တွေ့မြင်ရပါကြောင်း။

အာဆီယံက တစ်ဖက်သတ်ထုတ်ပြန်ထားသည့် အာဆီယံထုတ်ပြန်ချက်ငါးရပ်ကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွား၊ အချုပ်အခြာအာဏာနှင့် လက်တွေ့မြေပြင်၏ ပကတိအခြေအနေများကို အလေးထားစဉ်းစားဆောင်ရွက်ရန်နှင့် အာဆီယံနှင့် ဆက်ဆံရာတွင်လည်း မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ပန်ဆင်ပြီး ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်လုပ်ဆောင်နိုင်ရန် အရေးကြီးပါကြောင်း၊ ထို့ပြင် လူသားချင်းစာနာမှု အကူအညီများ၊ ယုံကြည်မှုတည်ဆောက်ရေးဆောင်ရွက်မှုများနှင့် အပြန်အလှန် ဆွေးနွေးပွဲများကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းတည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးကို အထောက်အကူပြုနိုင်မည်ဟု ယုံကြည်မိပါကြောင်း၊ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ အခွင့်အရေးဖြစ်သည့် အမျိုးသားအကျိုးစီးပွားကို ရှေးရှုကာ ပိုမိုလက်တွေ့ကျပြီး မျှတသည့်နည်းလမ်းများဖြင့် ပြန်လည်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း အဆိုကို တင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပင်လောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းရီရီဝင်းက အာဆီယံပဋိညာဉ်စာတမ်းတွင်ပါရှိသည့် ရည်ရွယ်ချက် ၁၅ ချက်နှင့် အဖွဲ့ဝင်နိုင်ငံများလိုက်နာဆောင်ရွက်ရမည့်အခြေခံမူ ၁၄ ချက်တို့ကို လေ့လာကြည့်မည်ဆိုလျှင် နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ တန်းတူရည်တူရှိမှု၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အမျိုးသားရေးလက္ခဏာများကို လေးစားလိုက်နာကြရမည်ဖြစ်ပြီး ဒေသတွင်းငြိမ်းချမ်းရေး၊ လုံခြုံရေး၊ သာယာဝပြောရေးတို့အတွက် သန္နိဋ္ဌာန်ချမှတ်ပြီး စုပေါင်းတာဝန်ယူကြရန်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း မပြုရန်ဆိုသည့် အခြေခံမူကို တွေ့ရမည်ဖြစ်ပါကြောင်း။

အာဆီယံထုတ်ပြန်ချက် ငါးရပ်ကို ပြန်လည်သုံးသပ်ကြည့်ပါက အာဆီယံနိုင်ငံအချင်းချင်း ရိုးသားမှုကိုအခြေခံပြီး ကူညီရိုင်းပင်းချင်သောစိတ်၊ပူးပေါင်းဆောင်ရွက်လိုသောစိတ်နှင့် ဆောင်ရွက်ရန် ချဉ်းကပ်လာသည့်ပုံစံမျိုးမဟုတ်ဘဲ မိမိတို့နိုင်ငံ၏အချုပ်အခြာအာဏာကို ထိပါးလာပြီး မိမိနိုင်ငံ၏ပြည်တွင်းရေးကိုပါဝင်ရောက်စွက်ဖက်သည့် ထုတ်ပြန်ချက်ဖြစ်သည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

လက်ရှိအခြေအနေတွင် မိမိတို့နိုင်ငံအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ ရွေးကောက်တင်မြှောက်ခြင်းဖြင့် ဖွဲ့စည်းထားသည့် အစိုးရတစ်ရပ်ပေါ်ထွန်းလာပြီဖြစ်သည့်အတွက် အာဆီယံထုတ်ပြန်ချက်ငါးရပ်အပေါ် ပြန်လည်သုံးသပ်သင့်ပါကြောင်း၊ အာဆီယံထုတ်ပြန်ချက်ငါးရပ်ကို အကောင်အထည်ဖော်မည်ဆိုပါက မိမိတို့နိုင်ငံ၏အချုပ်အခြာအာဏာ၊ အမျိုးသားအကျိုးစီးပွားနှင့် လက်တွေ့မြေပြင်အခြေအနေများကိုပါ အလေးထားထည့်သွင်းစဉ်းစားရန် အလွန်အရေးကြီးလှသည့်အပြင် နိုင်ငံတော်၏ ပကတိအခြေအနေဖြင့် ကိုက်ညီမှုမရှိသည်ကိုလည်း တွေ့ရပါကြောင်း၊ ထို့ကြောင့် အာဆီယံနှင့် ဆက်ဆံရာတွင် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ထိန်းသိမ်းပြီး ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးကို တိုးမြှင့်နိုင်ရန် အရေးကြီးပါကြောင်း၊ ထို့ပြင် လူသားချင်းစာနာမှုအကူအညီများ၊ ယုံကြည်မှုတည်ဆောက်ရေး ဆောင်ရွက်မှုများနှင့် အပြန်အလှန်ဆွေးနွေးပွဲများကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းတည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးကို အထောက်အကူပြုလာနိုင်မည်ဟု ယုံကြည်မိပါကြောင်းဖြင့် အဆိုကို ထောက်ခံဆွေးနွေးသည်။

ထို့နောက် အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် နာယကက လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲများသည့်အတွက် အဆိုကို လက်ခံဆွေးနွေးရန် သဘောတူကြောင်းနှင့် ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ပဉ္စမနေ့ကို ဇူလိုင် ၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**○ မိုးသီးနှံစိုက်ပျိုးရာသီမှ**

စုစုပေါင်းဧက ၂၈၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်”ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

(၂၀၆)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို**
**ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို**
**နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက**
**တည်ဆဲဥပဒေများနှင့်အညီအရေးယူခံရနိုင်ပါသည်။**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပြည်သူ့လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပြည်သူ့လွှတ်တော်တွင် ဖွဲ့စည်းထားရှိသည့်ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၆)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၂၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်တွင် ဖွဲ့စည်းထားရှိသည့် ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်သူ့လွှတ်တော် (C)ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ပြည်သူ့လွှတ်တော်တွင် အမြဲတမ်းကော်မတီ လေးရပ် ဖွဲ့စည်းထားရှိပြီး အစိုးရအဖွဲ့က ဖွဲ့စည်းထားသော ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးတွင် ရေးရာကော်မတီ ၂၂ ခု ဖွဲ့စည်းထားပါကြောင်း၊ ကော်မရှင်တစ်ခုလည်း ဖွဲ့စည်းရန် လျာထားပါကြောင်း၊ လွှတ်တော်ဆိုသည်မှာ သက်ဆိုင်ရာမဲဆန္ဒနယ်မြေများရှိ မဲဆန္ဒရှင်ပြည်သူများက ရွေးချယ်ပေးလိုက်သည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့်နေရာဖြစ်ပါကြောင်း၊ လွှတ်တော်၏ တာဝန်များအနေဖြင့် အစိုးရတစ်ရပ်ဖြစ်တည်ရေးအတွက် နိုင်ငံအကြီးအကဲများနှင့် လွှတ်တော်အကြီးအမှူးများကို ရွေးချယ်တင်မြှောက်ပေးရပါကြောင်း၊ လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်တစ်ရပ်မှာ ဥပဒေပြုရေးဖြစ်ပါကြောင်း၊ လွှတ်တော်၏ လုပ်ငန်းတာဝန်များ ပီပီပြင်ပြင်ဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းထားသည့် ကော်မတီများသည် လွန်စွာအရေးကြီးပါကြောင်း။

ကော်မတီများ၏ လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ ယခင်ကအစဉ်အလာများအတိုင်းသာ ဆောင်ရွက်ထားခြင်းဖြစ်ပြီး ယနေ့ နိုင်ငံတကာလွှတ်တော်များနှင့် ပညာရှင်များ၏ သုံးသပ်ဆောင်ရွက်ချက်များအပေါ် လေ့လာ၍ ကော်မတီ၏ လုပ်ငန်းတာဝန်များကို ခေတ်နှင့်လျော်ညီအောင်ပြင်ဆင်၊ ဖြည့်စွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့လက်ထက်တွင် လွှတ်တော်သည် ခေတ်စနစ်နှင့်လျော်ညီသည့် ခေတ်မီလွှတ်တော်တစ်ရပ် ဖြစ်အောင် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ယနေ့ နိုင်ငံတော်တွင် မြန်မာဘာသာဖြင့် ပြဋ္ဌာန်းထားသည့် ဥပဒေများအပြင် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသည့် ဥပဒေပေါင်း ၁၀၀ ကျော်ရှိပြီး ပြင်ဆင်၊ ဖြည့်စွက်စရာရှိသည်များ လေ့လာသုံးသပ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အွန်လိုင်းလိမ်လည်မှုဆိုင်ရာ တိုက်ဖျက်ရေးဆိုင်ရာဥပဒေကြမ်းနှင့်ပတ်သက်၍ ဥပဒေပြဋ္ဌာန်းနိုင်ရေး ဆောလျင်စွာဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်၏ ရည်မှန်းချက်တာဝန်များထဲတွင် ဥပဒေပြုရေးတာဝန်သည် အရေးကြီးပြီး အဓိကကျသည့် တာဝန်တစ်ရပ်ဖြစ်ပါကြောင်း၊ လွှတ်တော်အနေဖြင့် မေးခွန်းများ၊ အဆိုများတင်သွင်းခြင်းဖြင့် ပြည်သူများ၏ဆန္ဒများကို လွှတ်တော်အသံအဖြစ် ဖော်ဆောင်ပေးရပါကြောင်း၊ ယခုဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများတွင် မိမိတို့မဲဆန္ဒနယ်နှင့် ပတ်သက်သည့် မေးခွန်းများ မေးမြန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နောင်လာမည့် လွှတ်တော်အစည်းအဝေးများတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့် မေးမြန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

လွှတ်တော်သည် နိုင်ငံအတွက်၊ ပြည်သူအတွက် လုပ်ဆောင်နိုင်လျှင် လုပ်ဆောင်နိုင်သလောက် ကျယ်ပြန့်စွာ ဆောင်ရွက်ပေးနိုင်သည့်နေရာတစ်ခုဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကော်မတီများအနေဖြင့် လွှတ်တော်ကို အထောက်အကူပြုနိုင်သည့် ဒေါက်တိုင်များအဖြစ် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ကော်မတီ၏ လုပ်ငန်းတာဝန်များကို အသေးစိတ်လေ့လာသုံးသပ်ပြီး နိုင်ငံတကာလွှတ်တော်များတွင် ဆောင်ရွက်နေသည့် စံချိန်စံညွှန်းများနှင့်အညီ ခေတ်နှင့်လျော်ညီအောင် တစ်ဆင့်ချင်းပြန်လည်ပြဋ္ဌာန်းပေးသွားမည် ဖြစ်ပါကြောင်း၊ လွှတ်တော်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ကြသည့် နေရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့် စသည့် ပြဋ္ဌာန်းချက်များရှိသော်လည်း မိမိတို့အစိုးရအနေဖြင့် အကူးအပြောင်းကာလတစ်ခုကို ဖြတ်သန်းဆောင်ရွက်နေရခြင်း ဖြစ်သဖြင့် ပေါင်းစပ်ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ခြင်းဖြင့် အောင်မြင်အောင် လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း။

မိမိတို့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်တွင် မေးခွန်းများ တင်သွင်းဆောင်ရွက်ကြသည့်နေရာတွင် စာအရေးအသား၊ စကားရပ်အသုံးအနှုန်းများနှင့်ပတ်သက်၍ နိုင်ငံတော်က အသိအမှတ်ပြုသုံးစွဲလျက်ရှိသည့် တရားဝင်အသုံးအနှုန်းများဖြင့်သာ သတိပြုရေးသားပြောဆိုဆွေးနွေးကြရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်အနေဖြင့် နိုင်ငံတကာလွှတ်တော်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အာဆီယံပါလီမန်များညီလာခံ၊ နိုင်ငံတကာပါလီမန်များအဖွဲ့များနှင့် ဆက်ဆံဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းကော်မတီများဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း၊ အဆိုပါပူးပေါင်းကော်မတီများတွင်လည်း တာဝန်၊ လုပ်ပိုင်ခွင့်များနှင့်ပတ်သက်၍ လိုအပ်ချက်များကို ဖြည့်စွက်ဆောင်ရွက်နိုင်ရေး သုံးသပ်လေ့လာဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

လွှတ်တော်သည် နိုင်ငံအတွက် အဓိပ္ပာယ်ရှိသော အထောက်အကူဖြစ်သော အရေးပါသည့်အဖွဲ့စည်းတစ်ရပ်ဖြစ်အောင် ကြိုးစားဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ လတ်တလော နိုင်ငံတကာဆက်ဆံရေးအနေဖြင့် ဘယ်လာရုစ်နိုင်ငံ၏ ဖိတ်ကြားချက်အရ လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် ဖိုရမ်တက်ရောက်ရန် သွားရောက်ခဲ့ပြီး လွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများ အကြိုညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ လွှတ်တော်ကော်မတီများ၏ လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ နိုင်ငံတကာလွှတ်တော်များ၏ ဆောင်ရွက်ချက်များကိုပါ လေ့လာသုံးသပ်ပြီး ထက်မြက်သော လွှတ်တော်၊ နိုင်ငံနှင့်ပြည်သူကို အကျိုးပြုသော လွှတ်တော်တစ်ရပ်အဖြစ် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးဘာသာသာသနာ တိုးတက်ရေးအတွက် ထူးခြားကောင်းမွန်အောင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းက လွှတ်တော်အခွင့်အရေးကော်မတီ ဥက္ကဋ္ဌအနေဖြင့် ကိုယ်စားလှယ်များ၏ သက်သာချောင်ချိရေးဆိုင်ရာကိစ္စရပ်များ၊ နေရေးထိုင်ရေးကိစ္စရပ်များကို တတ်နိုင်သမျှ လိုအပ်ချက်မရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်မြင့်မားမှသာ လွှတ်တော်၏အခန်းကဏ္ဍ မြင့်မားလာမည်ဖြစ်ပါကြောင်း၊ကိုယ်စားလှယ်များအရည်အသွေးမြင့်မားရေးအတွက်လည်း သင်တန်းများ ဖွင့်လှစ်ပေးသွားမည် ဖြစ်ပါကြောင်း၊ ကော်မတီများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော လွှတ်တော်ကိုယ်စားလှယ်များသည် အတွေ့အကြုံရှိသည့်ပုဂ္ဂိုလ်များဖြစ်၍ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပါက ပိုမိုထိရောက်မှုရှိမည်ဟု အကြံပြုလိုပါကြောင်း၊ ကော်မတီများ၏ ဆောင်ရွက်ချက်အားလုံးသည် လွှတ်တော်အတွက်အထောက်အပံ့ဖြစ်စေလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့်ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက ကော်မတီဖွဲ့စည်းထားရှိမှုနှင့် ကော်မတီများအလိုက် ဆောင်ရွက်နေသည့်ကိစ္စရပ်များ တင်ပြကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ကော်မတီများမှ ဥက္ကဋ္ဌများ၊အတွင်းရေးမှူးများနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယနေ့နံနက်ပိုင်းတွင်လည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် လွှတ်တော်အစည်းအဝေးကျင်းပပုံများကို လာရောက်လေ့လာသည့် မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်မှ လေ့လာရေးအဖွဲ့ကို ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ ဖွဲ့စည်းပုံနှင့် ဥပဒေပြုခြင်းလုပ်ငန်းစဉ်ကိစ္စရပ်များ၊ ဥပဒေများပြင်ဆင်ခြင်း၊ ပြဋ္ဌာန်းခြင်းဆိုင်ရာကိစ္စရပ်များကို ပြောကြားပြီး မြန်မာသင်္ဘောသားများ၏ အခြေအနေအခက်အခဲရှိပါက ဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များကို မေးမြန်းရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက အဖွဲ့အနေဖြင့် သင်္ဘောသားများ၏ကျန်းမာရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များ၊ သင်္ဘောသားများနှင့်အလုပ်ရှင်များကြား အငြင်းပွားမှုကိစ္စရပ်များ၊ သင်္ဘောသားများ၏ အခွင့်အရေး အကာအကွယ်ပေးရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကူညီဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သင်္ဘောသားများနှင့်ပတ်သက်၍ ဥပဒေအရ အကာအကွယ်ပေးနိုင်မည့်အခြေအနေများကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**❑ ထုတ်လွှင့်ကြေညာပေးမည်မှ**

အထက-ကျောက်တန်းနှင့် အထက-ကမားစာစစ်ဌာန၊ **ရှမ်းပြည်နယ်(တောင်ပိုင်း)မှ** အထက-တင်းထက်၊ အထက-မိုင်းကိုင်၊ အထက-ကွန်ဟိန်း၊ အထက-မိုင်းရှူး၊ အထက-ဝမ်ကန်၊ အထက-ကျေးသီး၊ အထက-မိုင်းနောင်(ကျေးသီး)နှင့် အထက-မောက်မယ်စာစစ်ဌာန၊ **ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ** အထက(၁) တန့်ယန်း၊ အထက-မိုင်းရယ်၊ အထက(၂) မူဆယ်၊ အထက(၁) ကျောက်မဲနှင့် အထက-နမ့်လန်စာစစ်ဌာန၊ **ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ** အထက-မိုင်းခတ်၊ အထက-မိုင်းပျဉ်း၊ အထက-မက်မန်း၊ အထက-မိုင်းဆတ်၊ အထက-မိုင်းတုံ၊အထက-မိုင်းဖြတ်နှင့်အထက-မိုင်းယောင်းစာစစ်ဌာန၊**တနင်္သာရီတိုင်းဒေသကြီးမှ** အထက-ကျွန်းစု၊ အထက(၁) ပုလောနှင့် အထက-ဘုတ်ပြင်းစာစစ်ဌာန၊ **မကွေးတိုင်းဒေသကြီးမှ** အထက-ငဖဲ၊ အထက-ပဒါန်း၊ အထက-ရေစကြို၊ အထက-ပေါက်၊ အထက-ဂန့်ဂေါ၊ အထက-ကျောနှင့် အထက-ဟံသာဝတီစာစစ်ဌာန၊ **စစ်ကိုင်းတိုင်းဒေသကြီးမှ** အထက(၁) ကလေး၊ အထက(၃) ကလေး၊ အထက(၆) ကလေး၊ အထက-အင်ဒိုင်းကြီး၊ အထက-မင်းကင်း၊ အထက-ပန်းဆက်၊ အထက-ကလေးဝ၊ အထက(၁) တမူး၊ အထက(၁) ကန့်ဘလူ၊ အထက-ထန်းကုန်း၊ အထက(၁) ရေဦး၊ အထက-အရာတော်၊ အထက(၁) ကသာ၊ အထက-ဗန်းမောက်၊ အထက-ဝန်းသို၊ အထက-မော်လိုက်၊ အထက-ကင်းတပ်၊ အထက-ဖောင်းပြင်၊ အထက(၁) ဟုမ္မလင်း၊ အထက(၂) ဟုမ္မလင်း၊ အထက- ကတ်သာ၊ အထက-မောင်းခမ်း၊ အထက-ထမံသီ၊ အထက-နမ့်တော၊ အထက-လေရှီး၊ အထက-ဆွမ္မရာ၊ အထက-ပန်ဆပ်၊ အထက-လဟယ်၊ အထက-နန်းယွန်းနှင့် အထက-ပန်ဆောင်စာစစ်ဌာန၊ **ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်းမှ** အထက-ကျောက်ကြီးစာစစ်ဌာန၊ **ရန်ကုန်တိုင်းဒေသကြီးမှ** အထက-ကိုကိုးကျွန်းစာစစ်ဌာနတို့ ဖြစ်သည်။

၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ထုတ်လွှင့်ပေးမည့် စာစစ်ဌာနများမှာ **ကချင်ပြည်နယ်မှ** အစမ(မိုးညှင်း)စာစစ်ဌာန၊ **ကယားပြည်နယ်မှ** အစမ(ချိကယ်) စာစစ်ဌာန၊ **ရှမ်းပြည်နယ်(တောင်ပိုင်း)မှ** အစမ(ပေါင်လင်း) စာစစ်ဌာန၊ **စစ်ကိုင်းတိုင်းဒေသကြီးမှ** အစမ(လဟယ်)နှင့် အစမ(နန်းယွန်း)စာစစ်ဌာနတို့ဖြစ်သည်။

အဆိုပါ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊စိုက်ပျိုး၊မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကြေညာချက်များကို မြန်မာနိုင်ငံအထက်ပိုင်းဒေသများမှ လှိုင်းတို ၅၀ ဒသမ ၇၁ မီတာ၊ ၅၉၁၅ ကီလိုဟက်ဇ်မှလည်းကောင်း၊ မြန်မာနိုင်ငံအောက်ပိုင်းဒေသများမှ လှိုင်းလတ် ၄၁၁ ဒသမ ၅၂ မီတာ၊ ၇၂၉ ကီလိုဟက်ဇ်မှလည်းကောင်း အသီးသီးဖမ်းယူနားဆင်နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ပြင်ဆင်ထိန်းသိမ်းခြင်း သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဇွန် ၂၆

မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ပြင်ဆင်ထိန်းသိမ်းခြင်းသင်တန်း ဆင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ဆင်ဖြူရှင်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး တာဝန်ရှိသူများ၊ မဲပေးစက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် မဲပေးစက်များကို စနစ်တကျထားသိုသိမ်းဆည်းထားကြရန်၊ စဉ်ဆက်မပြတ် ပုံမှန်စစ်ဆေးခြင်းများကို အလေးထားဆောင်ရွက်ကြရန်၊ ယခုသင်တန်းတွင် မဲပေးစက်များနှင့်စပ်လျဉ်းပြီး စစ်ဆေး၊ ပြင်ဆင်၊ ထိန်းသိမ်းခြင်းလုပ်ငန်းများကို စေတနာထားပြီး စာတွေ့လက်တွေ့ အားသွန်ခွန်စိုက် လေ့ကျင့်သင်ကြားပေးခဲ့ကြသည့် မဲပေးစက်ဆိုင်ရာကျွမ်းကျင်ပညာရှင်ကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးထံ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအေဂျင်စီများနှင့် တွေ့ဆုံ




နေပြည်တော် ဇွန် ၂၆

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာမှုဆိုင်ရာယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂအေဂျင်စီများမှ ကိုယ်စားလှယ်များကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန စတုရဂံဇလခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ပြည်တွင်း နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုများ၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်များ၊ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများအတွက် လမ်းဖွင့်ဖိတ်ကြားထားသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် နိုင်ငံတော်အစိုးရအနေဖြင့် လူသားချင်းစာနာမှု အကူအညီများကို အမှန်တကယ်လိုအပ်သူများထံသို့ ခွဲခြားမှုမရှိ ဖြန့်ဝေပေးနိုင်ရေးအတွက် အလေးထားကြောင်း၊ ကုလသမဂ္ဂအေဂျင်စီများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ လူသားချင်းစာနာမှု အကူအညီပေးမှုများကို အကောင်းဆုံးပူးပေါင်းဆောင်ရွက်နေကြောင်း၊ လုံခြုံရေးဆောင်ရွက်ပေးနိုင်သည့်ဒေသအားလုံးသို့သွားရောက်ခွင့်ပေးလျက်ရှိကြောင်း၊ ကုလသမဂ္ဂအေဂျင်စီများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ခရီးသွားလာခြင်းနှင့်ပတ်သက်၍ လုံခြုံရေးကိစ္စကို အလေးထားစီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂအေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂအေဂျင်စီများအနေဖြင့်လည်း လူသားချင်းစာနာမှုအကူအညီများပေးအပ်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စဉ်ဆက်မပြတ် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ အကူအညီလိုအပ်နေသော ပြည်သူများထံသို့ လူသားချင်းစာနာမှုအကူအညီများ ထိရောက်စွာရောက်ရှိရန် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် အပြုသဘောဆောင်ပြီး နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှုမရှိသော ကြားနေမူဝါဒဖြင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် တိုက်တွန်းကြောင်း ပြောကြားသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ကြုံတွေ့ခံနိုင်ရည်ရှိသော စီးပွားရေးနှင့် ပြည်သူများအတွက် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကူအညီများကိုလည်း ပံ့ပိုးပေးနိုင်ရေး ထည့်သွင်းပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအေဂျင်စီများက ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံအတွင်း သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး၊ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအေဂျင်စီများအနက်မှ UNICEF၊ UNHCR၊ UN Women တို့မှ ဌာနေကိုယ်စားလှယ်များ၊ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးရုံး၊ IOM နှင့် UNOCHA တို့မှ ရုံးအကြီးအကဲများ၊ WHO၊ UNFPA၊ UNOPS၊ WFP၊ FAO၊ UNDP တို့မှ ဒုတိယကိုယ်စားလှယ်များ၊ ယာယီရုံးတာဝန်ခံများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးမျိုးမြင့် ကွင်းဆင်းကြည့်ရှု

နေပြည်တော် ဇွန် ၂၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ ယနေ့တွင် ချင်းပြည်နယ် တီးတိန်မြို့ရှိ ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ဆေးရုံအုပ်ကြီး၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ပြည်သူ့ဆေးရုံကြီးတွင် ဆေးရုံအုပ်ကြီးအပါအဝင် ကျန်းမာရေးဝန်ထမ်းဦးရေ ၈၀ ဖြင့် ခွဲစိတ်ကုသမှုနှင့် ဆေးကုသမှုများ ဆောင်ရွက်လျက်ရှိရာ ခွဲစိတ်ကုသမှုခံယူသူ ၁၇ ဦး၊ မီးဖွားသူ ၁၄ ဦး၊ ဖျားနာလူနာ ၁၁ ဦး စုစုပေါင်း ၄၃ ဦး တက်ရောက်ကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ထို့နောက် ဆေးရုံဝင်းအတွင်းရှိ အဆောက်အအုံများကို လှည့်လည်ကြည့်ရှုပြီး ဆေးရုံဝန်ထမ်းများ၊ ဆေးရုံတက်ရောက်ကုသမှု ခံယူလျက်ရှိသည့် ပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားကာ ထောက်ပံ့ငွေနှင့် ကော်ဖီထုပ်များ ဝေငှပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)



မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးလှိုင်နှင့် တာဝန်ရှိသူများက ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများကို ကြည့်ရှုစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူနှင့် တာဝန်ရှိသူများက ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများကို ကြည့်ရှုစဉ်။

❖ **မူးယစ်ဆေးဝါးအလွဲသုံးမှုမှ**

တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့၌ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းကို ယနေ့နံနက် ၁၀နာရီခွဲတွင်တောင်ကြီးမြို့ အဝေရာကုန်းသာယာမီးပုံးပျံကွင်းနှင့် ဓာတုပစ္စည်းများ မြေမြှုပ်ဖျက်ဆီးခြင်းကို နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ထီဖောင်းကျေးရွာအုပ်စုရှိ ကျောက်ကျင်းဟောင်း၌ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူ၊ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ ထိုင်းနိုင်ငံမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(ONCB) နှင့်NGO အဖွဲ့အစည်းများမှကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါ မီးရှို့ဖျက်ဆီးပွဲတွင် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့မှ ဖမ်းဆီးရမိသည့် ဘိန်း ၄၇၂ ကီလိုကျော်၊ ဘိန်းဖြူ ၂၃၃ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၈၅ သန်းကျော်၊ အိုက်စ် ၁၁၅၄၄ ကီလိုကျော်၊ စိတ်ပြောင်းဆေးဝါး(Happy Water) ၅၃ ကီလိုကျော်၊ကက်တမင်း ၁၄၆၆ ကီလိုခန့်၊ ဆေးခြောက် ၈၅ ကီလိုကျော်အပါအဝင် မူးယစ်ဆေးဝါး ၂၄ မျိုးနှင့် ဓာတုပစ္စည်း ၆၉ မျိုး စုစုပေါင်းတန်ဖိုး မြန်မာငွေကျပ် ၆၁၇ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၁၆၈ သန်းကျော်)ကို မီးရှို့၊မြေမြှုပ်ဖျက်ဆီးခဲ့သည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ဒဂုံရောကုန်တင်ယာဉ်ရပ်နားကွင်း၌ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းအခမ်းအနားကို နံနက် ၈ နာရီတွင် ပြုလုပ်ရာ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးလှိုင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ ဘရူနိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ သံအမတ်ကြီးများ၊ ရုရှားနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ တရုတ်နိုင်ငံသံရုံးတို့မှကိုယ်စားလှယ်များ၊ UNO-DC နှင့် AFPတို့မှ ကိုယ်စားလှယ်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါမီးရှို့ဖျက်ဆီးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ ဖမ်းဆီးရမိသော ဘိန်းဖြူ ၃၄၄ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား သန်း ၁၃၀ ကျော်၊ အိုက်စ် ကီလို ၂၈၁၄၀ ကျော်၊ စိတ်ပြောင်းဆေးဝါး(Happy Water) ၅၁ ကီလိုကျော်၊ ဘိန်းစာမှုန့် ၂၆၃ ကီလိုကျော်၊ ကက်တမင်း ၇၁၁၈ ကီလိုခန့်၊ ဆေးခြောက် ၉၅၄ ကီလိုကျော်အပါအဝင် မူးယစ်ဆေးဝါး ၂၃ မျိုးနှင့် ဓာတုပစ္စည်း ရှစ်မျိုး စုစုပေါင်းတန်ဖိုး မြန်မာငွေကျပ် ၁၁၇၆ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၃၂၁ သန်းကျော်)ကို မီးရှို့၊ မြေမြှုပ်ဖျက်ဆီးခဲ့သည်။

အလားတူ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်(တောင်) ရပ်ကွက်ရှိ လေယာဉ်ကွင်းအဟောင်း၌ နံနက် ၈နာရီတွင်ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်အရာရှိကြီးများ၊ ရဲအရာရှိကြီးများ၊ မန္တလေးမြို့အခြေစိုက် ကောင်စစ်ဝန်ရုံးများမှ ကိုယ်စားလှယ်များနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

မီးရှို့ဖျက်ဆီးပွဲတွင် မန္တလေးတိုင်းဒေသကြီး မြန်မာနိုင်ငံအထက်ပိုင်းဒေသများနှင့် အလယ်ပိုင်းဒေသများမှ ဖမ်းဆီးရမိသည့် ဘိန်း ၅၉၃ ကီလိုခန့်၊ ဘိန်းဖြူ ၁၆၇၁ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၅ သန်းကျော်၊ အိုက်စ် ၂၃ ကီလိုကျော်၊ စိတ်ပြောင်းဆေးဝါး(Happy Water) ၅၃ ကီလိုကျော်၊ ကက်တမင်း ၂၆ ကီလိုကျော်၊ ဆေးခြောက် ၁၀၆ ကီလိုကျော် အပါအဝင် မူးယစ်ဆေးဝါးအမျိုး၂၀ နှင့် ဓာတုပစ္စည်း ခုနစ်မျိုး စုစုပေါင်းတန်ဖိုး မြန်မာငွေကျပ် ၄၁၆ ဘီလီယံကျော်(အမေရိကန် ဒေါ်လာ ၁၁၃ သန်းကျော်)ကို မီးရှို့၊ မြေမြှုပ်ဖျက်ဆီးခဲ့သည်။

ထို့ပြင် ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့တော်ခန်းမ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်(တောင်) လေယာဉ်ကွင်းအဟောင်းတို့၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပရာ တိုင်းဒေသကြီး၊ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ပြည်နယ်မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ နိုင်ငံခြားသံရုံးများနှင့် ကောင်စစ်ဝန်ရုံးများမှ ကိုယ်စားလှယ်များ၊ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက အဖွင့်အမှာစကားပြောကြားခြင်း၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၏ သဝဏ်လွှာဖတ်ကြားခြင်း၊ စာပေ၊ ဂီတပြိုင်ပွဲ ဗဟိုအဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ဆုရရှိသူများကို ဆုချီးမြှင့်ခြင်း၊ မူးယစ်တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သူများ ဆုချီးမြှင့်ခြင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုခြင်းများ ဆောင်ရွက်ကြသည်။

ယခုနှစ်တွင် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ မီးရှို့၊ မြေမြှုပ်ဖျက်ဆီးခြင်း အခမ်းအနားများကို တောင်ကြီးမြို့၊ ရန်ကုန်မြို့၊ မန္တလေးမြို့တို့တွင်ကျင်းပခဲ့ရာ ဘိန်း ၁၀၆၆ ကီလိုခန့်၊ ဘိန်းဖြူ ၂၂၄၉ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၁ သန်းကျော်၊ အိုက်စ် ၃၉၇၀၈ ကီလိုခန့်၊ စိတ်ပြောင်းဆေးဝါး (Happy Water) ၁၅၈ ကီလိုကျော်၊ ဘိန်းစာမှုန့် ၂၆၄ ကီလိုခန့်၊ ဆေးခြောက် ၁၁၄၈ ကီလိုခန့်နှင့် ကက်တမင်း ၈၆၁၁ ကီလိုကျော်အပါအဝင် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းအမျိုး ၁၁၀ စုစုပေါင်းတန်ဖိုး မြန်မာငွေကျပ်ဘီလီယံ ၂၂၁၀ ခန့် (အမေရိကန်ဒေါ်လာ ၆၀၃ သန်းကျော်)တို့ကို ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာန၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့က အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်မှုကြောင့် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းအများအပြားဖမ်းဆီးရမိကာ ဖျက်ဆီးနိုင်ခဲ့ကြောင်းနှင့် ၂၀၂၅ ခုနှစ် ဇွန် ၁ ရက်မှ ၂၀၂၆ ခုနှစ် မေ ၃၁ ရက်ထိ တစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၌ ငွေကျပ်ဘီလီယံ ၂၂၁၀ ခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများ ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **(သတင်းစဉ်)**



မန္တလေးမြို့၌ တစ်နှစ်တာကာလအတွင်း ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။




တောင်ကြီးမြို့၌ တစ်နှစ်တာကာလအတွင်း ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။

# တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ဆေးကုသမှုခံယူနေသူများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ ဆေးကုသမှုခံယူနေသူများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။

နေပြည်တော် ဇွန် ၂၆

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံနှင့် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများကသွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ကြသည်။


ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ငွေး ဆေးကုသမှုခံယူနေသူများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

# ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၆

၂၀၂၆ ခုနှစ် ၆၅ ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့ရှိ နယ်မြေခံ လေတပ်စခန်းဌာနချုပ် အားကစားကွင်း၌ပြုလုပ်ရာ တပ်မတော်(လေ)မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ တပ်မတော်ပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများကို တာဝန်ရှိသူများကလည်းကောင်း၊ ဒိုင်းဆုရရှိသောအသင်းကို ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား နယ်မြေခံလေတပ်စခန်းဌာနချုပ်မှူးကလည်းကောင်း ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ပေးအပ်သည်။

အဆိုပါ ပြေးခုန်ပစ်ပြိုင်ပွဲကို ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၄ သင်း၊ အမျိုးသမီးအသင်း ၁၃ သင်းတို့ဖြင့် ဇွန် ၂၂ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကျောက်တန်းမြို့နယ် ညောင်ဝိုင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာတို့ရှိ သံဃာတော်များ၊ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များ၊ ဒေသခံပြည်သူများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇွန် ၂၆**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ညောင်ဝိုင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာတို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို အဆိုပါကျေးရွာရှိ ပေါ်တော်အောင် ဓမ္မရိပ်သာကျောင်းတိုက်၌ အခြေပြု၍ သံဃာတော် သုံးပါးနှင့် ဒေသခံပြည်သူ ၁၃၃ ဦးတို့ကို အရိုးရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟ)

# အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲကျင်းပ



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ အဖွင့်ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၂၆**

အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ ပြည်ထောင်စုအားကစားကွင်းရှိ အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၀ သင်းနှင့် အမျိုးသမီးအသင်း ၁၀ သင်းတို့ဖြင့် ဇူလိုင် ၃ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဗဟ)

# ကျိုင်းတုံမြို့၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၂၆**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ မြို့တော်ခန်းမ၌ကျင်းပရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုစဉ်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေထံမှ ပေးပို့သောသဝဏ်လွှာကို တာဝန်ရှိသူတစ်ဦးက ဖတ်ကြားပြီး မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှပေးပို့သည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ကြိုးပမ်းဆောင်ရွက်မှုမှတ်တမ်း Video Clipကိုပြသသည်။

ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် တက္ကသိုလ်အဆင့်နှင့် အခြေခံပညာပြည်နယ်၊ ခရိုင်အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား၊ကျောင်းသူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မူးယစ်ဆေးဝါး အန္တရာယ်ဆိုင်ရာအသိပညာပေးနံရံကပ်စာစောင်များပြသခြင်းကို လိုက်လံကြည့်ရှုခဲ့ကြပြီး တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟ)

# တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၆**

တြိဂံဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာချုပ်ရှိ အားကစားကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် ဇူလိုင် ၁၀ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(ဗဟ)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**လျှပ်စစ်မီတာခ သက်သာဖို့**
**LED ပစ္စည်း သုံးကြစို့။**

# World MSME Day အထိမ်းအမှတ် ထူးချွန် MSME စာရင်း ထုတ်ပြန်ကြေညာခြင်း

| စဉ် | | MSME လုပ်ငန်းအမည် | လုပ်ငန်း အရွယ်အစား | ထုတ်လုပ်သည့်ကုန်ပစ္စည်း/ ဝန်ဆောင်မှုလုပ်ငန်း | ရရှိခဲ့သည့် ဆုအမျိုးအစားနှင့်ရရှိခဲ့သည့်ခုနှစ် | ဒေသအဆင့်/ပြည်ထောင်စုအဆင့်/ အာဆီယံအဆင့် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| က | | ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | | | | | |
| | ၁ | အိမ်ရှင်မဆီစက် သားတင်ဦး အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်း | အလတ်စား | မြေပဲဆီ/နေကြာဆီ | ၁။ ကုန်ထုတ်သမဝါယမအသင်းစွမ်းဆောင်ရည် (တတိယဆု)(၂၀၂၅)<br>၂။ ASEAN Business Award (2025) | ၁။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ<br>၂။ အာဆီယံ | |
| | ၂ | နေမင်းထွန်းခြေလှေ့စက် | အသေးစား | ခြေလှေ့စက်အမျိုးမျိုး၊ ပဲခွဲစက်အမျိုးမျိုး | ပထမဆု၊ လယ်ယာသုံးပစ္စည်းများအတွက် အကောင်းဆုံးဆု (၂၀၂၆) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၃ | Na Rain Dara Co;Ltd | အသေးစား | မှျစ်ခြောက် | ၁။ အကောင်းဆုံးဆု (OROP) (၂၀၂၅)<br>၂။ပထမ၊ တိုးတက်မှုအကောင်းဆုံးဆု(၂၀၂၆) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၄ | Royal Shin Ye Htut (RSYH) ဝါးဆိုလာသုံးဘီးလုပ်ငန်း | အသေးစား | ဝါးဆိုလာ သုံးဘီး | ပထမဆု၊ ဆန်းသစ်တီထွင်မှု အကောင်းဆုံးဆု (၂၀၂၆) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၅ | လင်းစိန် အထွေထွေစီးပွားရေးလုပ်ငန်း | အလတ်စား | မြေပဲဆီ/နေကြာဆီ | တတိယဆု၊သွင်းကုန်အစားထိုးထုတ်ကုန်ဆု (၂၀၂၆) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၆ | ဟိန်းရွှေရောင်ကုမ္ပဏီလီမိတက် | အသေးစား | ခနိရည်၊ ခနိုဝိုင်၊ ရှူဆေး၊ လိမ်းဆေးအမျိုးမျိုး | ASEAN Inclusive Business Award 2025 | အာဆီယံ | |
| ခ | | ကချင်ပြည်နယ် | | | | | |
| | ၇ | "ရွှေအုပ်ဆောင်း" ပယင်းကျန်းမာရေးထုတ်ကုန်လုပ်ငန်း | အသေးစား | ဆေးဝါးနှင့် ရက္ခဗေဒဆိုင်ရာ ထုတ်ကုန်များ | ၁။ ပထမဆု(၂၀၂၃)<br>၂။ပထမဆု(လူသုံးကုန်နှင့်အဝတ်အထည်ဆု) (၂၀၂၅) | ၁။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ<br>၂။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ | |
| | ၈ | "SAN"သဘာဝ ကညွတ်ဆပ်ပြာနှင့်သဘာဝ တရော်ကင်ပွန်း ခေါင်းလျှော်ရည်လုပ်ငန်း | အသေးစား | စိုက်ပျိုးမွေးမြူရေး အခြေခံထုတ်ကုန်များ | ၁။ ဒုတိယဆု(၂၀၂၃)<br>၂။ဒုတိယဆု၊ စိုက်ပျိုးရေးထုတ်ကုန်အကောင်းဆုံးဆု (၂၀၂၅)<br>၃။တတိယဆု၊လူသုံးကုန်၊ပယင်းနှင့် ကျောက်မျက်အချောထည်ကဏ္ဍ (၂၀၂၅) | ၁။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ<br>၂။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ<br>၃။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၉ | "ဖြိုးဝေဝေ" စက္ကူထုတ်လုပ်ရေးလုပ်ငန်း | အလတ်စား | စက္ကူနှင့် Tissue နှင့် ရုံးသုံး၊ ကျောင်းသုံးဗလာစာအုပ် | တတိယဆု(၂၀၂၃) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၁၀ | "ငွေလာဘ်မင်းနှင့်ပွဲတိုင်းကျော်" ရေထွက်စားသောက်ကုန်နှင့် မန်ကျည်းဖျော်ရည်လုပ်ငန်း | အသေးစား | သဘာဝသစ်သီးဖျော်ရည် | အထူးဆု(၂၀၂၃) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၁၁ | "ဘွမ်ဘရိုင်" တိုင်းရင်းဆေးလုပ်ငန်း | အသေးစား | တိုင်းရင်းဆေးဝါး | အထူးဆု(၂၀၂၃) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၁၂ | "မနောမြန်မာ" ရက်ကန်းလုပ်ငန်း | အသေးစား | ကချင်ရိုးရာအထည် | အထူးဆု(၂၀၂၃) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၁၃ | "ကဆန်ထီ" စားသောက်ကုန်လုပ်ငန်း | အသေးစား | သစ်ကြားသီး၊ ကျောက်ဆောင်၊ ပျားရည်၊ တောင်ယာနနွင်း | ၁။ အကောင်းဆုံးဆု (OROP) (၂၀၂၅)<br>၂။ဒုတိယဆု(စားသောက်ကုန်ဆု)(၂၀၂၅) | ၁။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ<br>၂။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၁၄ | "JCD" ပူတာအိုဒေသထွက်ထုတ်ကုန်လုပ်ငန်း | အသေးစား | ရှီးပတီးဆေးစိမ်၊ ရှီးပတီးပျားရည်စိမ် | ၁။ အထူးဆု၊ အငယ်စားထုတ်ကုန်ကဏ္ဍ(၂၀၂၅)<br>၂။ တတိယဆု ၊ စိုက်ပျိုးရေးထုတ်ကုန် အကောင်းဆုံးဆု(၂၀၂၅) | ၁။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ<br>၂။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၁၅ | "အိလေး" စားသောက်ကုန်လုပ်ငန်း | အသေးစား | ပဲငါးပိ၊ ခေါက်ဆွဲအနှစ်၊ ဆီတို့ဟူး၊ ငရုတ်ချဉ်၊ မုန်ညင်းချဉ်၊ ဆန်ခေါက်ဆွဲ | ၁။ ပထမဆု (စိုက်ပျိုးရေး ထုတ်ကုန်အကောင်းဆုံးဆု) (၂၀၂၅)<br>၂။ အထူးဆု (အသေးစား ထုတ်ကုန်ကဏ္ဍ)(၂၀၂၅) | ၁။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ<br>၂။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၁၆ | "TOP" အသင့်စားအသားခြောက် စားသောက်ကုန်လုပ်ငန်း၊ | အလတ်စား | အသင့်စားအသားခြောက်မျိုးစုံ၊ ဝိုင်မျိုးစုံ၊ နှစ်တစ်ရာဆေးစိမ်၊ ကချင်ရိုးရာ ဟင်းခတ်မှုန့် | ၁။ ပထမဆု၊မွေးမြူရေးထုတ်ကုန်ဆု(၂၀၂၅)<br>၂။ ပထမဆု၊ စားသောက်ကုန် (၂၀၂၅)<br>၃။ ဒုတိယဆု၊ တန်ဖိုးမြှင့် ထုတ်ကုန်နှင့် ထုပ်ပိုးမှုကဏ္ဍ ( ၂၀၂၆) | ၁။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ<br>၂။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ<br>၃။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၁၇ | "ဝဒ္ဓဆိုင်းပန်" စားသောက်ကုန်လုပ်ငန်း | အသေးစား | အသင့်စားအသားခြောက်မျိုးစုံ | ၁။ ဒုတိယဆု၊ မွေးမြူရေးထုတ်ကုန်ဆု(၂၀၂၅)<br>၂။ ဒုတိယဆု ၊ စားသောက်ကုန် (၂၀၂၅) | ၁။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ<br>၂။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ | |
| | ၁၈ | "မလိဇွပ်" စားသောက်ကုန်လုပ်ငန်း | အလတ်စား | နို့မှုန့် | တတိယဆု၊ မွေးမြူရေးထုတ်ကုန်ဆု(၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန် ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၁၉ | "လပ်ကီး" မုန့်တိုက် | အလတ်စား | မုန့်နှင့်ကွတ်ကီးမျိုးစုံ | ပထမဆု၊ စားသောက်ကုန်ဆု(၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန် ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၂၀ | "ရွှေနှင်းဆီ" ဆားမုန့်လုပ်ငန်း | အသေးစား | ဆားမုန့် | တတိယဆု၊ စားသောက်ကုန်ဆု(၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန် ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၂၁ | "ဂျိမ်းဖောသူ" ရက်ကန်းလုပ်ငန်း | အလတ်စား | ကချင်ရိုးရာအဝတ်အထည် | ဒုတိယဆု၊ လူသုံးကုန်နှင့်အဝတ်အထည် (၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန် ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၂၂ | "ကြိုင်ခူး" ကချင်ရိုးရာအထည်ဆိုင် | အသေးစား | ကချင်ရိုးရာအဝတ်အထည် | တတိယဆု၊ လူသုံးကုန်နှင့်အဝတ်အထည် (၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန် ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၂၃ | "မြောက်ကျွန်းရတနာ" ပယင်းလုပ်ငန်း | အသေးစား | ပယင်းနှင့် ပယင်းကျန်းမာရေးထုတ်ကုန် | ၁။ ပထမဆု၊ ပယင်း၊ ကျောက်မျက်နှင့် ကျောက်စိမ်းလက်ဝတ်ရတနာများ (၂၀၂၅)<br>၂။ ဒုတိယဆု၊ လူသုံးကုန်၊ ပယင်းနှင့်ကျောက်မျက်အချောထည် ကဏ္ဍ (၂၀၂၅) | ၁။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ<br>၂။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၂၄ | "Lynnshan Yang" ပယင်းလုပ်ငန်း | အသေးစား | ပယင်းနှင့် ကျောက်စိမ်းထုတ်ကုန်များ | ၁။ဒုတိယဆု၊ ပယင်း၊ ကျောက်မျက်နှင့် ကျောက်စိမ်းလက်ဝတ်ရတနာများ (၂၀၂၅)<br>၂။ အထူးဆု၊လူသုံးကုန်၊ ပယင်းနှင့်ကျောက်မျက်အချောထည် ကဏ္ဍ (၂၀၂၅) | ၁။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ<br>၂။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၂၅ | "ပယင်းနတ်သမီး" ပယင်းလုပ်ငန်း | အသေးစား | ပယင်းနှင့် ကျောက်စိမ်း ထုတ်ကုန်များ | ၁။တတိယဆု၊ပယင်း၊ကျောက်မျက်နှင့်ကျောက်စိမ်းလက်ဝတ်ရတနာများ (၂၀၂၅)<br>၂။ အထူးဆု၊ လူသုံးကုန်၊ ပယင်းနှင့်ကျောက်မျက်အချောထည် ကဏ္ဍ (၂၀၂၅) | ၁။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ<br>၂။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၂၆ | "99" စားသောက်ကုန်လုပ်ငန်း | အသေးစား | နို့မှုန့် | တတိယဆု၊ စားသောက်ကုန်(၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၂၇ | "စူပါဝမ်း" နို့နှင့် နို့ထွက်ပစ္စည်းလုပ်ငန်း | အလတ်စား | နို့ နှင့် နို့ထွက်ပစ္စည်း | အထူးဆု၊ စားသောက်ကုန်(၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၂၈ | "Healthy" ပဲနို့ လုပ်ငန်း | အသေးစား | ပဲနို့ | အထူးဆု၊စားသောက်ကုန်ဆု(၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၂၉ | "Grace" လူသုံးကုန်ထုတ်လုပ်မှုလုပ်ငန်း | အသေးစား | ပယင်းသနပ်ခါး၊ ပယင်းရှူဆေး၊ လိမ်းဆေး၊ ပယင်းဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ ကျောက်ချဉ် Roll on၊ ဖျော်ရည်မျိုးစုံ | ပထမဆု၊လူသုံးကုန်၊ပယင်းနှင့်ကျောက်မျက်အချောထည်ကဏ္ဍ (၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၃၀ | "လင်းရတနာ" ကျောက်မျက်လုပ်ငန်း | အသေးစား | ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ | အထူးဆု၊ လူသုံးကုန်၊ ပယင်းနှင့် ကျောက်မျက်အချောထည်ကဏ္ဍ (၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| ဂ | | ကယားပြည်နယ် | | | | | |
| | ၃၁ | Treasure Corn Company Limited | အသေးစား | အစေ့ထုတ်ပြောင်း | အကောင်းဆုံးဆု (OROP) (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| ဃ | | ကရင်ပြည်နယ် | | | | | |
| | ၃၂ | အောင်ဆန်းငွေလာဆန်စက်လုပ်ငန်း | အငယ်စား | ဆန် | အကောင်းဆုံးဆု (OROP) (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၃၃ | "Hturu "သဘာဝဆိုးဆေးချည်ထည်လုပ်ငန်း | အငယ်စား | အထည် | အထူးဆု ၊အငယ်စားစီးပွားရေးလုပ်ငန်း (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| င | | ချင်းပြည်နယ် | | | | | |
| | ၃၄ | ချင်းရိုးရာ ရက်ကန်းလုပ်ငန်း | အသေးစား | ရိုးရာအထည် | အကောင်းဆုံးဆု (OROP) (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ | |
| စ | | စစ်ကိုင်းတိုင်းဒေသကြီး | | | | | |
| | ၃၅ | Mylike | အလတ်စား | လူသုံးကုန် | အထူးဆု၊လူသုံးကုန် (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၃၆ | သံစဉ်နေလ | အလတ်စား | စားသောက်ကုန် | ပထမဆု၊စားသောက်ကုန် (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၃၇ | ထွန်းထွန်းငွေထည်ကြေးထည် | အလတ်စား | လူသုံးကုန် | အထူးဆု၊လူသုံးကုန် (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| | ၃၈ | ပွဲတော်အုပ် | အလတ်စား | စားသောက်ကုန် | ပထမဆု၊ စားသောက်ကုန် (၂၀၂၆) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |
| ဆ | | တနင်္သာရီတိုင်းဒေသကြီး | | | | | |
| | ၃၉ | "မလိငပိ" စားသောက်ကုန်လုပ်ငန်း | အသေးစား | ငါးပိ | ထုတ်ကုန်အကောင်းဆုံးဆု (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ | |

စာမျက်နှာ ၂၈ သို့

စာမျက်နှာ ၂၈ မှအဆက်

| | | | | | | |
|---|---|---|---|---|---|---|
| | ၇၉ | ဝိသာခါ အမွေးတိုင်နှင့်လူသုံး ကုန်ပစ္စည်း အမျိုးမျိုးလုပ်ငန်း | အသေးစား | အမွေးတိုင် | ၁။ တတိယဆု (၂၀၂၅)<br>၂။ ယခင်နှစ်ဆုရသူများမှ တိုးတက်မှု အကောင်းဆုံးဆု (၂၀၂၆)<br>၃။ တတိယဆု (အသေးစား) (၂၀၂၅) | ၁။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ<br>၂။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ<br>၃။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ |
| | ၈၀ | ချမ်း လူသုံးကုန်လုပ်ငန်း | အလတ်စား | ယူကလစ်ရှုလိမ်းဆီ | ပထမဆု (လူသုံးကုန်စံပြထုတ်ကုန်ဆု)(၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ |
| | ၈၁ | Golden Myanma Honey Co.,Ltd | အလတ်စား | ပျားရည် | ဒုတိယဆု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသည့်ထုတ်ကုန်ဆု (၂၀၂၆) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ |
| | ၈၂ | Viny Company Limited | - | SEEDER | တတိယဆု လယ်ယာသုံးပစ္စည်းများအတွက်အကောင်းဆုံးဆု(၂၀၂၆) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ |
| | ၈၃ | မြတ်ဆွမ်းအုပ်စားသောက်ကုန်လုပ်ငန်း | အသေးစား | ချင်းနက်ဆေးတောင့်နှင့် လိမ်းဆေး | ပထမဆု (အသေးစား) (၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ |
| | ၈၄ | ထူးအုံ့စားသောက်ကုန်လုပ်ငန်း | အသေးစား | ငရုတ်သီးအနှစ် | ဒုတိယဆု (အသေးစား) (၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ |
| | ၈၅ | ဆရာဘိုင်အို (ရေဆိုးသန့်စင်ဆေးရည်၊ ခေါင်းလျှော်ရည်) | အငယ်စား | ခေါင်းလျှော်ရည် | ဒုတိယဆု (အငယ်စား) (၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ |
| | ၈၆ | သဲဖြူ လူသုံးကုန် ထုတ်လုပ်ခြင်းနှင့် ခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက် | အငယ်စား | ငှက်ပျောချည်ပဝါ | တတိယဆု (အငယ်စား) (၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ |
| | ၈၇ | Natural Clay သဘာဝမြေထည် ထုတ်လုပ်ရေးလုပ်ငန်း | အလတ်စား | အမိုးအုတ်၊ ကြမ်းခင်းအုတ် | ပထမဆု (အလတ်စား) (၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ |
| | ၈၈ | Myanmar Food Hub Manufacturing Co.,Ltd | အလတ်စား | အသင့်စား မုန့်ဟင်းခါး အနှစ်ထုပ် | တတိယဆု (အလတ်စား) (၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ |
| | ၈၉ | တော်ဝင်မွေးမြူရေးအစာကြိတ်လုပ်ငန်း | OROP | မွေးမြူရေးစပ်စာ | ဒုတိယဆု (OROP) (၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ |
| | ၉၀ | PMH (Precious Myanmar Heart Co.,Ltd) | OROP | Boss ဆန်အချောထည် | တတိယဆု (OROP) (၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ |
| ဃ | ရှမ်းပြည်နယ် | | | | | |
| | ၉၁ | "ဆွေသစ်" အင်းလေး ရိုးရာ ချည်ထည်ရက်ကန်းလုပ်ငန်း | အသေးစား | ရိုးရာချည်ထည်မျိုးစုံ | အထူးဆု(အဝတ်အထည်ထုတ်လုပ်မှု) (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ |
| | ၉၂ | " SHAN ORCHARD" Myanmar Ltd | အလတ်စား | ထောပတ်ဆီနှင့် ထောပတ် အလှကုန်များ | အကောင်းဆုံးဆု (OROP) (၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ |
| | ၉၃ | " နောင်ခမ်း" ကော်ဖီလုပ်ငန်း | အငယ်စား | ကော်ဖီ | အထူးဆု(၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ |
| | ၉၄ | " မယ်သီတာ" စားသောက်ကုန်လုပ်ငန်း | အသေးစား | ချီယာစေ့၊ ကော်ဖီနှင့် ဖျော်ရည် | အထူးဆု(၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ |
| | ၉၅ | " အေးသာယာ" ဝိုင်လုပ်ငန်း | အလတ်စား | ဝိုင် | အထူးဆု(၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ |
| | ၉၆ | " ဉာဏ်ကြီးရှင်" ရှမ်းတောင်မြင့် ကော်ဖီလုပ်ငန်း အောင်နေလင်းထွန်း ကုမ္ပဏီလီမိတက် | အလတ်စား | ကော်ဖီ | ASEAN Business Award(2021) | အာဆီယံ |
| | ၉၇ | " ခိုင်မေတ္တာ" ဆေးရုံ | အလတ်စား | ကျန်းမာရေးဝန်ဆောင်မှု | ၁။ စီးပွားရေးစွမ်းဆောင်ရှင်ဆု (၂၀၂၄)<br>၂။ အမျိုးသမီး စီးပွားရေးထူးချွန်ဆု (၂၀၂၃)<br>၃။ ပြည်နယ်အမျိုးသမီး စီးပွားရေးနှင့် ကျန်းမာရေးဆိုင်ရာစွမ်းဆောင်ရှင်ဆု(၂၀၂၃)<br>၄။ အမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်ဆု (၂၀၂၄) | ၁။ ဒေသအဆင့်<br>၂။ အာဆီယံ<br>၃။ ဒေသအဆင့်<br>၄။ ပြည်ထောင်စု |
| ဏ | ဧရာဝတီတိုင်းဒေသကြီး | | | | | |
| | ၉၈ | နေမင်းဆားစက် | အငယ်စား | အိုင်အိုဒင်းဆား၊ Low Sodium Salt | ပထမဆု ၊ အာဆီယံ-ဟောင်ကောင်၊ China Free Trade Agreement ECOTECH Work Programme (၂၀၂၂) | အာဆီယံ |
| | ၉၉ | Green Toddy ထန်းသကြား ထုတ်လုပ်ရေး | အငယ်စား | ထန်းသကြား၊ ထန်းလျက် | ဒုတိယဆု၊ အာဆီယံ-ဟောင်ကောင်၊ China Free Trade Agreement ECOTECH Work Programme (၂၀၂၂) | အာဆီယံ |
| | ၁၀၀ | Mo Mo Ko သဘာဝ ဓနိဖူးခြောက် ထုတ်လုပ်ရေး | အငယ်စား | ဓနိဖူးခြောက် | တတိယဆု၊ အာဆီယံ-ဟောင်ကောင်၊ China Free Trade Agreement ECOTECH Work Programme (၂၀၂၂) | အာဆီယံ |
| | ၁၀၁ | အဆွေတော်နှမ်းလုံး | အသေးစား | မုန့် အမျိုးမျိုး | အကောင်းဆုံးဆု၊ အသေးစား (၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ |
| | ၁၀၂ | ရွှေစံ ပုသိမ်ထီး | အငယ်စား | ပုသိမ်ထီးအမျိုးမျိုး | အကောင်းဆုံးဆု၊ အငယ်စား (၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ |
| | ၁၀၃ | ရွှေမြင်းပျံ ပုသိမ်ဟာလဝါ | အလတ်စား | ဟာလဝါ၊ မုန့်မျိုးစုံ | ၁။ အကောင်းဆုံးဆု၊ အလတ်စား (၂၀၂၅)<br>၂။ အကောင်းဆုံးဆု၊ အလတ်စား ပူးတွဲ (၂၀၂၅) | ၁။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ<br>၂။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ |
| | ၁၀၄ | Global Earth Agro & Aqua Industry Public ငါးအသားလွှာ ကုန်ချောလုပ်ငန်း | OROP | ငါးအသားလွှာ၊ ငါးအသားလုံး အမျိုးမျိုး | ၁။ အကောင်းဆုံးဆု(OROP )(၂၀၂၅)<br>၂။အကောင်းဆုံးဆု(OROP )(၂၀၂၅)<br>၃။အကောင်းဆုံးဆု(OROP )(၂၀၂၅) | ၁။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ<br>၂။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ<br>၃။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ |
| | ၁၀၅ | စစ်မှစစ် ငရုတ်ကောင်းမှုန့် | အသေးစား | ငရုတ်ကောင်းမှုန့် | အကောင်းဆုံးဆု၊ အသေးစား (၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ |
| | ၁၀၆ | ပုံ့ပုံ့ရွှေတောင်ခေါက်ဆွဲ | အငယ်စား | ခေါက်ဆွဲ | အကောင်းဆုံးဆု၊အငယ်စား (၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ |
| | ၁၀၇ | ရွှေမြင်း ဟာလဝါ | အလတ်စား | ဟာလဝါ၊ မုန့်မျိုးစုံ | ၁။ အကောင်းဆုံးဆု၊ အလတ်စား (၂၀၂၅)<br>၂။ အကောင်းဆုံးဆု၊ အလတ်စား ပူးတွဲ (၂၀၂၅) | ၁။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ<br>၂။ ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ |
| | ၁၀၈ | Wilmar Myanmar ပေါင်းဆန် | OROP | ပေါင်းဆန် | အကောင်းဆုံးဆု၊ (OROP)(၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ |
| | ၁၀၉ | M-Treasure ကွမ်းသီးဖတ် ထုတ်ကုန်လုပ်ငန်း | အသေးစား | ကွမ်းသီးဖတ် ထုတ်ကုန် | ဒုတိယဆု၊ ထုတ်ကုန်ဆု(၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန် ပြပွဲနှင့် ပြိုင်ပွဲ |
| | ၁၁၀ | ခင်ချောင်းသာ ခရု၊ ကနုကမာ | အသေးစား | ခရု၊ ကနုကမာ လက်ဆောင်ပစ္စည်း | အထူးဆု၊ လက်မှုလုပ်ငန်း စံပြထုတ်ကုန်(၂၀၂၅) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန် ပြပွဲနှင့် ပြိုင်ပွဲ |
| | ၁၁၁ | ဂုတ်ဂွပ်မြန်မာ ဟင်းချက်အနှစ် | အသေးစား | ဟင်းချက်အနှစ် | အကောင်းဆုံးဆု၊ အသေးစား(၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ |
| | ၁၁၂ | ဝါဝါဝင်း နို့နှင့် နို့ထွက်ပစ္စည်း | အငယ်စား | ဒိန်ချဉ်၊ နို့နှင့် နို့ထွက်ပစ္စည်း | အကောင်းဆုံးဆု၊ အငယ်စား (၂၀၂၅) | ဒေသအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ |
| | ၁၁၃ | ဦးချစ်ဖွယ်၊ မကြည်ကြည်ဝင်း လယ်ယာသုံး စက်မှုလက်မှုလုပ်ငန်း | အငယ်စား | လယ်ယာသုံး စက်ကိရိယာများ | ဒုတိယဆု၊ လယ်ယာသုံး ပစ္စည်းများအတွက် အကောင်းဆုံးဆု (၂၀၂၆) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ |
| | ၁၁၄ | Alloy အုန်းချိုမွေး | အလတ်စား | အုန်းချိုမွေးပျိုးပင်၊ အုန်းချိုမွေး | တတိယဆု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသည့် ထုတ်ကုန်ဆု (၂၀၂၆) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ |
| | ၁၁၅ | ဓာတုကင်းလွတ် ရေကြည်ပေါ်ဆန်း | - | ဓာတုကင်းလွတ် ပေါ်ဆန်း | တတိယဆု၊ ဆန်းသစ်တီထွင်မှုအကောင်းဆုံးဆု (၂၀၂၆) | ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ |
| | မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများကွန်ရက် (MYANWEN) | | | | | |
| | ၁၁၆ | ဒေါ်မေနှင်းဝေ<br>" Healthy & Happy"<br>စားသောက်ကုန်" | အသေးစား | ကွတ်ကီး | 1. SME Outstanding Award (2024)<br>2. THE MOST RESPONSIBLE BUSINESS AWARD IN WOMEN ENTREPRENEUR- SHIP PROGRAM (2023)<br>3. THE BEST IDEA AWARD (2023)<br>၄. RESILLIENCE FOR WOMEN LED SMEs AWARD ( 2022)<br>၅. အသေးစား စီးပွားရေးလုပ်ငန်း ပထမဆု (၂၀၂၅)<br>၆။ တိုးတက်မှုအကောင်းဆုံးဆု(၂၀၂၆)<br>၇။ The $22^{nd}$ China - ASEAN EXPO - Silver Award (2025)<br>၈။ Global Food Industry Award - Winner Industrialization of a Traditional Food At $22^{nd}$ World Congress of Food Science and Technology (2024)<br>၉။ ASEAN BUSINESS AWARD (2024 )<br>၁၀။ PROMISING AWARD BY ASEAN-INDIA GRASSROOT INNOVATION FORUM(2023) | ၁။ ဒေသအဆင့် UMFCCI<br>၂။ ဒေသအဆင့်<br>၃။ ဒေသအဆင့်<br>Myanmar Distribution Group<br>၄။ ဒေသအဆင့် UNDP, UN Women<br>၅။ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ<br>၆။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ<br>၇။ Nanning , China<br>၈။ Italy , Rimini<br>၉။ ASEAN<br>၁၀။ Malaysia |

စာမျက်နှာ ၃၀ သို့

စာမျက်နှာ ၂၉ မှအဆက်

| | | | | | |
|---|---|---|---|---|---|
| မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း (MWEA) | | | | | |
| ၁၁၇ | ဒေါ်ဇာဇာငွေး<br>မုန့်ချိုတိုင်းရင်းဆေး | အလတ်စား | တိုင်းရင်းဆေးအမျိုးမျိုး | ၁။ Myanmar Women Entrepreneur Award<br>၂။ မြန်မာအမျိုးသမီးစီးပွားရေးထူးချွန်ဆု<br>၃။ ASEAN outstanding Women Entrepreneurs Award<br>Myanmar Women Entrepreneurs Award | ဒေသအဆင့်<br>ဒေသအဆင့်<br>အာဆီယံ |
| မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA) | | | | | |
| ၁၁၈ | ဒေါ်သီတာဝင်း<br>Apiculture Resource and Business Center (ARBC) Limited | အသေးစား | အရည်အသွေးမြင့် ပျားရည်နှင့် ပျားထွက်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်း | နိုင်ငံအဆင့်ပထမ India – ASEAN Grassroot Innovation Competion (2024) | အာဆီယံ |
| မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် (MCF) | | | | | |
| ၁၁၉ | ဦးသိန်းဆွေ<br>Ability Software Services Co.,Ltd | အသေးစား | Service (Software Solution) | Asian-Oceanian Computing Industry Organization Outstanding Tech Company Award (2023) | အာဆီယံ |


“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင် ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm


# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၂၅၃၉၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ပွင့်ဖြူ ဇွန် ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၂၅၃၉၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက နှမ်း ၅၇၆၂၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါနှမ်းစိုက်ခင်းများကို ယခုနှစ် ဇွန်လပထမပတ်က စတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၂၅၃၉၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀ ဒသမ ၂၇ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ နှမ်း ၅၇၆၂၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေကို ရိတ်သိမ်းလျက်ရှိရာ ဒီနေ့ထိ ၂၅၃၉၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးတာနဲ့ပတ်သက်ပြီး ပြည်တွင်းစားသုံးဆီ ဖူလုံစေဖို့၊ ပြည်ပက တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့ အတွက် တောင်သူတွေကို မျိုးကောင်းမျိုးသန့်တွေ တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်စေဖို့၊ GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်ဖို့အတွက် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းမွန်ရေး၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားရောဂါကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# ဟုမ္မလင်းမြို့နယ် ထွက်ဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဟုမ္မလင်း ဇွန် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ထွက်ဝကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟုမ္မလင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်ယုမေက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရာဇွေးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၅၉၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များက ထွက်ဝကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၅ ဦးအတွက် စီမံကိန်းရန်ပုံငွေကျပ် သိန်း ၅၉၀ ထုတ်ချေးပေးခဲ့ကြောင်း ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရာဇွေးထံမှ သိရသည်။

ချစ်ဦးကို

စာပေမြင့်မှ လူမျိုးတင့်မည်

Myanmar Mobile Money(MMM) ကို အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။



ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း၊ ငွေသွင်းငွေထုတ်ခြင်း/ငွေလွှဲခြင်း၊

Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊

Internet Bill ပေးဆောင်ခြင်း၊ E-Top up Bill ဖုန်းပြောခဖြည့်သွင်းခြင်း၊

လျှပ်စစ်မီတာများ ပေးဆောင်ခြင်း၊

ပြည်ပ ငွေလွှဲ (ထိုင်း)၊ ဈေးဝယ်ခြင်း၊ အောင်ဘာလေ အွန်လိုင်းထီထိုးခြင်း

အငြိမ်းစားလစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

သဘာဝအတိုင်း အရသာရှိ မြန်မာလက်ဖက်ရည် ....

ရွှေဖီဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

(ASEAN-OSHNET AWARD) ချီး BEST Practices Award ရရှိသည့် ရွှေဖီဦး




ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၃၀၈၆၀၆၅၅၊ ၀၉ ၄၂၀၂၀၉၄၃၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း။ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊စဉ့်ကိုင်မြို့နယ်၊အထက-ပလိပ်၊ Grade-8 တွင် ပညာသင်ကြားနေသော မလင်းလပြည့်အိမ်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးစန်းဝင်းထွန်း** ဖြစ်ပါကြောင်း။

ဦးစန်းဝင်းထွန်း(၉/စကတ(နိုင်)၀၈၁၀၃၁)

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊စဉ့်ကိုင်မြို့နယ်၊အထက-ပလိပ်၊ Grade-8 တွင် ပညာသင်ကြားနေသော မောင်အောင်မြင့်စိုး၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးကြည်စိုးဝင်း** ဖြစ်ပါကြောင်း။

ဦးကြည်စိုးဝင်း(၉/စကတ(နိုင်)၁၄၇၈၃၆)

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ အထက ပလစ-၂ ကျောင်းတွင် တာဝန်ထမ်းဆောင်နေသော (ဘ) ဦးစံဝင်း၏သမီး **ဒေါ်နှင်းနုဝေ (ခ) ဒေါ်တင်တင်ဝင်း**(အကြီးတန်းစာရေး)မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်နှင်းနုဝေ (ခ) ဒေါ်တင်တင်ဝင်း
(၁/ဗမန(နိုင်)၀၅၈၉၇၆)

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ အထက-ပလိပ်၊ Grade-5 တွင် ပညာသင်ကြားနေသော မောင်အောင်ထက်လွင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးကျော်ကျော်လွင်** ဖြစ်ပါကြောင်း။

ဦးကျော်ကျော်လွင်(၉/စကတ(နိုင်) ၀၇၀၄၅၄

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ ဂုဏ်ရွာအခြေခံပညာအထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မမေခင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးမြင့်လွင်** ဖြစ်ပါကြောင်း။

ဦးမြင့်လွင်(၉/ဝတန(နိုင်)၁၅၂၀၀၃)

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ဇေယျာသီရိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ Grade-5 တွင် ပညာသင်ကြားခဲ့သော မဆုလပြည့်နှင်း ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးမျိုးဝင်းသန့်** ဖြစ်ပါကြောင်း။

ဦးမျိုးဝင်းသန့်(၉/မနတ(နိုင်)၀၀၁၄၉၁)

## အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦး ဘုန်းတော်ကြီးသင် ပညာရေးအထက်တန်းကျောင်း၊ Grade-1 တွင် ပညာသင်ကြားခဲ့သော (ဘ) ဦးမျိုးသူ၏သမီး မယွန်းဒြာချယ်၏အမည်မှန်မှာ **မယွန်းသဒ္ဒါချယ်** ဖြစ်ပါကြောင်း။

မယွန်းသဒ္ဒါချယ်

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်၊ ကားဆိပ်ရပ်နေ ဦးလေးသောင်း၏သမီး **ဒေါ်ကြင်နု (ခ) ဒေါ်ကျင်နု**(၉/စကတ(နိုင်)၀၃၅၈၇၃)မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ကြင်နု (ခ) ဒေါ်ကျင်နု**
၉/စကတ(နိုင်)၀၃၅၈၇၃

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ အထက (၁)၊ Grade-4 တွင် ပညာသင်ကြားနေသော ကျောင်းဝင်အမှတ်-၁၂၈၉၊ မကြည်ဖြူခိုင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးတင့်ခိုင်** ဖြစ်ပါကြောင်း။

ဦးတင့်ခိုင်
(၉/ပဥလ(နိုင်)၀၀၈၂၀၃)

## ပျောက်ဆုံးကြောင်း

တောင်သာမြို့နယ်၊ ကုန်းပုထိုးရွာနေ မကေသီအောင် (ဘ) ဦးမောင်ကျော် (၉/တသန(နိုင်)၁၈၇၃၄၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

09-256279657

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ အထက(ခွဲ)ကြက်မျှားကျောင်း၊ Grade-6(B)တွင် ပညာသင်ကြားနေသော မောင်ဘုန်းသက်ပိုင်၏ဖခင်အမည်မှန်မှာ **ဦးမြခိုင်ဦး**နှင့် **ဦးမြခိုင်**မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမြခိုင်ဦး (ခ) ဦးမြခိုင်(၉/စကတ(နိုင်) ၀၆၂၆၅၉)

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ အထက(ခွဲ)ကြက်မျှားကျောင်း၊ Grade-9 တွင် ပညာသင်ကြားနေသော မောင်ဟန်ထက်စော၏ ဖခင်အမည်မှန်မှာ **ဦးသိန်းစိုး** နှင့် **ဦးသန်းစိုး**မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးသိန်းစိုး (ခ) ဦးသန်းစိုး ၈/စလန(နိုင်)၀၅၅၀၀၀)

## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ မြစ်ငယ်မြို့၊အထက၊ Grade-6 တွင် ပညာသင်ကြားနေသော မောင်မိုးဝေအောင်၏ဖခင်အမည်မှန်မှာ **ဦးကျော်အောင်** ဖြစ်ပါကြောင်း၊ မောင်မိုးဝေအောင်၏ မွေးသက္ကရာဇ်အမှန်မှာ **၃၀-၉-၂၀၁၁** ဖြစ်ပါကြောင်း။

ဦးကျော်အောင်
မောင်မိုးဝေအောင်၊ ၃၀-၉-၂၀၁၁

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊ အမှတ်(၂၃) အောင်မြေဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ Grade-1တွင် ပညာသင်ကြားခဲ့သော မောင်လင်းဘုန်းအံ့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးနေလင်းဗိုလ်ဗိုလ်** ဖြစ်ပါကြောင်း။

ဦးနေလင်းဗိုလ်ဗိုလ်(၅/ရဥန(နိုင်)၀၆၄၄၃၃)


သင့်သွေးဖြင့် အသက်ကယ်ပါ

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။

အဖိုးတန် ရေချိုကို ချွေတာပါ

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီအစည်းအဝေး ကျင်းပ





နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၂၆**

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတ ရုံးတော် အစည်းအဝေးခန်းမ၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါအစည်းအဝေးသို့နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတနှင့်အတူ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဒုတိယသမ္မတ ဦးညိုစောနှင့် ဒုတိယသမ္မတဒေါ်နန်းနီနီအေး၊တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊

စာမျက်နှာ ၁၈ ကော်လံ ၁☆

# အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားများ ကျင်းပ တောင်ကြီးမြို့၊ ရန်ကုန်မြို့၊ မန္တလေးမြို့တို့တွင် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများမီးရှို့၊ မြေမြှုပ်ဖျက်ဆီး



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများကို ကြည့်ရှုစဉ်။

**နေပြည်တော် ဇွန် ၂၆**

၂၀၂၆ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို နေပြည်တော်ကောင်စီနယ်မြေ၊တိုင်းဒေသကြီး၊ပြည်နယ်များတွင်ကျင်းပခဲ့ပြီး တောင်ကြီးမြို့၊ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် တစ်နှစ်တာကာလအတွင်း ဖမ်းဆီးရမိမူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများဖျက်ဆီးခြင်းကို တစ်ပြိုင်တည်းကျင်းပကြကာ စာပေ၊ ဂီတပြိုင်ပွဲများတွင် ဆုရရှိသူများကို ဆုများချီးမြှင့်ကြသည်။

ယနေ့ကျရောက်သည့် ၃၉ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်

စာမျက်နှာ ၂၄ ကော်လံ ၁❖

## ထူးခြားသည့် နေ့အပူချိန်များ

(၂၆-၆-၂၀၂၆)

| | |
|---|---|
| မြင်းမူ | ၃၈ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၇ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၇ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၇ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၇ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၇ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၃၇ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၆ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူ | ၃၆ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |
| ခန္တီး | ၃၆ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |

# ရွှေဘိုမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စုစုပေါင်း ၁၀၂၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်

**ရွှေဘို ဇွန် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စုစုပေါင်း ၁၀၂၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုမြို့နယ်တွင် အစေ့ထုတ်ပြောင်းဧက ၄၀၀နှင့်ဖူးစားပြောင်း ၂၄၄၁ ဧက စုစုပေါင်း ၂၈၄၁ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ၁၂၉ ဧကနှင့် ဖူးစားပြောင်း ၈၉၇ ဧက စုစုပေါင်း ၁၀၂၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း

စာမျက်နှာ ၂၁ ကော်လံ ၁ ❍

